BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

ရီးကြီး သတင်းစာ

The Lightning Newsletter

(၁၅-၁-၉၉)ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃ဖဲ့ ခုနှစ် * ခရစ်နှစ် ၂၀၀၁ ခုနှစ် | အမှတ် (၂၅)

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို

အမေရိကန်လွှတ်တော်နှစ်ရပ်ပေါင်းရှေ့မှောက်တွင် မိန့်ခွန်းပြောကြားရန် ဖိတ်ကြားမည်ဟုသိရ

ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးနိုဗယ်ဆုရရှိခဲ့သည့် (၁၀)နှစ်ပြည့်မြောက်ခြင်းကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးထောပနာပြုရန် အဆိုတင်သွင်းခြင်းတရပ်ကို အမေရိကန်နိုင်ငံ အောက်လွှတ်တော် ၏ (၁၀၇)ကြိမ်မြောက်အစည်းအဝေးပွဲကို နိုဝင်ဘာ(၁)ရက်နေ့တွင် ပြုလုပ်ခဲ့ကြသည်။

ထိုအစည်းအဝေးပွဲတွင် မြန်မာနိုင်ငံ၌ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုမှ ဒီမိုကရေစီရေးတောင်းဆိုခဲ့ကြပုံများ၊ နအဖက ရွေးကောက်ပွဲရလဒ်ကိုလျစ်လျူရှု၍ NLD ပါတီဝင်များအပေါ် အမျိုးမျိုးဖိနှိပ်ချုပ်ချယ်၍ ထောင်သွင်းအကျဉ်းချနှိပ်စက်သတ်ဖြတ်ကြပုံများ၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ခြိမ်းခြောက်မှုမျိုးစုံဖြင့် လွတ်လပ်ခွင့်များ ပိတ်ပင်ဟန့်တားထားမှုများကို တင်ပြခဲ့ကြသည်ဟု သိရသည်။

ထို့အပြင် စစ်အုပ်စု၏ အဓမ္မလုပ်အားခိုင်းစေမှုများ၊ ပေါ်တာဆွဲမှုများနှင့် နိုင်ငံသားထောင်ပေါင်းများစွာ ထိုင်းနိုင်ငံဘက် ထွက်ပြေးပြီး စက်ရုံအလုပ်သမားများ၊ အိမ်ဖော်များ၊ ပြည်တန်ဆာများအဖြစ် လုပ်ကိုင်နေရခြင်းအပေါ် စစ်အုပ်စုအနေဖြင့် မျက်ကွယ်ပြုနေမှု၊ မူးယစ်ဆေးဝါးမျိုးစုံထုတ်လုပ်နေမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေခြင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထိုအစည်းအဝေးတွင် အမေရိကန်အထက်အောက်လွှတ်တော်နှစ်ရပ်ရှေ့မှောက်၌ ဒေါ်အောင်ဆန်းစုကြည်ကို မိန့်ခွန်းပြောကြားရန်အပြင်၊ မြန်မာပြည်သူများ လူ့အခွင့်အရေး ပိုမိုရရှိနိုင်ရေးနှင့် နိုင်ငံရေးအကျဉ်းသားများ ဆက်လက်လွှတ်ပေးရေးတို့အတွက် အမေရိကန်သမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ကို ဆက်လက်တိုက်တွန်းသွားမည်ဖြစ်ကြောင်း နိုင်ငံတကာ ဆက်ဆံရေးကော်မတီက တင်ပြထားသည်။

အဆိုပါကိစ္စရပ်အား အောက်လွှတ်တော်၌ မဲခွဲအတည်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသော်လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာလာရမည့် ခရီးစဉ်မှာ စစ်အုပ်စုတို့ မြင်တွေ့လိုသည့် အကွက်ကောင်းတခုဖြစ်နေသည့်အတွက် ဗီဒီယိုတိပ်ခွေနှင့်သာ စီစဉ်နိုင်မည်ဟု ယူဆရကြောင်း RFA သတင်းများအရ သိရှိရသည်။ ■

နိုဗယ်ငြိမ်းချမ်းရေးဆု ရာပြည့်အခမ်းအနားအကြို ဒေါ်အောင်ဆန်းစုကြည် နိုဗယ်ဆုရရှိသည့် (၁၀)နှစ်မြောက်အထိမ်းအမှတ် ကမ္ဘာအနှံ့ကျင်းပမည်

ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်များ ပါဝင်သည့် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုတရပ်ကို ဒီဇင်ဘာလ(၈)ရက်နေ့တွင် နော်ဝေနိုင်ငံ၊ အော်စလိုမြို့၌ကျင်းပသွားရန် စီစဉ်နေကြောင်း DVB သတင်းများအရသိရသည်။

ထိုလှုပ်ရှားမှုကို နော်ဝေ ဝန်ကြီးချုပ် မစ္စတာဘိုနာဗစ်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မက်ဒလင်းအော်ဘရိုက်၊ ဖိလစ်ပိုင်သမ္မတဟောင်း ကိုရာဇန်အကွီနိုနှင့် နိုဗယ်ဆုရှင် ဘုန်းတော်ကြီးဒက်စမွန်တူးတူးတို့က ဦးဆောင်သွားမည်ဖြစ်ပြီး၊ ဒီဇင်ဘာ(၁၀)ရက်နေ့တွင် ကျင်းပမည့် နိုဗယ်ဆုပေးပွဲနှစ်(၁၀၀)ရာပြည့် အခမ်းအနားအကြို မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုထောက်ခံပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထောက်ခံပွဲသို့ နိုဗယ်ဆုရှင် (၃၄)ဦးကိုယ်တိုင်တက်ရောက်ရန် စာရင်းပေးထားပြီးဖြစ်ကြောင်း အခမ်းအနားကိုကမကထပြုစီစဉ်နေသူ နော်ဝေအခြေစိုက် PD Burma အဖွဲ့တာဝန်ခံ ထရီနာက ပြောကြားခဲ့သည်။

ထိုလှုပ်ရှားမှုကို နော်ဝေနိုင်ငံအပြင် အမေရိကန်၊ ကနေဒါ၊ ဂျာမဏီ၊ ဖိလစ်ပိုင်အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း (၂၅)နိုင်ငံတို့၌ တပြိုင်နက်တည်း ကျင်းပသွားရန်စီစဉ်ထားပြီး ကမ္ဘာတဝှမ်းရှိ မြန်မာ့ဒီမိုကရေစီအဖွဲ့အစည်းများလည်း ပါဝင်လှုပ်ရှားကြမည်ဟုသိရသည်။

ထို့အတူ ဂျပန်နိုင်ငံတွင်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ရည်ရွယ်ကာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အထိမ်းအမှတ်ပွဲကို ဒီဇင်ဘာ(၈)ရက်နေ့နှင့် (၉)ရက်နေ့များတွင်ကျင်းပသွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံခေါင်းဆောင်များအပါအဝင် သံတမန်အသိုင်းအဝိုင်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များတက်ရောက်ကြမည်ဟုသိရသည်။

ယခုနှစ်အတွက် နိုဗယ်ဆုပေးပွဲကို ဒီဇင်ဘာ (၁၀)ရက်နေ့၌ ကျင်းပမည်ဖြစ်ရာ သက်ရှိထင်ရှားရှိသော နိုဗယ်ဆုရှင်အားလုံးကို အော်စလိုမြို့သို့လာရောက်ရန် ဖိတ်ကြားထားသော်လည်း နေအိမ်အကျယ်ချုပ်ကျခံနေရဆဲဖြစ်သည့် မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တဦးသာ တက်ရောက်နိုင်မည်မဟုတ်ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသွားသည်။ ■

အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် ပိုမိုတိုးတက်လာရေး

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ ဆက်လက်လွှတ်ပေးရန် ကိုဖီအာနန်တောင်းဆို



မစ္စတာ ကိုဖီအာနန်

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန်က မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ ပိုမိုခိုင်မာလာစေရန် နအဖအနေနှင့် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်လွှတ်ပေးရန် နိုဝင်ဘာ(၅)ရက်နေ့က ထပ်မံတောင်းဆိုလိုက်ကြောင်း AFP သတင်းတွင် ဖော်ပြပါရှိသည်။

ထိုသတင်း၌ ယခုအခါ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်ချက်သည် အရေးကြီးသည့်လမ်းဆုံသို့ရောက်နေကြောင်း၊ ဆွေးနွေးပွဲ၏အခြေအနေမှာလည်း ယုံကြည်မှုတည်ဆောက်နေသည့် အဆင့်သို့ ရောက်နေကြောင်း၊ ဒီမိုကရေစီရေး ဆောင်ရွက်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါဝင်လှုပ်ရှားမှုအခွင့်အလမ်းများ ပိုမိုပေးရန်လိုအပ်နေကြောင်းဖြင့် ရာဇာလီအစ္စမေး၏ အောက်တိုဘာ (၂၄) ရက်နေ့ အစီရင်ခံစာကို အခြေခံ၍ ပြောကြားလိုက်သည်။

ကိုဖီအာနန်က မြန်မာနိုင်ငံအကျဉ်းထောင်များမှ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်လွှတ်ပေးရန် တိုက်တွန်းခဲ့ပြီး တရားဝင်နိုင်ငံရေးပါတီများကိုလည်း လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်များ အမြန်ဆုံးခွင့်ပြုရန် စစ်အုပ်စုကို ထပ်လောင်းပြောဆိုခဲ့သည်။ ၎င်းက ဆက်လက်ပြောကြားရာတွင် နေအိမ်အကျယ်ချုပ်နှင့် ထိန်းသိမ်းခံနေရဆဲဖြစ်သော ဒေါ်အောင်ဆန်းစုကြည်အတွက် စိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခု ဆွေးနွေးပွဲ၏ရလဒ်အနေနှင့် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံအတွင်း လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုရန်လည်း မျှော်လင့်မိပါကြောင်း၊ နိုင်ငံရေးအခြေအနေ ပြောင်းလဲမှုအရှိန်အဟုန်ကို ဆက်လက်တိုးတက်ဖွံ့ဖြိုးလာရန် ရည်ရွယ်ကြောင်း၊ စစ်အုပ်စုနှင့် အဲန်အယ်ဒီခေါင်းဆောင်များအကြား အခြေခံနားလည်မှုမှာ အမြစ်တွယ်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးများအရ ကုလသမဂ္ဂအဖွဲ့ကြီးအနေနှင့် မြန်မာနိုင်ငံသားများ လုပ်မှုရေးခံစားခွင့်များ ရရှိနိုင်ကြစေရန် အစဉ်အမြဲ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း .... ထည့်သွင်းပြောကြားသွားခဲ့သည်။ ■

နိုဗယ်ငြိမ်းချမ်းရေးဆု နှစ်၁၀၀ ပြည့် အထိမ်းအမှတ် ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံပါ တံဆိပ်ခေါင်း

၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာ (၁၀) ရက်နေ့တွင် နိုဗယ်ငြိမ်းချမ်းရေးဆု နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို နော်ဝေနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

မင်းဆိုးကို မိုးကြီး ပစ်ပြီ

အယ်ဒီတာ့အာဘော

လူမှုအထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြ

သက္ကရာဇ် ၂၀၀၁၊ အောက်တိုဘာလ(၃၁)ရက်နေ့ နေ့စွဲဖြင့် ဗဟိုလူမှုအထောက်အကူပြုအဖွဲ့ကို ဥက္ကဋ္ဌဦးတင်ဦး၊ ဒု–ဥက္ကဋ္ဌ ဦးအုန်းမြင့်တို့ခေါင်းဆောင်သော အဖွဲ့ဝင်(၂၂)ဦးပါဝင်သည့်အဖွဲ့ကို ဒေါ်အောင်ဆန်းစုကြည်မှ လက်မှတ်ရေးထိုး ထုတ်ပြန်၍ ဖွဲ့စည်းခဲ့ပါသည်။ NLD ၏စည်းရုံးညီညွတ်ရေးလုပ်ရှားမှု အရှိန်မြင့်တင်ရေးနှင့် စည်းရုံးရေး ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်သည်ဟုသိရှိရသည်။ အထူးသဖြင့် အကျဉ်းကျနေသော အဖွဲ့ဝင်များကို ကူညီပံ့ပိုးသည့်အဆင့်မှ ၎င်းမိသားစုများ ပြန်လည်ထူထောင်ရေးနှင့် အခြားအဖွဲ့ဝင်များအားလည်း သင့်လျော်သလို ထောက်ပံ့ရေးပုံစံသို့ပြောင်းရန် စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ဗဟို၊ ပြည်နယ်/တိုင်းနှင့် မြို့နယ်အဆင့် အထောက်အကူပြု အဖွဲ့များကို ရည်ရွယ်ချက်(၄)ရပ်နှင့် လုပ်ထုံးလုပ်နည်း(၁၂)ရပ်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားထားသည်ကိုလည်း တွေ့မြင်ရပေသည်။

နိုင်ငံရေးအကျဉ်းသားများအား ကျောသားရင်သားမခွဲခြားဘဲ ကူညီထောက်ပံ့ယုံသာမက သက်ဆိုင်ရာမိသားစုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်မည်ဟု သိရှိရသည့်အတွက် ကြိုဆိုအပ်ပေသည်။ ပြီးခဲ့သည့် ဇန်နဝါရီလမှစ၍ NLD အဖွဲ့ဝင် (၁၈ဖ)ယောက်ကို လွှတ်ပေးလင့်ကစား ကျန်ရှိနေသေးသော အကျဉ်းသား(၁၅၀၀)တွင် MP (၁၇)ဦးအပါအဝင် NLD (၈၁၀)ဦးသည် အကျဉ်းထောင်များအတွင်း ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံနေရဆဲဖြစ်သည်။ (နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့၏ စာရင်းများအရ အဖမ်းခံနေရဆဲအကျဉ်းသား (၁၈၇၅)ဦး ရှိနေပြီး NLD အဖွဲ့ဝင် (၁၀၀၀)ခန့်ရှိနေသည်ဟုဆို၏။) အချို့ အကျဉ်းသားများမှာ နှစ်ပေါင်း(၂၀)နီးပါးခန့် အကျဉ်းကျနေသော်လည်း ပြင်ပမှ ဆွေမျိုးသားချင်းများ ထောင်ဝင်စာ မလာနိုင်ကြကြောင်း ကြေကွဲဖွယ်ကြားသိရ၏။ ထိုအကျဉ်းသားများထဲတွင် ကရင်၊ ရခိုင်စသည့် လူမျိုးစုံပြည်သူများပါဝင်နေပြီး ၎င်းတို့အခြေအနေမှာ အင်မတန်ဆိုးဝါးနေကြောင်း သိရှိရပေသည်။

လူမှုအထောက်အကူပြုအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်းသည် တော်လှန်ရေး အောင်မြင်ရေး၏ အာမခံချက်ဖြစ်သော တော်လှန်ရေးသမားချင်း စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ ရဲဘော်ရဲဘက်စိတ်ဓာတ်ထားရှိမှုတည်းဟူသော ကောင်းမြတ်သည့်အဂၢါရပ်များကို ကြီးစွာ အထောက်အကူပြုပါသည်။ ၁၉၉၅ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်မှ လွတ်မြောက်လာစဉ်ကာလကပင် "ထောင်ထဲမှာရှိတဲ့သူတွေအတွက် ကျမ အတတ်နိုင်ဆုံး အကူအညီအထောက်အပံ့တွေ လုပ်ရမှာပဲ"ဟု ပြောခဲ့ဖူးသည်။ ယခု ဆက်လုပ်နေသည်မှာပင် ယင်း၏အဆက်ဖြစ်သည်။ ၁၉၈၅ ခုနှစ်ဝန်းကျင်ကပင် ဒေါ်အောင်ဆန်းစုကြည်သည် ယခုဖွဲ့စည်းခဲ့သည့် လူမှုအထောက်အကူပြုလုပ်ငန်းပုံစံမျိုး၊ အထူးသဖြင့် ပညာရေးနှင့် ပတ်သက်၍ လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ပြည်သူ့ပြည်သားများအား ရင်ဝယ်သားသဖွယ် သနားချစ်ခင်၍ ပြည်သူ့တို့၏လိုအပ်ချက်ကို ဖြည့်စွမ်းလိုသော လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်စီစဉ်သည့် လူမှုအထောက်အကူပြု အဖွဲ့များ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အမျိုးသားရေးတာဝန်တရပ်သဖွယ် ပြည်သူလူထုတရပ်လုံးမှ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပေသည်။ ■

ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု (၄)

၁၅၊ ၃၊ ၂၀၀၁ နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် "လူငယ်ပညာပေးဟောပြောပွဲ"အစီအစဉ်မှ ဦးလွင်ဟောပြောခဲ့သည့် "ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု" (Globalization) ဟောပြောချက် အပိုင်း (၄) ဖြစ်ပါသည်။

အတွင်းရေးမှူး ဦးလွင်

အဲဒီ Microchip ရဲ့ စွမ်းအားဟာ ယနေ့ Globalization ဆိုပြီး လူတိုင်း တုန်လှုပ်သွားအောင်၊ သိသွားအောင် လုပ်လိုက်တာပဲ။

Receiver နဲ့ Transmitter မတူဘူး ဆိုတာ ကျွန်တော်တို့ သိထားဖို့လိုတယ်။ ဒီ အခြေခံတွေသိမှ နောက်ဖြစ်ပေါ်လာမယ့် Computer ကွန်ပြူတာ၊ E.mail အီးမေးလ်၊ Website တို့ဆိုတာ သိမှာဖြစ်ပါတယ်။ နည်းပညာတွေ ဘယ်လို တိုးတက်ပြောင်းလဲလာသလဲဆိုတာ သိထားဖို့ လိုအပ်ပါတယ်။

ဒီကနေ့ဖြစ်ပေါ်လာတဲ့ Microchip ဆိုတဲ့ Circuit လေးတွေပေါ်လာတယ်။ အရင်ကရေဒီယိုတလုံးဆင်ဖို့ဆိုရင် တပေပတ်လည်လောက် ခုံလိုတယ်။ အဲဒီခုံမှာ Semi conductor လို့ခေါ်တဲ့ တပိုင်လျှပ်ကူးပစ္စည်း ရှိတယ်။ သူကဓါတ်လည်းမလိုက်ဘူး။ ဓါတ်အားလဲ သွားလို့ရတယ်။ ဓါတ်အားကို ကန့်သတ်လို့လဲရတယ်။ ဥပမာ–အလူမိနီယံတို့၊ ဘာတို့ပေါ်မှာ Transistor မပေါ်ခင်က Bulb (မီးသီး)ရှိတယ်။ မီးသီးက ဘယ်လောက်ရှိသလဲဆိုရင် အချင်းကတလက်မခွဲခန့်၊ အမြင့်က (၃–၄)လက်မခန့် ရှိတယ်။ အဲဒါတွေကို ဆင်ရတယ်။ အဲဒီတော့ တပေပတ်လည်လောက်ရှိတဲ့ ခုံပေါ်မှာ မီးသီး(၅)လုံးပါတဲ့ Receiver တလုံး၊ ရေဒီယိုတလုံးရတယ်။ မီးသီးဆီကို စီးလာတဲ့ ဓါတ်အားဟာ AC ဖြစ်ပါတယ်။ ရေဒီယိုမှာ စီးနေတဲ့ Current (လျှပ်စီးကြောင်း) က DC. Rectifier က လျှပ်စစ်ကို AC ကနေ DC ဖြစ်အောင် ပြုလုပ်ပေးတယ်။ ပြီးတော့မှ Demodulate လုပ်တယ်။ ဒီလိုလုပ်တဲ့အခါမှာ မီးသီး Transistor/ Capicitor/ Conden -sor (ကွန်ဒင်ဆာ) တွေလိုတယ်။ ဝါယာကြိုးလေးတွေနဲ့ သွယ်ရတယ်။ Printed Circuit (PC) / Transistor/ Quartz ဆိုတဲ့ ပစ္စည်းတွေ ပေါ်လာတဲ့အခါကျတော့ space နေရာက လေးပုံသုံးပုံလောက် လျော့ကျသွားတယ်။ Circuit ကလဲ အလူမိနီယံပြား မဟုတ်တော့ဘူး။ ကြေးပြား Copper ဖြစ်လာတယ်။ ကြေးပြားပေါ်မှာ ဝါယာကြိုးတွေ သွယ်တန်းထားတာ မဟုတ်တော့ဘူး။ ကြေးပြားပေါ်မှာ ကြိုးတွေ သွယ်ချင်တဲ့နေရာကို ဒီဇိုင်းအတိုင်း ပစ္စည်းတခုခုနဲ့ စုတ်တံနဲ့ဖြစ်ဖြစ် ခြစ်လိုက်တယ်။ ခြစ်လိုက်ပြီးနောက် ကြေးပြားကို ဖယောင်းရည်ထဲ စိမ်လိုက်လို့ရှိရင် ခုနကခြစ်ထားတဲ့ နေရာတွေဟာ ဝါယာကြိုးသွယ်ထားတဲ့အတိုင်း ဖြစ်သွားတယ်။ အဲဒီအပေါ်မှာ အပေါက်ကလေးတွေ ဖောက်ပြီးတော့ Transistor တို့ Quartz တို့လိုက်စိုက်တယ်။ ဟိုတုန်းက တပေပတ်လည်လောက်ရှိတဲ့ဟာ ခု သုံးလက်မပတ်လည် Circuit ဖြစ်လာတယ်။ ဒီခေတ်ကို ကျော်လွှားပြီးတော့မှ Microchip ကို ရောက်တယ်။ Micr -ochip ခေတ်ကိုရောက်လာတော့ တပေပတ်လည်ကနေ ၃ လက်မပတ်လည်၊ ၃ လက်မပတ်လည်ကနေ လက်သည်းခွံလောက်သာရှိတဲ့ Microchip တွေဖြစ်လာတယ်။ လက်ပတ်နာရီလောက်သာရှိတဲ့ Recoder အသံဖမ်းစက်ကလေးတွေဖြစ်သွားတယ်။ အဲဒီ Microchip ရဲ့စွမ်းအားဟာ ယနေ့ Globalization ဆိုပြီး လူတိုင်း တုန်လှုပ်သွားအောင်၊ သိသွားအောင် လုပ်လိုက်တာပဲ။

ဒီကနေ့ Microchip ကနေပြီးတော့ ဒုက္ခပေးတာပဲဆိုဆို၊ တုန်လှုပ်လိုက်တယ်ပဲဆိုဆို Microchip ကြောင့် ဒီကမ္ဘာကြီး ပြောင်းလဲသွားတာကို ခုခံနိုင်စွမ်းအားမရှိလို့ ရောဂါတခုအနေနဲ့ သဘောထားပြီး တင်စားပြောတာရှိတယ်။ Microchip Immune Deficiency Syndrome (MIDS) ခေါ်တယ်။ ခပ်တိုတိုပြောရရင် Microchip ကပေးတဲ့ အရှိန်အဟုန်ကို မခံနိုင်ဘူး။ Microchip လာမှာကို ကြောက်တယ်။ Microchip အရှိန်အဟုန်ကိုမခံနိုင်ရင်၊ ကြောက်ရင် ကုမ္ပဏီလည်းပြတ်နိုင်တယ်။ အစိုးရလည်း ဒုက္ခဖြစ်နိုင်တယ်။ Electronic နဲ့ ပတ်သက်လာတဲ့ ပစ္စည်းတွေဟာ အဆမတန် တိုးတက်များပြားလာမှာပဲ။ ဒါကို Electric Herds အီလက်ထရောနစ် နွားအုပ်ကြီးလို့ တောင် တင်စားပြောကြတယ်။

ကျွန်တော့် အတွေ့အကြုံတခု သတိရပါတယ်။ ၁၉၇၂–၇၃ လောက်က ကျွန်တော် ဂျပန်ပြည်ကို သွားခွင့်ရတယ်။ ဂျပန်ရောက်တော့ မာဇဒါ Mazda ကားထုတ်တဲ့ကုမ္ပဏီကို အချိန်ယူပြီးလေ့လာတယ်။ ကားဘော်ဒီဆေးသုတ်တဲ့နေရာမှာ ကားဘော်ဒီအသစ်တွေဟာ Conveyor Belt ပေါ်မှာ တန်းစီပြီး ထွက်လာတယ်။ ဘေးနှစ်ဖက်ကနေ လူမပါဘဲ အလိုအလျောက် ဆေးမှုတ်စက်တွေနဲ့ ဆေးမှုတ်တယ်။ ဆေးအဖြူတွေမှုတ်နေရာကနေပြီး ဆေးအနီရောင်ပြောင်းသွားပြန်တယ်။ အနီရောင် လေး၊ ငါး၊ ဆယ်စီးသုတ်ပြီးတော့ အပြာရောင်ပြောင်းသွားပြန်တယ်။ အနီးနားမှာ လူလဲမရှိဘူး။ အဲဒါနဲ့ စက်ရုံမှူးကိုမေးတယ်။ "မင်းတို့ဘယ်လိုလုပ်တာလဲ"ဆိုတော့ ဟိုမှာကြည့်ပါတဲ့။ အပေါ်ကိုကြည့်လိုက်တော့ မီးသီးက အနီ၊ အပြာ၊ အစိမ်း ပြောင်းနေတယ်။ မီးသီးက အနီရောင်ဆိုရင် ကားဘော်ဒီတွေကို ဆေးမှုတ်တာကလည်း အနီရောင်ဖြစ်နေတယ်။ Computer ကနေ အမိန့်ပေးတာတဲ့။ လူက Control လုပ်နေတဲ့ လူတယောက်ပဲရှိတယ်။ ကားဆေးသုတ်တာကို ကားစျေးကွက်နဲ့ ဆက်ထားတယ်။ စျေးကွက်က အပြာရောင်ကြိုက်ရင် အပြာ၊ စျေးကွက်က အဖြူရောင်ကြိုက်ရင် အဖြူရောင်ကို ဆေးသုတ်တယ်။

နောက်တခါ ၁၉၇၄–၇၅ လောက်က ကျွန်တော် ဆွီဒင်ကိုရောက်သွားတယ်။ ဆွီဒင်မှာ တာဘိုင်လေးတွေ ထုတ်လုပ်တဲ့ စက်ရုံရှိတယ်။ စက်ရုံထဲမှာ မိန်းကလေးတွေတန်းစီပြီးတော့ ထိုင်နေတယ်။ တာဘိုင်ရဲ့ အဓိကကျတဲ့ အစိတ်အပိုင်းတွေကို တပ်ဆင်နေကြတယ်။ မိန်းကလေးတွေရဲ့ရှေ့မှာ ခုံကလေးတွေ တန်းစီနေတယ်။ မိန်းကလေးတွေရဲ့ရှေ့က Robot စက်ရုပ်တခု ဖြတ်လာတယ်။ စက်ရုပ်ရဲ့ လက်ပေါ်မှာ စက်ပစ္စည်း အစိတ်အပိုင်းတွေပါတဲ့ ဗန်းတခုရှိတယ်။ ■

ဆက်လက်ဖော်ပြပါမည်

ဒီမိုကရေစီ ရရှိရေးနှင့် အမျိုးသားသွေးစည်းညီညွတ်ရေးသည် လက်ရှိ မြန်မာနိုင်ငံအတွက် အဓိကလိုအပ်နေသောအရာဖြစ်သည်။

BiNA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။
အယ်ဒီတာ
ဦးလွန်း၊ ဟောင်ဖေသက်နိုး
P.O. Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောနိုင်းနိုင်းအပါအဝင် NLD ပါတီဝင်(၅)ဦး အထူးအယူခံလွှာတင်သွင်း

ဦးစောနိုင်းနိုင်း
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဖျာပုံနီလုံဦး
ကဗျာဆရာ

မုံရွာအောင်ရှင်
ကဗျာဆရာ

လွန်ခဲ့သောသီတင်းပတ်အတွင်း ရန်ကုန်တိုင်းတရားရုံးက ပုဇွန်တောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောနိုင်းနိုင်းနှင့် အခြား NLD အဖွဲ့ဝင်(၄)ဦးတို့ကို နအဖ စစ်အကျဉ်းထောင်များ၌ နှစ်ရှည်ထောင်ဒဏ် ချမှတ်လိုက်သည့်အမှုနှင့်ပတ်သက်၍ ၎င်းတို့က တရားရုံးသို့ အထူးအယူခံလွှာတင်သွင်းထားကြောင်း နိုဝင်ဘာလ (၅)ရက်နေ့တွင် RFA သတင်းဌာနက ထုတ်လွှင့်ခဲ့သည်။

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောနိုင်းနိုင်းနှင့်အတူ ဦးထွန်းမြင့်၊ ဦးစိုးဟန်၊ ကဗျာဆရာ ဖျာပုံလုံနီဦး၊ ကဗျာဆရာ မုံရွာအောင်ရှင်တို့ကို နအဖစစ်အုပ်စုက ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံချက် အက်ဥပဒေ၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဥပဒေတို့နှင့် ငြိစွန်းကြောင်းစွပ်စွဲ၍ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်းက ထောင်ဒဏ် (၂၁)နှစ်စီချမှတ်ခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သူ ဦးစောနိုင်းနိုင်းမှာ လွှတ်တော်ခေါ်ယူရေး ကိစ္စတွင် ပါဝင်ပတ်သက်မှုနှင့် စစ်အုပ်စုက ပြစ်ဒဏ် (၈)နှစ် စီရင်ချမှတ်ခြင်း ခံခဲ့ရသူတဦးဖြစ်ပြီး ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလကမှ ပြန်လည်လွတ်မြောက်လာသူဖြစ်ကြောင်း သတင်းခ္ခ ဖော်ပြပါရှိသည်။ အဆိုပါ အထူးအယူခံလွှာများ တင်သွင်းထားခြင်းနှင့်ပတ်သက်၍ RFA က ရန်ကုန်မြို့ရှိ ရွှေနေ ဦးအောင်သိန်းအားဆက်သွယ်မေးမြန်းခဲ့ရာတွင် အဆိုပါ ပုဂ္ဂိုလ် (၅)ဦးတို့၏ ပထမအယူခံလျှောက်ထားချက်များကို တရားရုံးချုပ်က ပယ်ချခဲ့သဖြင့် ယခုကဲ့သို့ အထူးအယူခံလွှာများ တင်သွင်းရခြင်းဖြစ်ကြောင်း၊ အထူးအယူခံလွှာဆိုသည်မှာ အမြင့်ဆုံးအဆင့်သို့ တက်ရောက်အယူခံခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။ ဆက်လက်၍ ၎င်းက ပြောကြားခဲ့ရာတွင် ထိုကဲ့သို့ အထူးအယူခံလွှာများတင်သွင်းခြင်းအပေါ် ရရှိလာမည့်အခြေအနေများ သိတင်းနှစ်ပတ်၊ သုံးပတ်ခန့် ကြာမြင့်နိုင်ကြောင်း၊ ကဗျာဆရာ မုံရွာအောင်ရှင်၏ ရွှေနေအဖြစ် သူကိုယ်တိုင် ဆောင်ရွက်မည်ဖြစ်ပြီး ဖျာပုံနီလုံဦး၏ ရွှေနေအဖြစ် ဦးခင်မောင်အေး၊ ဦးထွန်းမြင့်၏ ရွှေနေအဖြစ် ဦးမြင့်သောင်း၊ ဦးစိုးဟန်၏ ရွှေနေအဖြစ် ဦးကြည်ဝင်းနှင့် ဦးစောနိုင်းနိုင်း၏ ရွှေနေအဖြစ် ဦးတင်ဝင်းတို့က လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။ ■

အာဏာရှင်လက်ကိုင်တုတ်ဘဝ တဖြစ်လဲရရှာသည့် စာရေးဆရာမ ဝါရှင်တန်မှာ အရှိုက်ထိုးခံလိုက်ရ

နအဖစစ်အုပ်စုအပေါ်ထားရှိသည့် နိုင်ငံတကာ သဘောထားအမြင်များ ပြောင်းလဲလာရေး ကြိုးပမ်းမှုတရပ်အဖြစ် ယခင်က ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ယူခဲ့ဖူးသူ စာရေးဆရာ၊ ပန်းချီဆရာမ မသိဂီကို စစ်အာဏာပိုင်တို့၏ ဝါဒဖြန့်ချိရေး အကျိုးဆောင်လုပ်ငန်းများပြုလုပ်နိုင်ရန် အမေရိကန်ပြည်ထောင်စုသို့ စေလွှတ်ပြီး ဟောပြောပွဲတရပ်ပြုလုပ်စေခဲ့ကြောင်း နိုဝင်ဘာလ (၁)ရက်နေ့တွင်ထုတ်လွှင့်သွားသည့် RFA သတင်းများ၏အရ သိရှိရသည်။

ထိုခရီးစဉ်၌ စာရေးဆရာမ မသိဂီသည် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့၌ အောက်တိုဘာလနှောင်းပိုင်းတွင် ဟောပြောပွဲတရပ်ပြုလုပ်ခဲ့ရာ ၎င်းက အမေရိကန်နှင့် အနောက်နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် ပြစ်ဒဏ်ခတ်အရေးယူမှုများသည် မှားယွင်းကြောင်း၊ အနောက်နိုင်ငံများအနေနှင့် မြန်မာ့ယဉ်ကျေးမှုကို သိရှိနားလည်နိုင်ရန် ကြိုးစားသင့်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သဖြင့် တက်ရောက်လာကြသည့် မြန်မာ့ဒီမိုကရေစီရေး ကြိုးပမ်းသူများထဲမှ ၎င်းနှင့်အတူ အင်းစိန်ထောင်အတွင်းနေခဲ့ဖူးသူ မြန်မာကျောင်းသူတဦးက "လူထုကိုအတင်းအကြပ်ဆင့်ခေါ်ပြီး ဘယ်နေရာမှာ ဘယ်လောက်ကြာမှန်းမသိ အဓမ္မလုပ်အားပေးခိုင်းစေတာမျိုးကရော မြန်မာ့ယဉ်ကျေးမှုပါလား"ဟု မေးမြန်းခဲ့ရာ စစ်အုပ်စု၏ လက်ကိုင်တုတ်တဖြစ်လဲဘဝ ရောက်ခဲ့ရှာသူ မသိဂီမှာ အရှိုက်ထိုးခံလိုက်ရသကဲ့သို့ မရှုနိုင်မကယ်နိုင် ဖြစ်သွားခဲ့ရကြောင်း အဆိုပါသတင်းက ဖော်ပြသွားသည်။

မသိဂီသည် ယခင်က ဒေါ်အောင်ဆန်းစုကြည်၏ ရဲရဲတောက် ကိုယ်ရေးအရာရှိတဦးအဖြစ် တာဝန်ယူခဲ့ပြီး၊ စစ်အုပ်စု၏ အကျဉ်းချခြင်းကို ခံခဲ့ရသူဖြစ်သည်။ ထောင်ကထွက်လာပြီးနောက် ၎င်းသည် ဒေါ်အောင်ဆန်းစုကြည်ကို ဆန့်ကျင်သူတယောက်ဖြစ်သွားခဲ့ပြီး ယခုကဲ့သို့ စစ်အာဏာရှင်များနှင့် ပူးပေါင်း၍ လက်ကိုင်တုတ်ဘဝရောက်ကာ လူထုကို မျက်ကွယ်ပြုသွားခဲ့သူအဖြစ် ကျော်ကြားသူလည်း ဖြစ်သည်။

ထိုကဲ့သို့ လူထုဘက်ကရပ်တည်လာခဲ့ရာမှ အာဏာရှင်တို့၏ လက်ကိုင်တုတ်ဖြစ်ခဲ့ရသူ အတွက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားကြိုးပမ်းနေသူ လူထုကဗျာဆရာကြီးတင်မိုးက ၎င်းအားသုံးသပ်ရာတွင် "လူအများစုက သူ့ကိုတန်ဖိုးထားမှုလျော့ပါးသွားနိုင်တယ်။ သူ့ရဲ့ ရပ်တည်ချက်က အများလူထုဘက်က မဟုတ်ဘဲနဲ့ ဖိနှိပ်သူတွေ၊ အာဏာစိုးပိုင်တဲ့သူတွေ၊ အုံ့ဒီလူတွေရဲ့ အကျိုးစီးပွားအတွက် ရပ်တည်မယ်ဆိုရင်တော့ သူဟာ လူထုဆန့်ကျင်ရေးသမားဖြစ်မှာသေချာတယ်။ လူထုက သူ့ကို လျစ်လျူရှုနိုင်တာပေါ့ဗျာ။ လူထုအလယ်မှာ သူ သိက္ခာကျတယ်။ လူထုကြားမှာ သူ ခေါင်းမဖော်ရဲအောင် ဖြစ်နိုင်တယ်"ဟု ပြောကြားသွားခဲ့ကြောင်း RFA သတင်းဌာန၏ အသံလွှင့်အစီအစဉ်တွင် ဖော်ပြပါရှိသည်။ ■

အီးယူက နအဖစစ်အုပ်စုအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုသက်တမ်း ထပ်မံတိုးမြှင့် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှု ပြန်လည်ရှင်သန်လာသည်အထိ ဆက်လက်ကြိုးပမ်းသွားမည်ဟုဆို

နအဖစစ်အုပ်စု၏ ပြည်သူလူထုအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ သိသာထင်ရှားစွာ ဆက်လက်ကျူးလွန်နေဆဲ ဖြစ်သည့်အတွက် ဥရောပနိုင်ငံများအဖွဲ့က ချမှတ်ကျင့်သုံးနေသည့် ဖိအားပေးအရေးယူမှုများ နောက်ထပ်(၆)လ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း အောက်တိုဘာ(၃) ရက်နေ့တွင် AFP သတင်းဌာနက ဖော်ပြခဲ့သည်။

ဥရောပနိုင်ငံများအဖွဲ့က နအဖစစ်အုပ်စုအပေါ် ဖိအားပေးအရေးယူမှုများ (၆)လတကြိမ် ပြန်လည်စိစစ်မှုတွင် နအဖအနေနှင့် နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်ဆိုင်းသွားသည်အထိ အဆိုပါဆုံးဖြတ်ချက်အတိုင်း ပြုမှုသွားမည်ဟု လူဇင်ဘတ်နိုင်ငံတွင် စက်တင်ဘာလကုန်ပိုင်းက ကျင်းပခဲ့သည့် ဥရောပနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ယခုဆုံးဖြတ်ချက်သည် ၂၀၀၂ခုနှစ်အထိ အကြိုးဝင်မည်ဖြစ်ပြီး နအဖစစ်အုပ်စု အဖွဲ့ဝင် ခေါင်းဆောင်များအား ဥရောပနိုင်ငံများသို့ ပြည်ဝင်ခွင့်မပေးရေး၊ ဥရောပနိုင်ငံများမှ လက်နက်များ မရောင်းချရေးနှင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ကန့်သတ်ထားရေးအချက်များ ဆက်လက်တည်တန့်နေမည် ဖြစ်သည်။

သို့ရာတွင် နအဖစစ်အုပ်စု ထိပ်ပိုင်းခေါင်းဆောင်များအပေါ် ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်ထားမှုနှင့်ပတ်သက်၍ အီးယူ၏ ထုတ်ပြန်ချက်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၏ ဝတ္တရားများအရ မိမိတို့ အီးယူနိုင်ငံများတွင် ကုလသမဂ္ဂညီလာခံများ ကျင်းပသည့်အခါ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံကိုလည်း ထည့်သွင်းစဉ်းစားပြီး ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်ဟုသိရသည်။ ထို့ပြင် ၂၀၀၂ ခုနှစ်တွင် ဥရောပ၌ကျင်းပမည့် အီးယူ–အာဆီယံဝန်ကြီးများအဆင့် ညီလာခံတက်ရောက်နိုင်ရန်လည်း မြန်မာနိုင်ငံခြားရေးဝန်ကြီးကို ဖိတ်ကြားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်၌ ပါဝင်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ RFA သတင်းဌာနက အီးယူကိုယ်စားလှယ်တဦးဖြစ်သူ မစ္စဂလန်းနက်အား ဆက်သွယ်မေးမြန်းခဲ့ရာတွင် ၄င်းက "မြန်မာ့နိုင်ငံရေးသည် အပေါင်းလဏ္ဍာဆောင်သည့်အနေအထား ရှုမြင်နိုင်ခြင်းမရှိသေးကြောင်း၊ အီးယူအနေဖြင့် မြန်မာနိုင်ငံအပေါ် သဘောထားပြောင်းလဲခြင်း မရှိသေးကြောင်း၊ ယခုကဲ့သို့ မြန်မာစစ်အုပ်စုအပေါ် ခွင့်ပြုမှုများပေးခြင်းသည် အီးယူ၏ ရပ်တည်ချက် ပြောင်းလဲခြင်းမဟုတ်ဘဲ ကုလသမဂ္ဂဆိုင်ရာ အခမ်းအနားများနှင့် ပတ်သက်၍သာ အီးယူအနေဖြင့် လိုက်လျောဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း" ပြောကြားခဲ့ပြီး နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ လျှို့ဝှက်တွေ့ဆုံနေမှုအပေါ် ရှုမြင်သုံးသပ်ရာတွင် –"အချိန်ကြာမြင့်စွာ မိမိတို့တောင်းဆိုခဲ့သည့် တွေ့ဆုံမှုမျိုး ဖြစ်ထွန်းလာသည့်အပေါ် မကြိုဆိုပါကသဘောထားနိမ့်ကျရာရောက်ကြောင်း၊ သို့သော် ဒီမိုကရေစီအင်အားစုများနှင့် ဒေါ်အောင်ဆန်းစုကြည်၏ အခွင့်အရေးများကို အသိအမှတ်ပြု ရေရှည်တယ်လို့ မိမိတို့အနေဖြင့် မယူဆသေးကြောင်း၊ သူမဟာ နေအိမ်မှာ အကျယ်ချုပ်သဘော နေထိုင်ရတာဖြစ်သလို ယခင်က တွေ့ခွင့်မရနိုင်သည့် ပုဂ္ဂိုလ်တဦးစနှစ်ဦးစကိုသာ တွေ့ခွင့်ရနေပေမယ့် အင်မတန်မှ အထီးကျန်နေဆဲဖြစ်ကြောင်း၊ ထို့ပြင် ထိုကဲ့သို့ တွေ့ဆုံနေရမှုများဟာ သူမကို ထိန်းသိမ်းထားသူများနှင့်သာ တွေ့ဆုံနေရခြင်းဖြစ်ကြောင်း၊ ထိုကိစ္စအပေါ် မိမိတို့အားလုံးက လိုအပ်တာထက်ပိုပြီး အားရတက်ကြွမနေသင့်ပါကြောင်း ထည့်သွင်းပြောကြားသွားသည်။

ထို့ပြင် မစ္စဂလန်းနက်က ဆက်လက်ပြောကြားသွားရာ၌ "အဓမ္မလုပ်အားပေးခိုင်းစေမှု၊ ဖိနှိပ်မှု၊ လူ့အခွင့်အရေး အလွဲသုံးစားမှုများနှင့် ပတ်သက်၍ မြည်မာပြည်တွင် မည်သည့်အပြောင်းအလဲမှ မရှိသေးသည့်အတွက် မိမိအနေဖြင့် စိုးရိမ်မကင်း ရှိနေဆဲဖြစ်သလို မိမိတို့အားလုံး နအဖစစ်အုပ်စုအပေါ် လုံးဝ လိုက်လျောမှုများ မရှိသင့်သေးကြောင်း၊ လူသားချင်း စာနာထောက်ထားမှုများဆိုင်ရာ အထောက်အကူများနှင့် ပတ်သက်၍ သူမအနေဖြင့် အနီးကပ်စောင့်ကြည့်လျက်ရှိပြီး HIV/AIDS ရောဂါအခြေအနေများအတွက် အထောက်အပံ့များကို အစိုးရမဟုတ်သောအဖွဲ့စည်းများ (NGO)မှ တဆင့် ပေးအပ်နေခြင်းဖြစ်ကြောင်း၊ သို့ရာတွင် မကြာသေးမီက သူမအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ခဲ့စဉ်အတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ အထူးသဖြင့် ကျန်းမာရေးနှင့် ပတ်သက်လျှင် အစိုးရဝန်ကြီးဌာနများနှင့် အလွန်နီးစပ်ပတ်သက်နေသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ သို့သော် အီးယူအနေဖြင့် မိမိတို့၏ ကူညီထောက်ပံ့မှုများကို လိုအပ်သူများထံ အပြည့်အဝရောက်ရှိစေရေး ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ပြင် ကျန်းမာရေးချို့တဲ့ပြီး ဒုက္ခအကြီးအကျယ် ခံစားနေရသူများကို ဆေးဘက်ဆိုင်ရာ အကူအညီများပေးနိုင်ရန် နည်းလမ်းများ ရှာဖွေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ပိတ်ဆို့အရေးယူမှုနှင့်ပတ်သက်၍ သူမက ဆက်လက်ပြောကြားခဲ့ရာတွင် ပိတ်ဆို့အရေးယူမှုများ လျော့ပေါ့ခြင်း(သို့မဟုတ်) ပယ်ဖျက်ခြင်းတို့အတွက် ယခုအခါ အချိန်မတန်သေးကြောင်း၊ မကြာမီ ဒေါ်အောင်ဆန်းစုကြည် နိုဗယ်လ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံရသည့် နှစ်ပတ်လည်နေ့ ရောက်တော့မည်ဖြစ်သော်လည်း သူမအနေဖြင့် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီစိုးမိုးရေးနှင့် လွတ်လပ်မှုရရှိရေးအတွက် သတ္တိရှိရှိတိုက်ပွဲဝင်နေရဆဲဖြစ်ကြောင်း၊ ထို့အတူ ပြစ်မှုတစုံတရာမရှိပါဘဲ မိမိတို့၏ ယုံကြည်မှုကြောင့် ထောင်ကျနေရသူများလည်း မြန်မာနိုင်ငံတွင် အများအပြားရှိနေဆဲဖြစ်ကြောင်း၊ မျှော်လင့်ချက်ကင်းမဲ့နေရသည့် မြန်မာနိုင်ငံအတွင်းမှ အခြေအနေအရပ်ရပ်ကို မိမိတို့အားလုံး မျက်ခြေမပြတ်သင့်ကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ရှင်သန်ပြီး ဒီမိုကရေစီအင်အားစုများကို အသိအမှတ်မပြုမချင်း အီးယူအနေဖြင့် လက်ရှိ ခိုင်မာသည့် အနေအထားအတိုင်း ဆက်လက်ရပ်တည်ဖို့ မိမိအနေဖြင့် မမှိတ်မသုံ ဆောင်ရွက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း RFA သတင်းဌာန၏ မေးမြန်းချက်အား အီးယူ လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သူ မစ္စဂလန်းနက်က ပြောကြားသွားခဲ့သည်။ ■

မဟာသီယာ၏ မြန်မာနိုင်ငံအပေါ်အမြင် အမျိုးသားညွှန့်ပေါင်းအစိုးရ ပြန်လည်တုံ့ပြန်

ဦးဘိုလှတင့်

မြန်မာနိုင်ငံတွင် အပြောင်းအလဲများ နေ့ချင်းညချင်း မြန်မြန်ဆန်ဆန်ဖြစ်လာပါက အကျိုးဆက်အဖြစ် ဆိုးကျိုးများသာ ပေါ်ပေါက်လာစရာရှိကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က ပြီးခဲ့သည့် နိုဝင်ဘာ(၅)ရက်နေ့က ဘရူနိုင်းနိုင်ငံ မြို့တော်တွင်ကျင်းပခဲ့သည့် အာဆီယံ ထိပ်သီး အစည်းအဝေးပွဲ၌ပြောကြားခဲ့သည်ဟု RFA သတင်းတွင် ဖော်ပြပါရှိသည်။

မဟာသီယာကပြောကြားရာတွင် မြန်မာစစ်အုပ်စုသည် မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ဖြည်းဖြည်းချင်းဆောင်ရွက်နေကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနှင့် တတ်နိုင်သမျှ အကောင်းဆုံးလုပ်ဆောင်နေသည်ဟု မိမိယုံကြည်ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် နေ့ချင်းညချင်းအပြောင်းအလဲများ မြန်မြန်ဆန်ဆန် ဖြစ်ပေါ်လာခဲ့ပါက အကျိုးဆက်အနေဖြင့် ဆိုးကျိုးများသာ ပေါ်ပေါက်နိုင်ကြောင်း၊ လူများ အသက်ဆုံးရှုံးရခြင်း၊ ကလေးသူငယ်များ စွန့်ပစ်ခံရခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများလည်း ရပ်ဆိုင်းသွားမှာဖြစ်ကြောင်း ၎င်းက ပြောကြားသွားခဲ့သည်ဟု သိရှိရသည်။

အဆိုပါပြောကြားချက်နှင့်ပတ်သက်၍ RFA သတင်းဌာနက အမျိုးသားညွှန့်ပေါင်းအစိုးရ ဝန်ကြီးဦးဘိုလှတင့်ကို ဆက်သွယ်မေးမြန်းခဲ့ရာတွင် ၎င်းက မဟာသီယာ၏ ပြောကြားချက်များကို သဘောမတူကြောင်း၊ မဟာသီယာ၏ပြောဆိုမှုများသည် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုနှင့် နအဖအပါအဝင် NLD ပါတီမှအစ နိုင်ငံရေးအင်အားစုများ အားလုံးအပေါ် နှိမ့်ချသောထင်မြင်ယူဆချက်များ ထင်ဟပ်နေကြောင်း၊ အမှန်စင်စစ် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ မှန်မှန်ကန်ကန် ရိုးရိုးသားသားနှင့် ဖြောင့်ဖြောင့်မတ်မတ် ပူးပေါင်းဆောင်ရွက်ကြပါက မဟာသီယာ ထင်မြင်ယူဆထားသကဲ့သို့ ဆိုးကျိုးများဖြစ်ပေါ်လာစရာ အကြောင်းမရှိဘဲ ပြုပြင်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ မဟာသီယာ၏ အမြင်မှာ အဆိုးမြင်ဝါဒဆန်လွန်းနေကြောင်း ဦးဘိုလှတင့်က တုံ့ပြန်ပြောကြားခဲ့သည်။ ■

ကန်ချနာဘူရီနှင့်ထားဝယ်ဆက်သွယ်သည့် မော်တော်ကားလမ်းဖွင့်ပွဲသို့ တက်ရောက်ရန်ပျက်ကွက်ခဲ့သူ နည်းပျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်မြင့်အား စစ်ဆေးရန် နအဖစစ်အုပ်စုက စီစဉ်နေ

နိုဝင်ဘာလ (၃)ရက်နေ့က ဖွင့်လှစ်ခဲ့သည့် ထိုင်းနိုင်ငံ၊ ကန်ချနာဘူရီနှင့် မြန်မာနိုင်ငံ ထားဝယ်မြို့တို့ကို ဆက်သွယ်သည့် မော်တော်ကားလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်မှုစွဲချက်ဖြင့် စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် အမှတ် (၉)လက်အောက်ခံ၊ အမှတ် (၂)နည်းဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်မြင့်အား စုံစမ်းစစ်ဆေးရန် နအဖစစ်အုပ်စုက စီစဉ်နေကြောင်း နိုဝင်ဘာလ (၅)ရက်နေ့က ဒီမိုကရက်တစ်မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သည်။

အဖြစ်မှန်မှာ နအဖစစ်အုပ်စုအားဆန့်ကျင်တော်လှန်နေသည့် လက်နက်ကိုင်အဖွဲ့တဖွဲ့နှင့် တိုက်ခိုက်နေရမှုကြောင့် အခမ်းအနားတက်ရောက်ရန်ပျက်ကွက်ခြင်းဖြစ်သော်လည်း ကန်ချနာဘူရီ–ထားဝယ်ကားလမ်းဖွင့်ပွဲ အခမ်းအနားသို့ မတက်ရောက်သည့်စွဲချက်နှင့် အထက်အမိန့်ကို တိကျစွာ အကောင်အထည်မဖော်နိုင်သည့်စွဲချက်တို့ဖြင့် စစ်ကော်မရှင်ဖွဲ့ပြီး စုံစမ်းစစ်ဆေးမည်ဟု သိရသည်။

ဒီမိုကရက်တစ်မြန်မာ့အသံအဆိုအရ ဗိုလ်မှူးကြီးခင်မောင်မြင့် ဦးဆောင်သည့် တပ်ဖွဲ့တဖွဲ့ကို လက်နက်ကိုင် တော်လှန်ရေးအဖွဲ့တဖွဲ့က ချိုခိုတုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နိုဝင်ဘာလဆန်းပိုင်းကလည်း ခမရ (၃၇၉)က စစ်ကြောင်းနှစ်ကြောင်းခွဲကာ မြိတ်၊ ထားဝယ်ခရိုင် ထိုင်းမြန်မာနယ်စပ်တလျှောက်၌ စစ်ဆင်ရေးများ ပြုလုပ်နေခဲ့သည်။

ထိုကဲ့သို့ စစ်ရေးဆင်ပြီး တိုက်ပွဲများ ဖြစ်ပွားနေခဲ့ခြင်းကြောင့် ဗိုလ်မှူးကြီးခင်မောင်မြင့် မော်တော်ကား လမ်းဖွင့်ပွဲသို့ မတက်ရောက်နိုင်ခြင်းဖြစ်သော်လည်း ထိုင်းအာဏာပိုင်များကမူ ထိုင်းနိုင်ငံ ဖွန်းနန်းမရှန်ရှာရှိ ဘုန်းကြီးကျောင်းတကျောင်း၌ ကန်ချနာဘူရီနှင့် ထားဝယ် မော်တော်ကားလမ်းဖွင့်ပွဲကို ကျင်းပခဲ့ကြောင်းသိရှိရသည်။ ထိုအခမ်းအနားသို့ ထိုင်းစစ်တပ်မှ ဗိုလ်ချုပ်အဆင့်ရှိသူတဦး အပါအဝင် စုစုပေါင်း(၇၀၀)ကျော်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ ထို့အပြင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များကလည်း အစစအရာရာ အဆင်ပြေချောမွေ့စေရန်အတွက် ဆုတောင်းပူဇော်ခဲ့ကြကြောင်း သိရှိရသည်။ ထို့နောက် ထိုင်းအာဏာပိုင်များက စက်ယန္တရားများ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်ခွင့်ပြုရန် တောင်းခံခဲ့သော်လည်း လုံခြုံရေးကိစ္စကြောင့် ဝင်ရောက်ခွင့် မပြုနိုင်သေးကြောင်း နအဖ စစ်အုပ်စုဘက်မှ အကြောင်းပြန်ထားကြောင်း စုံစမ်းသိရှိရသည်။ ■

နိုင်ငံတကာအကူအညီမရ၍ ကြိတ်မနိုင်ခဲမရဖြစ်နေခြင်းအပေါ် နအဖနိုင်ငံခြားရေးဝန်ကြီး UNအထွေထွေညီလာခံ၌ ထုတ်ဖော်ပြောကြား

လူ့အခွင့်အရေးချိုးဖောက်မှု၊ ဒီမိုကရေစီအင်အားစုများကို ဖိနှိပ်မှု၊ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများကို ထိရောက်စွာ မလုပ်ဆောင်မှုများကြောင့် နိုင်ငံတကာအကူအညီ အနည်းအကျဉ်းသာရရှိနေသည့် နအဖစစ်အုပ်စု ကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးက "မိမိတို့နိုင်ငံအနေနှင့် ကုလသမဂ္ဂမှတဆင့် ပေးပို့နေသည့် နိုင်ငံတကာအကူအညီများ ရရှိနေမှုသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာလျှင် အလွန်အမင်းနည်းပါးနေကြောင်း" နိုဝင်ဘာ(၁၄)ရက်နေ့က ၅၆–ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် ထည့်သွင်းပြောကြားခဲ့သည်ဟု သတင်းများရရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ အမည်မဖော်လိုသည့် နိုင်ငံရေးလေ့လာသူတဦးက ဝေဖန်ပြောကြားရာ၌ လွန်ခဲ့သည့် အောက်တိုဘာလ(၁၆)ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနား၌ နအဖစစ်ဗိုလ်ချုပ်ခင်ညွန့်က မိန့်ခွန်းပြောကြားခဲ့ရာ ယင်းမိန့်ခွန်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် အနာဂတ်အတွက် တိုးတက်လာမည့် လူဦးရေကိုမျှော်မှန်းပြီး စနစ်တကျ မူဝါဒများချမှတ်ကာ အစီအစဉ်ရှိရှိ ဘက်စုံထောင့်စုံက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်အတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် ပတ်သက်ပြီး လက်ရှိတွင် အခက်အခဲမရှိသကဲ့သို့ အနာဂတ်တွင်လည်း ရှိနိုင်မည်မဟုတ်ဟု ယုံကြည်ထားကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံသည် ပြည်တွင်းအတွက်သာမက ဒေသတွင်းနှင့် နိုင်ငံတကာ ရိက္ခာလိုအပ်သည်များကိုပါ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ခြင်းကြောင့် နိုင်ငံခြားရေးဝန်ကြီး၏ ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ထုတ်ဖော်ပြောကြားခဲ့သည့် လုပ်ရပ်မှာ ရယ်မောစဖွယ်ဖြစ်ရုံမက စိတ်ပျက်ဖို့ပင်ကောင်းနေကြောင်း၊ ပြည်တွင်းတွင် မိုးတလုံးလေတလုံး ပြောတုန်းက ပြောခဲ့သော်လည်း နိုင်ငံတကာအလယ်တွင်မူ အရှက်မရှိ လက်ဖြန့်တောင်းခံလိုရင်းသာ ဖြစ်ပုံရကြောင်း ဝေဖန်ပြောကြားသွားသည်။ ■

အဆင့်မြင့်ဆက်သွယ်ရေးတပ်ရင်း(၁၈)ရင်း နအဖတို့ တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်

နအဖစစ်တပ်အတွင်း နောက်ဆုံးပေါ် နည်းပညာများအသုံးပြုမည့် ဆက်သွယ်ရေးတပ်ရင်း (၁၈)ရင်းကို တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်နေကြောင်း DVB အသံလွှင့်ဌာနက နိုဝင်ဘာလ(၅)ရက်နေ့တွင် ထုတ်လွှင့်သွားခဲ့သည်။ ယခု ဖွဲ့စည်းမည့် တပ်ရင်းများကို အဆင့်မြင့်ဆက်သွယ်ရေးတပ်ရင်းများအဖြစ် အမည်ပေးထားပြီး ယခင် တပ်ခွဲအဆင့် ဆက်သွယ်ရေးတပ်များနှင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုဆက်သွယ်ရေးတပ်များတွင် ဂြိုလ်တုဆက်သွယ်ရေးစနစ်၊ ကွန်ပြူတာ၊ အီးမေးလ်နှင့် အင်တာနက် ဆက်သွယ်မှုများကို တပ်ဆင်သွားမည်ဖြစ်ပြီး၊ အဆင့်မြင့်စကားပုံက နည်းပညာများပါ အသုံးပြုသွားမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်ဟုဖော်ပြထားသည်။

အဆင့်မြင့်ဆက်သွယ်ရေးတပ်များအတွက် စက်ဘီးပြန့်နှင့် တရုတ်နိုင်ငံတို့မှ စက်ကိရိယာများ ဝယ်ယူထားပြီး ချဲ့ထွင်မှုများကို ရှေ့နှစ်အတွင်း လုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။ လက်ရှိ အဆင့်မြင့်ဆက်သွယ်ရေးတပ်ရင်း(၁)ကို မန္တလေးနန်းတွင်း၊ တပ်ရင်း(၂)ကို ပျဉ်းမနားနှင့် တပ်ရင်း(၃)ကို ရန်ကုန်တိုင်း၊ မော်ဘီမြို့တို့တွင် ဖွင့်လှစ်ထားကြောင်း အဆိုပါ သတင်းဌာနက ထုတ်လွှင့်သွားခဲ့သည်။ ■

မွန်ပြည်သစ်ပါတီမှ ခွဲထွက်အဖွဲ့ ဘုရားသုံးဆူဒေသ၌ ဆက်ကြေးများကောက်ခံ နအဖတပ်မှ ဘုရားသုံးဆူဒေသတဝိုက်၌ လုံခြုံရေးတင်းကြပ်မှုများပိုမိုပြုလုပ်

နိုဝင်ဘာလ (၁၃)ရက်နေ့က မွန်ပြည်သစ်ပါတီမှ တပ်ခွဲမှူးတဦးနှင့် ရဲဘော်တဦးတို့သည် လက်နက် (၇)လက်ကိုယူဆောင်၍ ခွဲထွက်အဖွဲ့နှင့် ပူးပေါင်းရန်ကြိုးစားခဲ့သဖြင့် မွန်ပြည်သစ်ပါတီမှ လိုက်လံပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သတင်းများရရှိသည်။ အဆိုပါတိုက်ပွဲကြောင့် ထီးဝါးဒိုကျေးရွာမှ ရွာသားနှစ်ဦးသေဆုံးခဲ့ကြောင်းနှင့် ထွက်ပြေးရန်ကြိုးစားခဲ့သူ နှစ်ဦးမှာမူ လက်နက် (၅)လက်ကိုချန်ထားခဲ့ပြီး (၂)လက်ကိုသာယူဆောင်ကာ နိုင်ပန်းညွှန့်ဦးဆောင်သည့် ခွဲထွက်အဖွဲ့ထံ ရောက်ရှိသွားကြောင်း သိရှိရသည်။

ထို့နောက် နိုဝင်ဘာလ၊ (၁၄)ရက်နေ့မှ စတင်ကာ ဘုရားသုံးဆူအနီးရှိ ကျေးရွာများသို့ မွန်ဘာသာဖြင့်ရေးသားထားသည့် အခွန်အကောက်တောင်းခံစာများ ရောက်ရှိလာကြောင်း၊ ချောင်းဆုံကျေးရွာနှင့် ရွာသစ်ကျေးရွာဥက္ကဋ္ဌများထံသို့လည်း ရန်ပုံငွေထည့်ဝင်ရန် အကြောင်းကြားစာများ ပေးပို့ခဲ့ကြောင်း ထိုင်းမြန်မာနယ်စပ်မှလာသော သတင်းများအရ သိရှိရသည်။

ထိုကဲ့သို့ မွန်ပြည်သစ်ပါတီမှ ခွဲထွက်အဖွဲ့သည် ဘုရားသုံးဆူဒေသ၌ အခွန်အကောက်များ၊ ကောက်ခံနေသဖြင့် နအဖစစ်အုပ်စုက နိုဝင်ဘာလလယ်လောက်မှစ၍ အဆိုပါဒေသ၌ လုံခြုံရေးတင်းကြပ်မှုများ အဆမတန်ပြုလုပ်နေကြောင်း Network Media Group သတင်းဌာနက ဆိုသည်။

ယခုနှစ်၊ စက်တင်ဘာလအတွင်းက မွန်ပြည်သစ်ပါတီ ဗဟိုဌာနချုပ်မှ ဗျူဟာမှူး အဆင့်ရှိသူ နိုင်ပန်းညွှန့်သည် အင်အား(၂၀၀)ခန့်ကိုဦးဆောင်ကာ မွန်ပြည်သစ်ပါတီမှ ခွဲထွက်သွားခဲ့သည်။ ၎င်းတို့နှင့် ပြန်လည်စေ့စပ်ဆွေးနွေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့ကြောင်း မွန်ပြည်သစ်ပါတီမှ မကြာသေးမီက တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။ ■

ဟိန္ဒူရိုးရာ ကာလီမာမယ်တော်ကြီးဘုရားပွဲတော် ကျင်းပခြင်းကို နအဖစစ်အုပ်စုက ဖိနှိပ်အနိုင်ကျင့်

အောက်တိုဘာလ (၂၇)ရက်နေ့က တနင်္သာရီတိုင်း၊ ထားဝယ်မြို့ ရှမ်းမလည်ဆွဲရပ်ကွက်၌ ဟိန္ဒူလူမျိုးတို့ရိုးရာ ကာလီမာမယ်တော်ကြီးဘုရားပွဲ ကျင်းပပြုလုပ်ရာ ဒေသဆိုင်ရာ နအဖစစ်အာဏာပိုင်များက အချိန်အကန့်အသတ်ဖြင့်သာ ခွင့်ပြုခဲ့ကြောင်း၊ သတ်မှတ်ချိန် တနာရီကျော်လွန်လျှင် ဒီဇယ်တပေပါ တောင်းယူကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံမှ နိုဝင်ဘာလ (၄)ရက်နေ့က ထုတ်လွှင့်သွားခဲ့သည်။

ထားဝယ်မြို့၊ ရှမ်းမလည်ဆွဲရပ်ကွက်ရှိ ဟိန္ဒူလူမျိုးတို့ရိုးရာ ကာလီမာမယ်တော်ကြီးဘုရားပွဲတော်သည် ဒဿမတန်း ပင်ရင်းမြန်မာစာ ကဗျာလက်ရွေးစည်ထဲ၌ ပြဋ္ဌာန်းထားရသည်အထိ နာမည်ကြီး ဘုရားပွဲတခုပင်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်များကဆိုလျှင် ည (၆)နာရီမှ နောက်တနေ့မနက်(၆)နာရီအထိကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင်မူ ဒေသဆိုင်ရာ နအဖစစ်အာဏာပိုင်များက မနက်(၆)နာရီမှည (၆)နာရီအထိသာ ကျင်းပခွင့်ပြုခဲ့သည်။ ကာလီမာမယ်တော်ကြီးကို ပင့်ဆောင်ပြီး တလမ်းဝင်တလမ်းထွက် လှည့်လည်ရာ၌ အကျွေးအမွေးနှင့်ပါ ဧည့်ခံသဖြင့် အာဏာပိုင်များသတ်မှတ်ချိန်အတွင်း ဘုရားကျောင်းဝင်းအတွင်းသို့ ပြန်မဝင်နိုင်တော့ဟု သိရသည်။

ဟိန္ဒူဘုရားလူကြီး ဂေါပကအဖွဲ့က ကာလီမာမယ်တော်ကြီးဘုရားကို (၁၀)နာရီအထိ လှည့်လည်ပူဇော်ခံခွင့်ပြုရန် အာဏာပိုင်များထံ ခွင့်တောင်းခဲ့သော်လည်း အာဏာပိုင်များကခွင့်မပြုခဲ့ပေ။ ဂေါပကအဖွဲ့မှ ခယတောင်းပန်ပြီးပြောဆိုသောအခါ အာဏာပိုင်များက တနာရီအတွက် ဒီဇယ်တပေပါပေးပါက ခွင့်ပြုမည်ဟုဆိုသည်။ ဂေါပကအဖွဲ့အနေဖြင့် သတ်မှတ်ချိန်ထက် ကျော်လွန်သော(၄)နာရီအတွက် ဒီဇယ်(၄)ပေပါဝယ်ပေးပါမည်ဟူသည့် သဘောတူညီချက်ဖြင့် ကာလီမာမယ်တော်ကြီးဘုရားပွဲတော်ကို ကျင်းပခဲ့ရကြောင်း ဒေသခံများက ဆိုသည်။ ■

တိုင်းရင်းသား(၁၁)ဖွဲ့မှ လူငယ်များ ဆက်သွယ်ရေးဆိုင်ရာသင်တန်းသို့ တက်ရောက် မြန်မာနိုင်ငံငြိမ်းချမ်းရေးဆုတောင်းပွဲနေ့ အတွက် ပြင်ဆင်မှုများပြုလုပ်

နိုဝင်ဘာလ၊ (၅)ရက်နေ့မှ (၉)ရက်နေ့ အထိ ထိုင်းမြန်မာနယ်စပ်တနေရာ၌ ပြုလုပ်သည့် ဆက်သွယ်ရေးဆိုင်ရာ သင်တန်းတခုသို့ တက်ရောက်နေကြသော မြန်မာနိုင်ငံမှ တိုင်းရင်းသားလူငယ်များစုပေါင်းပြီး "မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဆုတောင်းပွဲနေ့" (Day of Prayer for Peace in Burma)အတွက် လိုအပ်သောပြင်ဆင်မှုများပြုလုပ်ခဲ့ကြောင်း နယ်စပ်ဒေသမှလာသော သတင်းများအရ သိရှိရသည်။

အဆိုပါ (၅)ရက်ကြာပြုလုပ်သည့် ဆက်သွယ်ရေးဆိုင်ရာသင်တန်းကို Burma Initiatives အဖွဲ့မှ ကြီးမှူးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တက်ရောက်လာကြသည့် တိုင်းရင်းသား(၁၁)ဖွဲ့မှ လူငယ်များသည် အုပ်စု (၄)စုခွဲကာ သတင်းထုတ်ပြန်ချက်တစောင်၊ လက်ကမ်းစာစောင်တခု၊ ကက်ဆက်တိပ်ခွေတခွေနှင့် ရေဒီယိုအစီအစဉ်တခုတို့ကို လက်တွေ့လုပ်ဆောင်ပြင်ဆင်ခဲ့ကြောင်း သိရှိရသည်။ ယင်း ပြင်ဆင်လုပ်ဆောင်ထားသည်များကို လာမည့် ၂၀၀၂ ခုနှစ်၊ မတ်လတွင်ပြုလုပ်ရန်စီစဉ်ထားသည့် "မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဆုတောင်းပွဲနေ့" တွင်အသုံးပြုသွားမည်ဟုလည်း သတင်းများ ရရှိသည်။

"လွန်ခဲ့တဲ့ (၆)နှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း မတ်လထဲမှာ နေ့တနေ့ကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဆုတောင်းပွဲနေ့လို့သတ်မှတ်ပြီး လုပ်ရှားမှုတွေလုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက နိုင်ငံပေါင်း (၅၀)ကျော်က လူတွေဆီကနေ တို့ပြန်မှုတွေရခဲ့ပါတယ်။ အခု လာမယ့်နှစ်မှာတော့ ဆုတောင်းပွဲအပြင် ဘာသာပေါင်းစုံက လူတွေ စုစည်းလုပ်ဆောင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး ဒေသစံတော်ချိန် ည (၇)နာရီမှာ ဖယောင်းတိုင်မီးထွန်းညှိမယ့် အစီအစဉ်တခု ထည့်သွင်းထားပါတယ်" ဟု Christians Concerned for Burma အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အေမီဒေးဗစ်ဆင် ကပြောပြခဲ့သည်။

အဆိုပါသင်တန်းတွင် ပြင်ဆင်ထားခဲ့သည့် မိဒီယာနှင့်ဆိုင်သော ထုတ်ပြန်မှုများကို လာမည့် ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလထဲ၌ ဖြန့်ချိသွားမည်ဟု သိရသည်။ နိုဝင်ဘာလ၊ (၅)ရက်နေ့မှ (၉)ရက်နေ့အထိပြုလုပ်ခဲ့သည့် ဆက်သွယ်ရေးဆိုင်ရာသင်တန်းသို့ ကချင်၊ ကယန်း၊ ကရင်၊ ကရင်နီ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ လားဟူနှင့် မြန်မာလူငယ် စုစုပေါင်း (၃၂)ဦး တက်ရောက်ခဲ့ကြောင်း နယ်စပ်ဒေသမှလာသော သတင်းများအရ သိရှိရသည်။ ■

ကျွန်းနှင့်သစ်မာများ အဆမတန်ခုတ်လှဲရောင်းချနေသည့် နအဖအား နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက သတိပေးရပြန်ပြီ

ယခုနှစ် ပွင့်လင်းရာသီအတွင်း နအဖ အာဏာပိုင်များက ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသရှိ သစ်တောများမှ ကျွန်းနှင့် သစ်မာများကို တရုတ်ကုန်သည်ကြီးများထံ စတင်ရောင်းချနေသဖြင့် ဒေသအတွင်း စိုးရိမ်ဖွယ်ခြေအနေများနှင့် ကြုံတွေ့လာနိုင်ကြောင်း နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များက စစ်အုပ်စုအပေါ် ထပ်မံသတိပေး ပြောကြားလိုက်ကြောင်း အောက်တိုဘာ (၂၈)ရက်နေ့ DVB သတင်းများအရ သိရှိရသည်။

နယ်စပ်ဒေသတလျှောက် တပ်စွဲထားသည့် ခလရ(၃၈၇)၊ ခလရ(၄၃၇)၊ ခလရ(၄၃၈) တပ်ရင်းများနှင့် ဗန်းမော်ထောက်လှမ်းရေး အမှတ်(၂၁)မှ တာဝန်ရှိသူများက ယခုလို ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။ ကျွန်းသစ်တတန်လျှင် တရုတ်ယွမ်ငွေ ၈၀၀၀၊ စကားဝါသစ်တတန်လျှင် ယွမ် ၉၀၀ စျေးနှင့် ရောင်းချနေခြင်းဖြစ်ပြီး၊ ခုတ်လှဲပြီးသစ်များကို ဆင်နှင့် ကားများအသုံးပြု၍ ကုန်းလမ်းနှင့်သာမက၊ ရေကြောင်းလမ်းများဖြင့် တရုတ်နယ်စပ်သို့ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း ဒေသခံကုန်သည်များ၏ပြောပြချက်အရ သိရှိရသည်။

ၫင်းတို့၏ပြောဆိုချက်အရ နအဖနှင့် ငြိမ်းချမ်းရေးယူထားသည့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းတချို့လည်း အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ယခုလို သစ်များခုတ်လှဲရောင်းချလာခဲ့ရာ နယ်စပ်ဒေသတလျှောက်တွင် အဖိုးတန်သစ်တောများ မရှိသလောက် ဖြစ်လာနေပြီဟု သိရသည်။

နယ်စပ်ဒေသတလျှောက် သစ်တောများ ရှားပါးပြုန်းတီးလာခဲ့သည့်အတွက် ယခုလို ဧရာဝတီ အနောက်ဘက်ခြမ်းရှိ သစ်တောများဘက်သို့ စားကျက်လှည့်လာခြင်းဖြစ်ပြီး၊ နေ့စဉ် သစ်တောများ အဆမတန် ခုတ်လှဲရောင်းချခြင်းခံနေရကြောင်း အဆိုပါ သတင်း၌ ဆက်လက်ဖော်ပြထားသည်။

နအဖစစ်အုပ်စုသည် ၁၉၈၈ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ အနှံ့အပြားရှိ သစ်တောများမှ အဖိုးတန် ကျွန်း သစ်အပါအဝင် ပျဉ်းကတိုးနှင့် သစ်မာများကို အဆမတန် ခုတ်လှဲရောင်းချခဲ့ခြင်းကြောင့် သစ်တောများပြုန်းတီး၍ မြေဆီလွှာပျက်သည်းမှု၊ ရေလွှမ်းမိုးမှုနှင့် ရာသီဥတုဖောက်ပြန်မှုများ ဒေသတဝိုက်ဖြစ်ပေါ်လာခဲ့ရာ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက အကြိမ်ကြိမ် သတိပေးကန့်ကွက်ခြင်း ခံခဲ့ရပြီးဖြစ်သည်။ ■

ဒီမိုဘီနှင့် ဦးအုန်းမြင့် တွေ့ဆုံမေးမြန်းခြင်း

မကြာသေးမီကပြန်လည်ဖွဲ့စည်းခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုလူမှုအထောက်အကူပြုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးအုန်းမြင့်နှင့် ဒီမိုကရက်တစ်မြန်မာ့အသံ (ဒီဗွီဘီ)မှ ကိုမိုးအေးတို့၏ ဆက်သွယ်မေးမြန်းချက်များ။

(နိုဝင်ဘာ ၁၈၊ ညဘက်အသံလွှင့်အစီအစဉ်မှ ကောက်နုတ်ချက်)



ဗဟိုလူမှုအထောက်အကူပြုအဖွဲ့ ဒုဥက္ကဋ္ဌဦးအုန်းမြင့်

ကိုမိုးအေး။ တနိုင်ငံလုံးမှာ လူမှုအထောက်အကူပြုအဖွဲ့တွေဖွဲ့ဖို့အတွက် တွေ့ရတယ်။ အဲဒီမှာ အဘဦးအုန်းမြင့်က ဒုဥက္ကဋ္ဌဆိုတော့ ဒီအဖွဲ့အစည်းနဲ့ပတ်သက်လို့ ...။

ဦးအုန်းမြင့်။ ၁၉၉၅ ခုနှစ်၊ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ကလွတ်တော့ ဗိုလ်ချုပ်ကျော်ဝင်းနဲ့ တွေ့တယ်လေ။ ပထမဦးဆုံး ဗိုလ်ချုပ်ကျော်ဝင်းပဲ လာတွေ့ပြီး ပြောတာကိုး။ ဒေါ်စုကပြောခဲ့တာက ထောင်ထဲမှာရှိတဲ့သူတွေ အတွက် ကျမက အတတ်နိုင်ဆုံး အကူအညီ အထောက်အပံ့တွေ လုပ်ရမှာပဲလို့ ပြောသွားတယ်။ အဲဒါရဲ့ အဆက်နဲ့ပတ်သက်ပြီးတော့ ကျနော်တို့ လုပ်ကြပါတယ်။ ဒေါ်စုက ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုပ်ချင်တယ်လေ။ လွတ်လာတဲ့ လူတွေအတွက်၊ နောက်ပြီးတော့ ကျန်ရစ်ခဲ့တဲ့ မိသားစုတွေအတွက်လည်းပဲ ပြန်လည်ထူထောင်ရေးတို့ ဘာတို့လုပ်ချင်တယ်။ ပြန်လည်ထူထောင်ရေးပေါ့ဗျာ။ မိသားစုစီးပွားရေး၊ ပညာရေး ဘာညာ အကုန်လုံး ထူထောင်ရေးအတွက်က သူကလုပ်ချင်တာကိုး။ ကျနော်တို့လည်း တတ်နိုင်သမျှတော့ လုပ်မှာပဲ။

ကိုမိုးအေး။ လူမှုအထောက်အကူပြုအဖွဲ့ တနိုင်ငံလုံးဖွဲ့မယ်ဆိုတော့ တော်တော်ကျယ်ပြန့်တယ်လို့ ပြောရမယ်ပေါ့နော်။ ငွေကြေး၊ ရံပုံငွေနဲ့ပတ်သက်လို့ရော။

ဦးအုန်းမြင့်။ အဲဒီအတွက်ကတော့ ကျနော်ကတော့ ပြောရဲတယ်။ ဒေါ်စုမှာ ရံပုံငွေကလည်းပဲ နဂိုကတည်းက သိပ်ရှိတာမဟုတ်ဘူး။ မူလရခဲ့တဲ့ နိုဗယ်ဆုကလည်း သူက အထူးသဖြင့်တော့ ပညာရေးပေါ့။ အဲဒါအတွက်ပဲ သူ လုပ်ထားတာလေ။ မူလကတည်းက အစီအစဉ်လုပ်ထားတာ။

ကိုမိုးအေး။ ကျနော်တို့သိထားတာ ဒေါ်အောင်ဆန်းစုကြည်ဆိုရင် မြန်မာနိုင်ငံမှာ ပညာရေးတို့၊ ကျန်းမာရေးတို့ လူမှုအထောက်အကူပြုလုပ်ငန်းတွေလုပ်ဖို့ ဆန္ဒပြင်းပြတယ်လို့ ကျနော်တို့ သိရတယ်လေ။ အဘဦးအုန်းမြင့်က ဒေါ်အောင်ဆန်းစုကြည်နဲ့ အရင်းနှီးဆုံးပုဂ္ဂိုလ်ဆိုတော့ အကြောင်းကို နည်းနည်းရှင်းပြပေးပါလားခင်ဗျ။

ဦးအုန်းမြင့်။ စခဲ့တာကတော့ ၁၉၈၄ ခုနှစ်၊ ကျနော်တို့ သူ့အဖေအကြောင်းပြောရင်းနဲ့ တနေ့ ကျနော်က ဘာယူသွားသလဲဆိုတော့ သူ့အဖေ ၁၉၃၀ ပြည့်နှစ်က (၇)တန်းမှာ စကောလားရှစ်ရလို့ ပညာသင်ဆုတွေရတယ်။ ထောက်ပံ့ကြေးတွေရတယ်ဆိုတဲ့စာရွက်ကလေး မဂ္ဂဇင်းထဲကဖြတ်ပိုင်းကလေးပေးတော့၊ ဟာ ပြောမယ်ပြောမယ်နဲ့ မေ့နေတယ်တဲ့။ ဖေဖေ့နာမည်နဲ့ ဗိုလ်ချုပ်အောင်ဆန်း အက်ဂျူကေးရှင်းနဲလ် ဖေါင်ဒေးရှင်းဆိုပြီးတော့ ဗမာပြည်မှာ လုပ်မယ်တဲ့။ သူစီစဉ်နေတဲ့ ပီအိတ်ချ်ဒီ ဒေါက်တာဘွဲ့အတွက်လုပ်မယ်ဆိုတဲ့ဥစ္စာ။ သူ့သုတေသနစာတမ်း ခေါင်းစဉ်ကလည်းပဲ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကို စာပေနှင့် စာနယ်ဇင်းများကအထောက်အကူပြုပုံပေါ့ဗျာ။ အကြမ်းဖျဉ်းအားဖြင့်၊ အဲဒါနဲ့ သူစာတမ်းရေးနေပြီးတော့၊ အဲဒါပြီးတာနဲ့တပြိုင်နက်တည်း သူ အလုပ်လုပ်မယ်ပေါ့။ အလုပ်လုပ်ပြီးတော့ သူ့ချွေးနည်းစာနဲ့ မတည်ပြီးတော့ အောင်ဆန်း အက်ဂျူကေးရှင်းနဲလ်ဖေါင်ဒေးရှင်းဆိုပြီး လုပ်မယ်တဲ့။ အဲဒါ ၁၉၈၄ ခုနှစ်ကတည်းက ပြောခဲ့တာ။

ကိုမိုးအေး။ ကျနော်တို့ကြားတာက ၁၉၈၅ ဝန်းကျင်တုန်းက တက္ကသိုလ်ရိပ်သာလမ်း နေအိမ်မှာ ဒီ လူမှုအထောက်အကူပြုလုပ်ငန်း ပုံစံမျိုး၊ အထူးသဖြင့် ပညာရေးနဲ့ပတ်သက်လို့ ရုံးဖွင့်ဖို့ ကျနော်တို့ ကြားမိတယ်။

ဦးအုန်းမြင့်။ တနေ့မှာ ဒေါ်စုက အမေ အားလားမသိဘူးတဲ့၊ သွားကြည့်ဦးမယ်တဲ့။ သွားကြည့်တော့ အားတယ်တဲ့။ အန်ကယ်လာတဲ့၊ သွားကြမယ်တဲ့။ မေမေတဲ့။ ဘာလဲ စု၊ ပြောတဲ့။ ဒီလိုဒီလိုပဲ အလုပ်လုပ်ပြီးတော့ ရတဲ့ ချွေးနည်းစာနဲ့ အောင်ဆန်း အက်ဂျူကေးရှင်းနဲလ် ဖေါင်ဒေးရှင်းလုပ်မလို့ စိတ်ကူးထားတယ်တဲ့။ စု ပြောနေတဲ့ဥစ္စာက ဗမာပြည်မှာလာပြီးတော့ ရုံးဖွင့်ပြီးတော့ ဒီအိမ်ဒီခြံထဲမှာ ရုံးဖွင့်ပြီးတော့ အောင်ဆန်းအက်ဂျူကေးရှင်းနဲလ် ဖေါင်ဒေးရှင်းကိုလုပ်မှာတဲ့။ ဗမာပြည်မှာ ပညာရေးမှာ ထူးချွန်တဲ့သူတွေအားလုံးကို ငွေရေးကြေးရေးကြောင့် သော်လည်းကောင်း၊ အကြောင်းကြောင်းကြောင့် အထက်တန်းပညာမသင်နိုင်တာတို့၊ နိုင်ငံခြားမသွားနိုင်တာတို့ကို အထောက်အပံ့ပေးဖို့စိတ်ကူးတယ်တဲ့။ ကောင်းတာပေါ့ ကောင်းတာပေါ့။ လုပ်ပါလုပ်ပါတဲ့။ မဟုတ်ဘူး၊ ဒီနေရာမှာ ရုံးဖွင့်ပြီး လုပ်ဖို့ ခွင့်တောင်းနေတာတဲ့။ လုပ်ပေါ့၊ ကောင်းတာပေါ့တဲ့။ ဒါဆိုရင် စုတော့ ဝမ်းသာသွားပြီတဲ့။ ဟန်ကျတာပဲဆိုပြီး ပြောပြီးတော့ လှည့်ထွက်တော့မှ မမကြည်။ ဒေါ်ခင်ကြည်က ခေါ်တယ်။ အဲဒီလိုလုပ်ရင် ပညာရေးဌာနက ပညာဘက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးတွေ၊ ပါမောက္ခကြီးတွေနဲ့ တိုင်ပင်ပြီးတော့ အကူအညီတောင်းပြီးတော့ လုပ်ပါတဲ့။ မဟုတ်ဘူးမေမေ၊ အဲဒီ ပညာဘက်ဆိုင်ရာပုဂ္ဂိုလ်တွေ၊ တကယ့်ပုဂ္ဂိုလ်ကြီးတွေနဲ့ စုက လိုက်ပြီးတော့ပြောဆိုပြီးတော့မှ၊ ချည်းကပ်ပြီးတော့မှ၊ တောင်းပန်ပြီးတော့မှ သူတို့ အပါအဝင် အဖွဲ့အစည်းတခုဖွဲ့ပြီးတော့မှ လုပ်မှာပါတဲ့။ ကောင်းတာပေါ့၊ လုပ်ပါလို့ အဲသလိုပြောခဲ့တယ်လေ။ ၁၉၈၄ ခုနှစ်ကတည်းက အဲသလိုပြောခဲ့တဲ့၊ အဲသည်ကနေ စခဲ့တဲ့ကိစ္စ။ အဓိကကတော့ လူမှုရေးလုပ်ငန်းတွေလုပ်ဖို့၊ အထူးသဖြင့် ပညာရေးနဲ့ ကျန်းမာရေးလုပ်ငန်းတွေပေါ့ဗျာ။

ကိုမိုးအေး။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကျပြီးပြန်လွတ်လာတော့ ၁၉၉၅ ပေါ့နော်။ လွတ်လာတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လူမှုအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခဲ့သေးတယ်။ အဲသည်မှာလည်း အဘဦးအုန်းမြင့်တို့၊ ထောင်ထဲမှာရှိနေတဲ့ ဦးဝင်းထိန်တို့ ခေါင်းဆောင်ခဲ့တယ်နော်။

ဦးအုန်းမြင့်။ ဟုတုန်းက ကျနော်တို့ကို တာဝန်ပေးပြီး လုပ်ခဲ့တဲ့ကိစ္စကတော့ ထောင်ထဲမှာရှိနေတဲ့ နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့ အဖမ်းခံရတဲ့ ပုဂ္ဂိုလ်ဟူသမျှကို ဆင်းရဲချမ်းသာမရွေး၊ ဘယ်ဘာသာယူတဲ့သူပဲဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ စျေးသည်ဖြစ်ဖြစ်၊ စျေးတောင်းခေါင်းရွက်ပဲဖြစ်ဖြစ် အကုန်လုံးပေါ့ဗျာ၊ အဲဒါတွေကို တယောက်တထောင်စီ အားပေးတဲ့အနေနဲ့ ထောက်ပံ့ဖို့၊ အဲဒါကနေ စခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည် လူမှုအထောက်အကူဆိုပြီး လုပ်ခဲ့တာလေ။

ကိုမိုးအေး။ ပထမဦးဆုံးဖွဲ့တုန်းက အဘတို့အနေနဲ့ ရံပုံငွေနဲ့ပတ်သက်လို့ ဘယ်လိုများ ရှာဖွေခဲ့ရသလဲ။

ဦးအုန်းမြင့်။ သူ စာတွေဘာတွေရေးလို့ ရတဲ့ငွေနဲ့ထုတ်ပေးတယ် ဆိုတဲ့သဘောပဲ။ ရံပုံငွေက အလွန်နည်းပါး ဆိုတော့ နောက်ပိုင်းကျမှ ကျနော်တို့အချင်းချင်း ညှိပြီးလုပ်ခဲ့တာ လေးတွေလည်း ရှိတယ်ပေါ့ဗျာ။ ဟိုလူ့ဆီကတောင်း၊ သည်လူ့ဆီကတောင်း၊ အလှူခံဆိုတဲ့ သဘောနဲ့၊ အဲဒါနဲ့ လုပ်ခဲ့တာပဲ။

ကိုမိုးအေး။ နိုင်ငံရေးနဲ့မပတ်သက်ဘဲ လူမှုရေးလုပ်ငန်းတွေလုပ်တော့ ဘယ်လိုအခက်အခဲမျိုးတွေ ကြုံတွေ့ခဲ့ရသလဲ။

ဦးအုန်းမြင့်။ အခက်အခဲတွေကတော့ အများကြီးပဲ။ ပထမတော့ မျက်နှာသုတ်ပုဝါလေးနဲ့ ဆပ်ပြာခဲလေးတွေ ပေးလိုက်တယ်ဗျာ။ ဒေါ်စုကပေးတယ်ဆိုတော့ ဝမ်းသာကြတာပေါ့။ အထဲက။ အချင်းချင်း ပြောကြပြုကြနဲ့၊ အာဏာပိုင်တွေက သိသွားတော့ နောက်ပိုင်း မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာခဲ သွင်းလို့မရဘူး။ သွင်းခွင့်မရတာမျိုးတွေ ကြုံခဲ့တယ်လေ။

စာမျက်နှာ(၆)၊ ကော်လံ (၄) သို့ ▶

မဲဆောက်မြို့ရှိ သိုးမွှေးစက်ရုံတရုံ၌ အလုပ်သမားများ ဆန္ဒပြမှုပြုလုပ် မြန်မာအလုပ်သမားများက လုပ်ခလစာတိုးမြှင့်ပေးရန်တောင်းဆို

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ

နိုဝင်ဘာ(၅)ရက်နေ့တွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ သိုးမွှေးစက်ရုံတရုံမှ မြန်မာအလုပ်သမား (၇၀၀)ကျော်တို့သည် လုပ်အားခများတိုးမြှင့်ပေးရန်အတွက် ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ အဆိုပါစက်ရုံရှိ မြန်မာအလုပ်သမား (၂၀)ခန့်က မိမိတို့၏ ပုတ်ပြတ်လုပ်အားခကို စက်ရုံမှ သတ်မှတ်ထားသည့် တဒါဇင်(၇၅)ဘတ်မှ (၁၀၀)ဘတ်အထိ တိုးပေးရန် စက်ရုံမန်နေဂျာနှင့် ညှိနှိုင်းပြောဆိုရာ ထို မန်နေဂျာက လုပ်အားခတိုးမပေးဘဲ ယင်းအလုပ်သမား(၂၀)ကို နိုဝင်ဘာ(၅)ရက်နေ့တွင် ထုတ်ပစ်လိုက်သည်ဟု သိရသည်။

အဆိုပါ အလုပ်သမားများမှာ အလုပ်လုပ်ခွင့် လက်မှတ်ရှိပြီးသူများဖြစ်ရာ ထိုသို့ အရေးယူမှုအပေါ် မကျေနပ်ကြသည့် အလုပ်သမား (၇၀၀) ကျော်တို့က ထိုနေ့မှာပင် လုပ်ငန်းခွင်သို့မဝင်ဘဲ ဆန္ဒပြခဲ့ကြသည်။

ထိုကဲ့သို့ ဆန္ဒပြခဲ့ကြသည့်အတွက် စက်ရုံမန်နေဂျာက မိမိတယောက်တည်းနှင့်မပြီးကြောင်း၊ စက်ရုံပိုင်ရှင်နှင့်ညှိနှိုင်းမှသာ ပြေလည်နိုင်မည်ဖြစ်ကြောင်း ရှင်းပြသည်။ ဘန်ကောက်တွင် နေထိုင်သည့် စက်ရုံပိုင်ရှင်ထံသို့ အဆိုပါကိစ္စကို အကြောင်းကြားခဲ့သည်။

နိုဝင်ဘာ (၆)ရက်နေ့တွင် စက်ရုံပိုင်ရှင်ရောက်ရှိလာရာ မြန်မာအလုပ်သမားများ ရရှိနိုင်မည့် တဦးချင်း၏လုပ်အားခများကို အားလုံးသိရှိနိုင်ရန်အတွက် ကြိုတင်သတ်မှတ်ပေးရေး၊ အခြားစက်ရုံများနည်းတူ လုပ်အားခတန်းတူပေးရေး၊ လုပ်ခကြိုတင်မသတ်မှတ်ဘဲ ငွေရှင်းချိန်ကြမှ ပေးချင်သလိုပေးခြင်းတို့ကို ဖျက်သိမ်းရေး စသည်တို့နှင့်ပတ်သက်၍ စက်ရုံပိုင်ရှင်ထံ တင်ပြတောင်းဆိုခဲ့ရာ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပြီးနောက် စက်ရုံပိုင်ရှင်ဘက်မှ အလုပ်သမား(၅)ယောက်ကို ပြန်ခေါ်ခိုင်းပြီး ကျန်(၁၅)ယောက်ကို ပြန်ပို့ပေးရန် ကတိပေးခဲ့ကြပြီးနောက် ယခုတိုင်အထိ ပြန်ခေါ်ခိုင်းခြင်းမရှိသေးပါ။ ယခုအခြေအနေ ဘေးကင်းလုံခြုံမှုရှိမရှိ ကိုယ်တိုင်ကိုယ်တွယ် ကြည့်ရှုနေကြရပြီး ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ ကြိုတင်ကာကွယ်ရန် ကြိုးပမ်းနေကြောင်း ရှင်းပြသည်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကိုမိုးအေး၊ ဦးအုန်းမြင့်ကို ဆက်သွယ်ခဲ့ပါတယ်။

ကိုမိုးအေး။ အမဲကဦးစားပေး စတင်လုပ်မယ့်လုပ်ငန်းတွေ ဘာတွေလည်း ဆိုတာရော။

ဦးအုန်းမြင့်။ အခုဆိုရင် ကျနော်တို့ တော်တော်အကူအညီပေးချင်တယ်။ ရခိုင်အဖွဲ့၊ ကရင်တွေ အများကြီးရှိတယ်ဗျာ။ ထောင်ဝင်စာ မလာကြဘူးဗျ။ လုံးဝမလာကြဘူး။ တအုပ်လုံး။ ဥပမာ သရက်ထောင်မှာဆိုရင် (၂၆–၂၇)ယောက်လောက်ရှိတယ်ဗျ။ ကရင်ချည်းပဲ။ တချို့က ၁၉၈၃ ကတည်းက ကျနေတာ။ ကြိုးကနေပြီး တသက်တကျွန်းကျနေတဲ့ သူတွေပေါ့ဗျာ။ သာယာဝတီမှာဆိုရင်လည်း (၁၁)ယောက်လောက်ရှိတယ် ရခိုင်တွေချည်းပဲ။ မြင်းခြံမှာဆိုရင် လေးငါးခြောက်ယောက်လောက်ကျန်တယ်။ မြင်းခြံမှာဆိုရင် ဟိုတုန်းက သိပ်များတယ်။ ထောင်ဝင်စာမလာလို့ ငတ်။ ဆင်းရဲဒုက္ခရောက်ပြီးတော့ သေတဲ့သူတွေလည်း သေကြကုန်တာပဲ။ လွတ်တဲ့လူလည်း လွတ်ကုန်ကြပါပြီ။ အဲဒါတွေအတွက် ထောင်ဝင်စာမလာတော့ အထဲမှာရှိတဲ့လူတွေ၊ အခြား နိုင်ငံရေးအကျဉ်းသားများကလည်း ပေးလို့ကမ်းလို့ရတဲ့အခါ ရမှာပေါ့။ မရတဲ့အခါ မရဘူးပေါ့။ အဲသလိုရှိတယ်။ အဲဒါတွေအတွက်က ဘာမှ ကျနော်တို့က တရားဝင် ပေးလို့မရဘူးလေ။ အဲဒါတွေကလည်း တော်တော်ကို သနားစရာကောင်းပါတယ်။ တချို့ဆိုရင် အင်းစိန်ထောင်မှာ ၁၉၈၃ ကတည်းက ကျနေတဲ့သူတွေ။ ကျနော်သိတာချည်းပဲ။ ကျနော်နဲ့ အတူနေခဲ့ရတဲ့သူ ခြောက်ယောက်လောက်ရှိတယ်။ သူတို့ဆိုရင် ထောင်ဝင်စာ လုံးဝမလာကြဘူးဗျ။ ဆယ်နှစ်ဆယ်မိုးပေါ့ဗျာ။ ဆယ်နှစ်မကကြာလာပြီဆိုတော့ ဒုက္ခရောက်နေကြပြီ။ မိသားစုတွေရော။ အထဲနေတဲ့သူလည်း ဒုက္ခရောက်တယ်၊ ကျန်းမာရေးလည်း ဆိုးတယ်။ ဘဝလည်းပျက်ကုန်ပြီ။ စီးပွားပျက်ပြီးတော့။ အဲဒီလိုလူတွေကို အတတ်နိုင်ဆုံး ပြန်လည်ထူထောင်ဖို့ပေါ့ဗျာ။

ကိုမိုးအေး။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ တွေ့ရတယ်ပေါ့နော်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကလည်း ဒီနိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်လို့ ကူညီနေတယ်၊ စောင့်ရှောက်နေတယ်ဆိုတာ ကျနော်တို့ သိရတယ်လေ။

ဦးအုန်းမြင့်။ အိုင်စီအာစီလာပြီးနောက်ပိုင်းမှာ တော်တော်သက်သာ ––––။ ထောင်ဝင်စာ မသွားနိုင်တဲ့သူတွေ အများကြီးရှိတယ်ဗျာ။ တချို့ဆိုရင် ငါးလနေမှ၊ ခြောက်လနေမှ တခေါက်သွားနိုင်တယ်။ တနှစ်မှ နှစ်ခေါက်လောက် သွားနိုင်တယ်။ အဲဒါမျိုးတွေ ရှိတယ်။ ဖြစ်နိုင်ရင် အကောင်းဆုံးကတော့ ရန်ကုန်မှာ နေတဲ့သူတွေကို ရန်ကုန်ပြန်ပို့ပေးလိုက်၊ အင်းစိန် ပြန်ပို့ပေးလိုက်။ မန္တလေးနေတဲ့သူ မန္တလေး ပြန်ပို့ပေးလိုက်။ ပိုကောင်းတာပေါ့။

ကိုမိုးအေး။ အခုအဖွဲ့ကရော ဘယ်လိုအခက်အခဲနဲ့ကြုံတွေ့နိုင်သလဲ။ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်တို့ ဘာတို့။

ဦးအုန်းမြင့်။ ဆွေးနွေးလို့ရမှာပါ။ နည်းနည်းတော့၊ ကျနော်ထင်တယ်လေ။ ကြာရင်လည်း ကြာဦးမှာပေါ့။ လွတ်လွတ်လပ်လပ်လုပ်လို့ရတဲ့အခါကျမှ အလုပ်လုပ်လို့ကောင်းမှာပေါ့။ ဥပမာဗျာ။ ရှေ့နေတွေရှိမယ်၊ ဆရာဝန်တွေ ရှိမယ်။ သူတို့ ရက်ဂျီစထေးရေးရှင်းလက်မှတ် ရမှ အလုပ်လုပ်လို့ရမှာပေါ့။ တချို့ ထောင်ကျပြီးတဲ့သူတွေ ရက်ဂျီစထေးရေးရှင်းလက်မှတ် မရသေးဘဲ။ အခု နားလည်မှု တည်ဆောက်နေတာ၊ ပိုပြီးတော့ နားလည်ပြီးတော့ မြန်မြန်ဆန်ဆန်ပြီးဖို့ပဲ အရေးကြီးတယ်လေ။ ■

စာမျက်နှာ (၅) မှ ▶

မစ္စတာရာဇာလီ လာချေဦးမည် မြန်မာပြည်

သောင်မတင်ရေမကျ လိပ်ခဲတည်းလည်း ဖြစ်နေသေးသည့် နိုင်ငံရေးအခြေအနေကြောင့် မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်ကြီးဖြစ်သူ မစ္စတာရာဇာလီအစ္စမေးလ်သည် နိုဝင်ဘာလနှောင်းပိုင်းတွင် မြန်မာပြည်သို့ထပ်မံသွားရောက်ဦးမည်ဖြစ်ကြောင်း နိုဝင်ဘာလ (၁၂)ရက်နေ့ AFP သတင်းတွင်ဖော်ပြပါရှိသည်။

မစ္စတာရာဇာလီအစ္စမေးလ်သည် နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြားဆွေးနွေးပွဲ အရှိန်မြှင့်တင်ပေးနိုင်ရေးအတွက် အခုလိုလာရောက်မှာဖြစ်ကြောင်း သိရှိရပြီး မြန်မာပြည်တွင်ရှိနေစဉ်အတွင်း နေအိမ်၌ အကျယ်ချုပ်ချထားခြင်းခံနေရဆဲဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရေးအတွက် နအဖစစ်အုပ်စုကို တောင်းဆိုမည်မှာ သေချာကြောင်း ရန်ကုန်ရှိ ကုလသမဂ္ဂအရာရှိတဦးက ပြောကြားခဲ့သည်။

ယခုရက်ပိုင်းများအတွင်း နအဖထိပ်ပိုင်း ဒုဗိုလ်ချုပ်ကြီး(၂)ဦးနှင့် ဒုဝန်ကြီးချုပ်(၂)ဦး အပါအဝင် ဝန်ကြီးများအား ရာထူးမှဖယ်ရှားလိုက်သည့်ဖြစ်ရပ်သည် မစ္စတာရာဇာလီ၏ ခရီးစဉ်အပေါ် ပြောင်းလဲသွားရန်ရှိမရှိဆိုသည်ကို မသိနိုင်သေးကြောင်း ထိုအရာရှိကဆိုသည်။ ယခုလ စောစောပိုင်းကလည်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်လွှတ်ပေးရန် နအဖစစ်အုပ်စုကို တောင်းဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုနေအိမ်မှာ အကျယ်ချုပ်ချထားခြင်းအပေါ် စိတ်မကောင်းဖြစ်ရပါကြောင်း ပြောဆိုသွားခဲ့သေးသည်ဟုသိရသည်။

မစ္စတာရာဇာလီသည် နိုဝင်ဘာလ (၂၅)ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိမည်ဖြစ်ပြီး ရက်သတ္တပတ်ကြာနေထိုင်သွားမည်ဟု သတင်းများ ရရှိသည်။ ■

ကရင်နီဒုက္ခသည်စခန်း အမှတ်(၃)၌ မတော်တဆမီးလောင်မှုဖြစ် အိမ်ခြေ (၁၂)လုံး ဆုံးရှုံးပြီး လူ (၃၀)ခန့် အိုးမဲ့အိမ်မဲ့ဖြစ်

နိုဝင်ဘာလ၊ (၁၅)ရက်နေ့၊ နံနက် (၁၀)နာရီအချိန်ခန့်တွင် ထိုင်းမြန်မာနယ်စပ်အနီးရှိ ကရင်နီဒုက္ခသည်စခန်း အမှတ်(၃)၌ မတော်တဆ မီးလောင်မှုဖြစ်ပွားခဲ့ရာ စုစုပေါင်းအိမ်ခြေ (၁၂)လုံး မီးလောင်ပျက်စီးခဲ့ပြီး၊ လူ (၃၀)ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း နယ်စပ်သတင်းများအရသိရှိရသည်။ အမှတ် (၅)ရပ်ကွက်တွင် နေထိုင်သူ အသက် (၇၀)အရွယ်ရှိ ဦးမီးရယ် နေအိမ်၌ ဝက်စာချက်ပြုတ်ရာမှစ၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရသည်ဟု ဆိုသည်။

မီး စတင်လောင်ကျွမ်းသည့်အချိန်တွင် အမှတ်(၅)ရပ်ကွက်ရှိ အိမ်ခြေအများစု၌ လူများရှိမနေကြကြောင်း၊ ထင်းခွေသွားခြင်း၊ ဒုက္ခသည်စခန်းရှိ ဆေးရုံသို့ရောက်နေခြင်း၊ စာသင်ကျောင်းများသို့ ရောက်ရှိနေကြခြင်း၊ ဒုက္ခသည်စခန်းရှိ ပရဟိတလုပ်ငန်းများ လုပ်ကိုင်နေကြခြင်းတို့ကြောင့် လူအသေအပျောက် လုံးဝမရှိခဲ့ကြောင်း Network Media Group သတင်းဌာနအဆိုအရ သိရှိရသည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် အချိန်အနည်းငယ်အကြာ၌ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ခရိုင်မှ မီးသတ်ကားများ၊ ထိုင်းနယ်ခြားစောင့်တပ်မှ တပ်မတော်သားများ၊ မယ်ဟောင်ဆောင်အခြေစိုက် ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးခွဲမှ တာဝန်ရှိသူများ၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီမှ တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိလာကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများကို ဒုက္ခသည်စခန်းရှိ ကရင်နီအမျိုးသမီးအစည်းအရုံးမှ အရေးပေါ် ကူညီစောင့်ရှောက်မှုများ ပြုလုပ်ထားကြောင်း နယ်စပ်သတင်းများအရ သိရှိရသည်။ ■

တနှစ်ခွဲအရွယ်ကလေးငယ်တဦးအား နအဖစစ်တပ်မှ ပြန်ပေးဆွဲသွားခြင်း

နအဖတပ်ဖွဲ့တဖွဲ့သည် ကရင်နီပြည်နယ်မှ အသက်တနှစ်ခွဲအရွယ် ကလေးငယ်တဦးအား ဇွန်လ(၁၃)ရက်နေ့က ပြန်ပေးဆွဲ၍ ကျပ်ငွေ(၄)သောင်းပေးမှ ပြန်လွှတ်ပေးမည်ဟု အကြပ်ကိုင်ခဲ့ကြောင်း နိုဝင်ဘာ(၄)ရက်နေ့က ထိုင်းမြန်မာနယ်စပ် ဒုက္ခသည်စခန်းတခုသို့ ရောက်ရှိလာကြသူ မိဘနှစ်ပါးက ပြန်လည်ပြောကြားခဲ့ကြောင်း Network Media Group သတင်းဌာန အဆိုအရ သိရှိရသည်။

ကရင်နီပြည်နယ်ရှိ အမှတ်(၇) စစ်အုပ်ချုပ်ရေးဒေသလက်အောက်ခံ အမှတ် (၄၂၆) ခြေလျင်တပ်ရင်းသည် အသက်တနှစ်ခွဲအရွယ် လီးရယ် ဆိုသည့်ကလေးအား (၃)ရက်ကြာ ပြန်ပေးဆွဲထားပြီး အဆိုပါ (၃)ရက်အတွင်း ကလေးငယ်သည် သောက်ရေမှလွဲ၍ အခြားမည်သည့်အစားအစာမျှ မစားရကြောင်း အဆိုပါသတင်းဌာန အဆိုအရ သိရှိရသည်။ ကလေးငယ်၏ ဆွေမျိုးနီးစပ်များက အမှတ် (၄၂၆) တပ်ရင်းသို့ ကျပ်ငွေ(၄)သောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါကလေး၏ဖခင်ဘူးရယ်သည်လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)အား စားနပ်ရိက္ခာကူညီပံ့ပိုးမှု စွဲချက်ဖြင့် မေလ (၁၈)ရက်နေ့ကတည်းက နအဖ၏ ဖမ်းဆီးမှုကိုခံနေခဲ့ရသည်။ ဖခင် ဘူးရယ်သည် ဇွန်လ(၁၃)ရက်နေ့တွင် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ နအဖစစ်တပ်က ဘူးရယ်ကို ပြန်လည်ဖမ်းဆီးနိုင်သဖြင့် အသက်တနှစ်ခွဲအရွယ် သူ့သားငယ် လီးရယ်အား ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း နိုဝင်ဘာလ (၄)ရက်နေ့က ထိုင်းမြန်မာနယ်စပ်အနီးရှိ ကရင်နီဒုက္ခသည်စခန်း အမှတ် (၂)သို့ရောက်ရှိလာသည့် လီးရယ်၏ ဖခင်ဖြစ်သူ ဘူးရယ်နှင့် ဇနီးစိုးမြာတို့က Network Media Group ကို ပြောကြားခဲ့ကြောင်း သိရှိရသည်။ ဘူးရယ် နေထိုင်ခဲ့သည့် ရွားတောမြို့နယ်အတွင်းရှိ ဒေါစိုးရှားကျေးရွာသည်လည်း ၂၀၀၁ ခုနှစ်၊ ဇွန်လအတွင်းက နအဖစစ်တပ်၏ အဓမ္မနေရာပြောင်းရွှေ့ခြင်းကို ခံခဲ့ရကြောင်း သိရသည်။

"ကျနော်တို့ ကလေးကို ပြန်ခေါ်ဖို့ ကျနော်တို့ မတတ်နိုင်ခဲ့ဘူး။ ကလေးပြန်လွတ်ဖို့ အတွက် ပိုက်ဆံပေးတဲ့ ဘယ်ဆွေမျိုးသားချင်းကိုမဆို သူတို့ဖမ်းပစ်မယ်လို့ စစ်တပ်က ပြောတယ်"ဟု စကားပြန်မှတဆင့် ပြောပြခဲ့ကြောင်း သိရှိရသည်။ ■

ကျားသနားမှ ချမ်းသာရောဝယ်

ရဲနည်

(မူရင်းစာရေးသူ မစုစုမွန်သည် ၁၉၇၀ ပြည့်နှစ်ဖွား၊ ရန်ကုန်ဇာတိဖြစ်၏။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကာလများအတွင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ)အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားခဲ့သော အထက်တန်းကျောင်းသူတဦးဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် အမှတ်(၇)စစ်ထောက်လှမ်းရေးအရာရှိများမှ ဖမ်းဆီးမှုကိုခံရပြီး ၁၉၅၀ ပြည့်နှစ် အရေးပေါ်ဥပဒေ ပုဒ်မ၅(ည)နှင့် တရားစွဲခံရ၏။ စစ်ကြောရေးဌာနတွင် သုံးလကြာပြီး ထောင်ဒဏ်သုံးနှစ်ကျခံရသည်။ ၁၉၉၃ ခုနှစ်တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။ ယခုဆောင်းပါးတွင် ထောက်လှမ်းရေး စစ်ကြောရေးဌာနဌ် တွေ့ကြုံရသော မစုစုမွန်၏ အဖြစ်အပျက်များကို တင်ပြထားပါသည်။)

၁၉၈၈ ခုနှစ်၊ သြဂုတ်လ စစ်အစိုးရ ဆန့်ကျင်ရေးဆန္ဒပြပွဲတွေမှာ ကျမ ပါခဲ့တုန်းက အထက်တန်းကျောင်းသူဘဝပဲ ရှိသေးတယ်။ စက်တင်ဘာလ စစ်တပ်ကအာဏာသိမ်းပြီးတော့ စစ်ထောက်လှမ်းရေးတွေလိုက်ဖမ်းတာ နှစ်ခါလောက်ရှောင်နိုင်ခဲ့ပေမယ့် (၂)နှစ်ခွဲ အကြာ ကျမ ကံဆိုးမိုးမှောင်ကျတော့တာပါ။

၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅)ရက်သန်းခေါင်အချိန်ပေါ့။ ဧည့်ဆိုးတွေ ကျမအိမ်ရှေ့ကို ရောက်လာကြတယ်။ ဗမာပြည်တွင်းမှာ ဧည့်ဆိုးဆိုရင် စစ်ထောက်လှမ်းရေးလို့ သိကြတယ်။ သူတို့နဲ့အတူ လက်နက်ကိုင်တပ်ဖွဲ့တွေရော၊ မဝတမ်းမြို့နယ်အရာရှိတွေလည်း ပါကြတယ်။ ဧည့်စာရင်း စစ်ချင်လို့ပါတဲ့။ အိမ်ထောင်စုစာရင်းနဲ့ အိမ်မှာရှိတဲ့လူတွေကို စစ်ပြီးတော့ ထောက်လှမ်းရေးအရာရှိတယောက်က "စိုးစိုးလို့ခေါ်တဲ့ မိန်းကလေးတယောက်ကိုသိလား" လို့ ကျမကိုမေးတယ်။ စိုးစိုးဆိုတာ ကျမအိမ်နာမည်။ ဒါပေမယ့် ကျမက "ဒီနာမည်မျိုးနဲ့လူ အသိထဲမှာ တယောက်မှမရှိဘူး" လို့ ပြန်ပြောလိုက်တယ်။ အဲဒီတော့ ကျမအခန်းထဲကို မ္မေတော့တာပါပဲ။ အဲဒီမှာ ကျမ ဒိုင်ယာရီကို တွေ့သွားကြတယ်။ စာအုပ်ကို ခပ်သွက်သွက် ဖတ်....၊ သိမ်းထားလိုက်ပြီး မေးခွန်းတချို့ မေးစရာရှိလို့ ကျမကို ခဏခေါ်သွားမယ် ....၊ ပြီးပြန်လွှတ်ပေးမယ်လို့ ကျမ မိသားစုကို ပြောပါတယ်။ သူတို့ ဘာပဲပြောနေပြောနေ ကျမကတော့ ဘာဆက် ဖြစ်မလဲဆိုတာ တွေးပြီး ကြောက်သွားတယ်။ ဟုတ်တယ်လေ....၊ ခဏဆိုတဲ့ဝေါဟာရက တော်တော့်ကို စိုးရိမ်ဖို့ ကောင်းတယ်မဟုတ်လား။

ကျမအံ့ဩတာက ကျမကိုဖမ်းဖို့ စစ်သားတွေ အများကြီးလာတာကိုပါ။ ဒေါသလည်း တော်တော်ထွက်တယ်။ ကျမလိုငယ်ရွယ်တဲ့ ကျောင်းသူတယောက်ကိုဖမ်းဖို့ စစ်သားတွေ အများကြီး ဘာကြောင့်လိုသလဲဆိုတာတော့ ကျမလည်း မစဉ်းစားတတ်အောင်ပဲ။ နောက်အိမ်ရှေ့မှာရပ်ထားတဲ့ စစ်ကားပေါ်တက်ဖို့ အမိန့်ပေးတယ်။ ကားပေါ်ရောက်လို့ ကျမ ကြည့်လိုက်တော့ ခေါင်းစွပ်စွပ်ထားတဲ့ ကျောင်းသားတချို့ကို တွေ့လိုက်ရတယ်။ အားလုံး ဆောင့်ကြောင့်ထိုင်နေကြပြီး ကျမကိုလည်း ဆောင့်ကြောင့်ထိုင်ခိုင်းပါတယ်။ နောက်ကျမကိုလည်း ခေါင်းစွပ်စွပ်လိုက်ပါတယ်။ ကျမတို့အားလုံး ခေါ်သွားခံရတဲ့နေရာကတော့ စစ်ထောက်လှမ်းရေးအမှတ်(၇)ရဲ့ဌာနချုပ်ပါ။

အဲဒီရောက်တဲ့အခါ ကျမတို့ကို အခန်းငယ်ကလေးတွေထဲမှာ ခွဲထည့်ထားလိုက်ပါတယ်။ အခန်းအပြင်ဘက်ကနေ မိုက်မိုက်ရိုင်းရိုင်း အသံတွေကြားနေရတယ်။ ကျမလည်း ကြောက်ဒူးစတုန်လာတယ်။ ကျမရဲ့ ကိုယ်ရေးအသေးစိတ် လက်ဗွေရာ၊ ဓါတ်ပုံတွေယူပြီးတဲ့နောက် စစ်ကြောရေးစတင်ပါတော့တယ်။ အဲဒီအချိန်ထိ ကျမကို မျက်လုံးပိတ်ထားတုန်းပါ။

ပထမဆုံး တောတွင်းကကျောင်းသားအဖွဲ့ (ABSDF)ဆီ ကျမရေးထားတဲ့စာကို ဖတ်ပြပါ တယ်။ နောက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ)က ကျောင်းသားတွေနဲ့ ကျမတွေ့ခဲ့တဲ့နေ့ရယ်၊ နေရာရယ်ကို ဆက်ပြောပါတယ်။ ကျမတွေ့ခဲ့တဲ့(ဗကသ)က ကျောင်းသူ နှစ်ယောက်နာမည်ကို မေးပါတယ်။ ကျမ စဉ်းစားတယ်။ ထိုင်ထလုပ်လို့ နာရတဲ့အထဲ သူတို့ထဲက တယောက်က ကျမထိုင်ထလုပ်တာရပ်သွားရင် ကျမ တင်ပါးနဲ့ ရင်သားကို ကြံချောင်းနဲ့ရိုက်သေးတယ်။ အဲဒါ တည်လုံးပဲ။ နောက် ကျမ လုံချည် ပြန်ပြင်ဝတ်ဖို့ ကြိုးစားတဲ့အခါတိုင်းလည်း လက်မောင်းကို ဖြတ်ရိုက်ခံရတယ်။

"မင်း အမှန်ကိုမပြောရင် မင်းလုံချည်ကို ချွတ်ပစ်မယ်"

ဒီကြားထဲ တခြားအခန်းတွေက အော်သံ၊ ငိုသံတွေကို ကြားနေရတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်သို့ပန်းစခန်းထဲရောက်နေရသလို ကျမခံစားလာမိတယ်။ ဟုတ်တယ်။

အိမ်သာတက်ဖို့ အခန်းထဲကထွက်တိုင်း ကျမ ခေါင်းစွပ်အစွပ်ခံရလို့ ဘာမှမမြင်ရတာပါပဲ။ ဘယ်သူအနားမှာ ရှိတယ်ဆိုတာ မသိရသလို၊ တံခါးကိုပိတ်ခွင့် မရှိပါဘူး။ မြန်မာအမျိုးသမီး အပျိုစင်တယောက်အနေနဲ့ ဘယ်လောက် ခက်ခဲသလဲဆိုတာ တွေးကြည့်ရုံနဲ့...

ကြိုးစားလိုက်တိုင်း အစောင့်က တံခါးကို အသံကျယ်ကြီး တံခါးကို ဆောင့်ပိတ်လိုက်ပြီး နှောင့်ယှက်ယုံတင်မက "ဟေ့....ကောင်မလေး တယောက်ထဲ အိပ်နေသလား၊ ဗမာပြည်မှာ အားအကြီးဆုံးစစ်တပ်အကြောင်းသိချင်ရင် ဒီကိုလာပါလား" လို့ ပြိတီတီအသံနဲ့ အော်ပါသေးတယ်။

အဆိုးဆုံးကိစ္စတခုကတော့ အိမ်သာတက်တာပါ။ အကြောင်းက အိမ်သာတက်ဖို့ အခန်းထဲကထွက်တိုင်း ကျမ ခေါင်းစွပ်အစွပ်ခံရလို့ ဘာမှမမြင်ရတာပါပဲ။ ဘယ်သူအနားမှာ ရှိတယ်ဆိုတာ မသိရသလို၊ တံခါးကိုပိတ်ခွင့် မရှိပါဘူး။ မြန်မာအမျိုးသမီးအပျိုစင်တယောက်အနေနဲ့ ဘယ်လောက်ခက်ခဲသလဲဆိုတာ တွေးကြည့်ရုံနဲ့သိနိုင်ပါတယ်။ ပထမဦးဆုံးအကြိမ် အိမ်သာတက်တုန်းက တံခါးပိတ်ဖို့ ကျမ တောင်းဆိုပေမယ့် အစောင့်က ငြင်းတယ်။

"မင်းသိထားဖို့က ငါ့တာဝန်က မင်း လုပ်သမျှ စောင့်ကြည့်ဖို့ပဲ။ တကယ်လို့ မင်း အိမ်သာထဲ ကိုယ့်ကိုယ်ကိုသတ်သေသွားရင် ငါ ဒဏ်တပ်ခံထိမယ်။ အေး....မင်းရှက်တတ်ရင် အိမ်သာတက်ဖို့ မကြိုးစားနဲ့"

နောက်ပိုင်း အင်းစိန်ထောင်ကို ကျမ အပို့ခံရတယ်။ ထောင်ရောက်သွားတော့ ကျမ ဝမ်းသာတာရော၊ ဝမ်းနည်းတာပါ ခံစားရတယ်။ ဒီလိုလေ၊ ဝမ်းသာတာက စစ်ကြောရေးက လွတ်လာလို့။ ဝမ်းနည်းတာက ကျမ ဘာပြစ်မှုတခုမှ မကျူးလွန်ပါပဲ ထောင်ထဲကို ရောက်နေရလို့ပါ။ ဒါပေမယ့် ထောင်ရောက်လို့ နှစ်ပတ်ပဲရှိသေးတယ်။ စစ်ထောင်လှမ်းရေးအမှတ်(၇)က ကျမကိုပြန်ခေါ်ထုတ်ပြီး စစ်ကြောရေး လုပ်ပြန်တယ်။ ရန်ကုန်က ရေကူးဆက်သွယ်ရေးမျှော်စင် တိုက်ခိုက်ခံရတာနဲ့ ကျမ ပါဝင်ပတ်သက်နေတယ်လို့ သူတို့စွပ်စွဲကြတယ်။ သူတို့က ကျမကို တိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး ဘယ်သူ တာဝန်ရှိတယ်ဆိုတာ အတင်းဝန်ခံခိုင်းတယ်။ သူတို့ အခုထိ တရားခံရှာမတွေ့သေးဘူးဆိုတာ ကျမ သဘောပေါက်ပါတယ်။ တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး တယောက်ယောက်ကို အပြစ်ပုံချပြီး သတင်းစာရှင်းလင်းပွဲတခုလုပ်ဖို့ သူတို့ အသည်းအသန်ဖြစ်နေတယ်။ ဒါပေမယ့် ဘာကြောင့် ကျမကို ရွေးထုတ်လိုက်သလဲဆိုတာ ကျမ နားမလည်ဘူး။ အရာရှိတယောက်က ကျမ ဝန်မခံဘူးဆိုရင် ကျမရဲ့အပျိုစင်ဘဝကို ဖျက်ဆီးပစ်မယ်လို့ ခြိမ်းခြောက်တယ်။ ကျမ တော်တော်ကြီး တုန်လှုပ်သွားမိတယ်။ အိပ်လည်း မအိပ်နိုင်၊ စားလည်းမစားနိုင်တော့ဘူး။ ကျမကို အတွေးတွေကပဲ ဖိစီးနှိပ်စက်နေတော့တယ်။ ကျမ ဒီကိစ္စကိုမလုပ်မိပါပဲ ဝန်ခံလိုက်ရင် ကျမ သေဒဏ်ကျတော့မယ်။ ကျမဘယ်လို ဆုံးဖြတ်ရမလဲ။ ကျမ ရူးသွားတော့မယ်။ သူတို့က လက်နက်တွေ ဘယ်မှာဝှက်ထားသလဲဆိုတာ မေးလိုက်တိုင်း ကျမကိုယ်ကျမ သတ်သေချင်လိုက်တာ။ နောက်ဆုံးသူတို့ကို ဒီမေးခွန်း မမေးဖို့ ကျမ အော်ထည့်လိုက်ပြီး ကြူးကြူးပါအောင် ကျမ ငိုတော့တာပဲ။ နောက် ကျမကို စစ်ကြောရေးထပ်မလုပ်ဖို့ သူတို့ကိုတောင်းပန်မိပါတယ်။

သုံးရက်မြောက်တဲ့နေ့မှာတော့ ကျမကို (၂)နှစ်ကျော်ကျော်ချုပ်နှောင်ထားမယ့် အင်းစိန်အကျဉ်းထောင်ဆီ ပြန်ပို့ပေးခဲ့ကြပါတယ်။ တကယ်တော့ စစ်ထောက်လှမ်းရေးတွေရဲ့ စစ်ကြောရေးဆိုတာ ယဉ်ကျေးလှပါတယ်ဆိုတဲ့ မြန်မာပြည်မှာ မရှိသင့်၊ လက်မခံသင့်တဲ့ နေရာပါ။ အင်မတန်ရိုင်းစိုင်းကြမ်းတမ်းတဲ့ သားရဲတိရစ္ဆာန်လိုသတ္တဝါတွေနဲ့ ကျမကြုံခဲ့ရတာကို ဒီဆောင်းပါးလေးနဲ့ မိဘပြည်သူတွေကို တင်ပြအစီရင်ခံအပ်ပါတယ်။ ကျေးဇူးရှင်....။ ■

မူရင်း – Tortured Voices စာအုပ်မှ မစုစုမွန်၏ At the Mercy of Best ဆောင်းပါး။

ပြည်သူလူထုက ပညာမရှိရင်၊ ပြည်သူလူထုကို ပညာမဲ့အောင်လုပ်ထားရင် အာဏာရှင်များတက်ဖို့ လွယ်မယ်။ ပညာရင့်ကျက်တဲ့ ပြည်သူလူထုအပေါ်မှာ အာဏာရှင်များ စိုးမိုးဖို့ဆိုတာ မလွယ်ဘူး။

ဇေါ်အောင်ဆန်းစုကြည်
၅၊ ၈၊ ၉၉။

မိုးမြေ သတင်းစဉ်
ဈေး
စာမူများ၊ ဝေဖန်အကြံပြုစာများ ဆက်သွယ်ပေးပို့နိုင်ပါသည်။
P.O. Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ဖူကူယားမား နိဂုံး

ညိုထက် (လမ်းသစ်ဦး)

ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်။ အဖြစ်အပျက်တို့က ကြွေတလှည့်၊ ကြက်တခုန်။ (၂၁)ရာစု၏ အနာဂတ်က ခန့်မှန်း၍ ခက်ခဲ့ပြီတကား။ လစ်ဘရယ် ဒီမိုကရေစီအောက်တွင် ကမ္ဘာ့ပြဿနာများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်း၍ရလိမ့်မည် ဟူသော အယူအဆက မှန်ဝါးခဲ့ပြီ။

နယူးယောက်မြို့ကြီးက စစ်ရှုံးမြို့တော်ကြီးတမျှ ငိုကြွေးသံများ၊ စိုးရိမ်ထိတ်လန့်မှုများနှင့် အပျက်အစီးများဖြင့် ပြည့်လျှမ်းနေသည်။ ရှေ့ပြည်အေးတရားက ခေတ်မစားနိုင်တော့ပြီ။ သမ္မတကြီးဂျော့ဒဗလျူဘုရှ်က ကြေငြာခဲ့သည်။ “အကြမ်းဖက်ဝါဒကို လက်နက်နည်းဖြင့် ဖြေရှင်းသွားမည်”ဟူလို။

“အနာဂတ်ကမ္ဘာကို စီးပွားရေးကပဲ အဆုံးအဖြတ်ပေးတော့မယ်။ စစ်ရေးဖြင့် အဆုံးအဖြတ်ပေးလို့ မရတော့ဘူး”ဟူသော အမေရိကန်ပညာတတ် အသိုင်းအဝိုင်း၏ အယူအဆသည် စစ်ရိပ်စစ်ငွေ့တို့ဖြင့် ဝေဝါးခဲ့ချေပြီ။ လက်တွေ့အရလည်း စစ်ပြင်ဆင်မှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်နေပြီကို တွေ့နေရသည်ပင်။

ယင်းအဖြစ်အပျက်နှင့်စပ်လျဉ်းပြီး ယှဉ်တွဲသတိရစရာတခုရှိသည်။ ဖရန်စစ်ဖူကူယားမား၏ “သမိုင်းလမ်းဆုံး” အယူအဆ။

သူ့အဆိုအရ ဆိုဗီယက်ပြိုကွဲမှုသည် စစ်အေးခေတ်ကို အဆုံးသတ်စေသည်။ ထို့အပြင် လစ်ဘရယ်ဝါဒ(ဝါ)အရင်းရှင်ဝါဒက ကွန်မြူနစ်ဝါဒကို အောင်ပွဲခံလိုက်ခြင်းလည်း ဖြစ်သည်ဟုဆိုသည်။ ပြုတ်ကျသွားသော ကွန်မြူနစ်အစိုးရများ၏နေရာတွင် လစ်ဘရယ်ပုံစံအစိုးရများက ကျယ်ကျယ်ပြန့်ပြန့်နေရာယူလာခဲ့ပြီ။ ထိုနိုင်ငံအတွင်းရှိ နိုင်ငံသားများ (အထူးသဖြင့် ပညာတတ်များ)ကလည်း လွတ်လပ်မှုကို ပိုမိုတောင်းဆိုလာကြပြီ။ ထိုအချက်များသည် လစ်ဘရယ်ဒီမိုကရေစီဝါဒဆီသို့ ဦးတည်ရွေ့လျားခြင်းဖြစ်သည်ဟု ဆိုသည်။

ဖူကူယားမား၏ ဤတင်ပြချက်နှင့် ပတ်သက်၍ မဆွကပင် အခြားသောပညာရှင်များ၏ ဆန့်ကျင်သုံးသပ်ချက်များပေါ်ခဲ့သည်။ ယင်းပညာရှင်တို့က“ကမ္ဘာတွင်လစ်ဘရယ်ဝါဒ အောင်ပွဲမခံနိုင်ခဲ့သလို မာ့(စ်)ဝါဒလည်း အမှန်တကယ် ကျဆုံးခြင်းမဟုတ်။ ယခုအဖြစ်အပျက်သည်‘လီနင်ဝါဒမီးငြိမ်းခြင်း’သာလျှင်ဖြစ်သည်” ဟုထောက်ပြကြသည်။ ဗျူရိုကရေစီယန္တရားနှင့် တပါတီစနစ်တို့ ပေါင်းစပ်ခြင်း၏ရလဒ်ဟု ဆိုလိုချင်ပုံရသည်။ ထို့အပြင် မာ့(စ်)၏တရားကိုယ်သဘောတရားများသည် ကမ္ဘာ့ ပကတိအခြေအနေအရ တည်ရှိဆဲဖြစ်သည်ဟု ဆိုလိုချင်ပုံလည်း ပေါ်သည်။

တချို့သော ပညာရှင်များကလည်း “ကွန်မြူနစ်ဝါဒကို အောင်ပွဲခံခဲ့သည်မှာ လစ်ဘရယ်ဝါဒမဟုတ်။ အကယ်စင်စစ် ကွန်မြူနစ်ဝါဒကို အလဲထိုးခဲ့သည်မှာ အမျိုးသားရေးဝါဒသာလျှင်ဖြစ်သည်”ဟု ထောက်ပြကြသည်။ ရုရှား မဟာအောက်တိုဘာတော်လှန်ရေး ခေါင်းဆောင်ဖြစ်သည့် လီနင်၏ “လူတန်းစားပြဿနာကို ဖြေရှင်းနိုင်လျှင် လူမျိုးရေးကိစ္စလည်း ဖြေရှင်းပြီးဖြစ်သည်” ဆိုသော အဆိုအမိန့်ကို သတိချပ်စရာပင်။ မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံမဆို မိမိလူမျိုးနှင့် နိုင်ငံတည်ရှိရေး၊ ရှင်သန်ရေး၊ ဖွံ့ဖြိုးရေးကို အလေးအနက်ထားသည်မှာ ဓမ္မတာ။

ကွန်မြူနစ်နိုင်ငံဟောင်း၏ အစိုးရ လစ်ဘရယ်ပုံစံဖြစ်လာခြင်းမှာ စစ်အေးခေတ် ကမ္ဘာ့ပုံစံအရ ဝါဒ(၂)ခု၊ အစိုးရပုံစံ(၂)ခုရှိခဲ့သည်။ ၎င်းပုံစံ (၂)ခုအနက်မှ တခုဖြစ်သော ဆိုဗီယက်ပုံစံကို လက်တွေ့က ထောက်ခံချက် မပေးသောအခါ မလွှဲမရှောင်သာ ကျန်ပုံစံတခုဖြစ်သော လစ်ဘရယ်ပုံစံကို အသုံးပြုလာကြခြင်းဖြစ်သည်။ လစ်ဘရယ်ပုံစံကို လိုလိုလားလား လက်ခံလိုက်ကြခြင်းမဟုတ်။

၁၁၊ ၉၊ ၂၀၀၁ ရက်နေ့ အဖြစ်အပျက်ကလည်း လစ်ဘရယ်ဝါဒသည် ကမ္ဘာ့အဖြေမဟုတ်ကြောင်း ပြသလိုက်သကဲ့သို့ ဖြစ်ခဲ့ရသည်။ ထို့အပြင် ဦးတည်ရန်သူအဖြစ် သဘောထားပြီး အသေခံတိုက်ပွဲဝင်မည့် အုပ်စုတခု သေချာပေါက်ရှိကြောင်း ပြသလိုက်ခြင်းလည်း ဖြစ်ပေသည်။

“ကမ္ဘာ့လူထုကြီးက အရင်းရှင်စနစ်ထက် သာလွန်တဲ့စနစ်တခုကိုမျှော်နေဆဲပါ”ဟူသော စကားကို သတိရချင်စရာ။ ဆိုဗီယက် ပြည်ထောင်စု၏ နောက်ဆုံးသမ္မတဖြစ်သူ ဂေါ်ဘာချော့ ပြောခဲ့ခြင်းဖြစ်သည်။

စစ်အေးခေတ် ဇာတ်သိမ်းသွားသောအခါ အမေရိကန်တနိုင်ငံတည်းသာ ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ကျန်နေခဲ့သည်။ ဤသည်ကိုပင် အမေရိကန်ဝင်ရိုးတခုတည်းဖြင့် လည်နေသော ကမ္ဘာဟု ဆိုကြသေးသည်။

စောဒကတက်သူများက “ကမ္ဘာကြီးလည်နေသည်မှာ အမေရိကန်(ဝါ) လစ်ဘရယ်ဝင်ရိုးတခုတည်းဖြင့် မဟုတ်။ အမျိုးသားရေးဝါဒ၊ ပြင်းထန်သော အစ္စလာမ်အစွန်းရောက်ဝါဒနှင့် မဟာအမျိုးသမီးဝါဒတို့ကဲ့သို့ အခြားအားကောင်းမောင်းသန် ဝင်ရိုးများလည်းရှိသေးသည်”။ တရုတ်ကိုလည်းဝင်ရိုးတခုအဖြစ် ထည့်သွင်းတွက်ချက်သူများရှိသည်။ ဆိုလိုသည်မှာ ဝင်ရိုးများစွာဖြင့် လည်နေသော ကမ္ဘာ။

လက်တွေ့အဖြစ်အပျက်ကလည်း အမေရိကန်သည် တခုတည်းသောကမ္ဘာ့ဝင်ရိုးမဟုတ်ကြောင်းပြသလိုက်ပြီး ဆန်းစစ်သူတို့ထောက်ပြကြသော အခြားဝင်ရိုးများ၏ အရေးပါမှုကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရပြီ။

ဖူကူယားမားက (History)သမိုင်း ဆိုသည်မှာ အဖြစ်အပျက်တို့ကို ဆိုလိုရင်းမဟုတ်။ အိုင်ဒီအိုလော်ဂျီကို ဆိုလိုခြင်းဟုပြောသည်။ အတိတ်သမိုင်းတွင် အလွန်အကျွံလွတ်လပ်ခြင်းနှင့် အလွန့်အလွန်ချုပ်ချယ်ခြင်းတို့ကို ကမ္ဘာ့လူသားတို့ ကြုံတွေ့ခဲ့ရပြီးပြီ။ ထို့ကြောင့် ယနေ့အချိန်အခါတွင် လွတ်လပ်မျှတပြီး တန်းတူကျသော လစ်ဘရယ်ဝါဒဖြင့်သာလျှင် ကမ္ဘာ့နိုင်ငံရေး ဒဿနလမ်းကြောင်း အဆုံးသတ်ရပေတော့မည်။ ဖြစ်ရပ်များကတော့ ဆက်၍ရှိနေဦးမည်။ သို့သော် လစ်ဘရယ်ဝါဒအောက်တွင် ဖြစ်ပေါ်တိုးတက်နေသော ဖြစ်ရပ်များသာလျှင် ဖြစ်မည်။

လက်တွေ့က ထောက်ခံမှုမပေးသော မည်သည့်သီဝရီမဆို အမှားဖြစ်သည်၊ လစ်ဘရယ်ဝါဒသည် အတွေးအခေါ်အရ အနိုင်ရခဲ့ပြီဟု ထင်နေသော်လည်း အကယ်စင်စစ်မဟုတ်။ အမှန်တကယ် အဖြစ်အပျက်များတွင် လစ်ဘရယ်ဝါဒသည် တရားမျှတမှုကိုဖော်ဆောင်နိုင်ခြင်းမရှိချေ။

လစ်ဘရယ်ဝါဒဖြင့် မဟာအင်အား ဖြစ်နေရပါသည်ဆိုသော နိုင်ငံကြီးများက နိုင်ငံငယ်များအပေါ် ဗိုလ်ကျလွှမ်းမိုးနေသည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုရေးရာတို့တွင် တဘက်စောင်းနင်း ဖြစ်နေသည်။ စီးပွားရေးအရဂုဏ်သွေးစုံနေသည်၊ အနောက်၏အယူအဆများ၊ စဉ်းစားပုံများကို အရှေ့ကလက်ခံလာအောင် နည်းမျိုးစုံဖြင့်ကြိုးစားနေသည်။ မျက်မှောက်ခေတ် နိုင်ငံငယ်များ၏ သံခင်းတမန်ခင်းပေါ်လစီသည် “အမေရိကန်ကိုအဓိကထား၊ အခြားဥရောပနိုင်ငံများနှင့် ပလဲနံပသင့်ရေး” ပင်ဖြစ်နေရချေပြီ။ ၎င်းတို့နှင့် ပဏ္ဏာမစားသော နိုင်ငံငယ်များသည် အတိဒုက္ခပေါင်းစုံ ခံစားပေရမည် မလွဲချေ။

ဤကဲ့သို့ နိုင်ငံကြီးများဘက် တိမ်းစောင်းနေသော ကမ္ဘာ့အခြေအနေအောက်တွင် လစ်ဘရယ်ဝါဒကပြောသော လွတ်လပ်မှု၏ ဂုဏ်သိက္ခာဟူသည်မှာအဘယ်နည်း။ နိုင်ငံငယ်များ အတွက်တော့ အောင့်သီးအောင့်သက်နိုင်လှသော ဟာသတခုမျှသာ။ “သတင်းခေတ်”ဟု အမည်ခံပြီး “သတင်းစစ်”ထိုးနေသည်။ ဤမီဒီယာဗဟိုပြုတိုက်ပွဲကို “ယဉ်ကျေးမှု အနိုင်ကျင့်ခြင်း”ဟုပင် ခေါ်တွင်နေပြီ။

ခေတ်ဟောင်း၊ ခေတ်သစ်လစ်ဘရယ်ဝါဒ နှစ်မျိုးရှိသည်ဟု မည်သို့ပင်ဆိုဆို လစ်ဘရယ်သည် လစ်ဘရယ်သာလျှင်ဖြစ်သည်။ ခေတ်ဟောင်း လစ်ဘရယ်ဝါဒသည် ရိုင်းစိုင်းသော နယ်ချဲ့ဝါဒဖြစ်ပြီး ခေတ်သစ်လစ်ဘရယ်ဝါဒသည် ယဉ်ကျေးဟန်ဆောင်ထားသော ပါးနပ်သည့်နယ်ချဲ့ဝါဒသာလျှင်ဖြစ်သည်။ နယ်ချဲ့သည် ဆိုသည်မှာ အဓမ္မအမှုပင်ဖြစ်သည်။ မတရားမှုကို မည်သူမျှကြာရှည်သည်းမခံ။ ဆင်သေကို ဥပဒေ ဆိတ်သရေဖြင့် ဖုံး၍မရ။ တနေ့တချိန်တွင် မုချပုန်ကန်ကြပေလိမ့်မည်။ ယခုပင်လျှင် ပုန်ကန်ခဲ့ကြပြီတကား။

ဝိသာလဇာတ်တော်လာ ဗုဒ္ဓဘုရားရှင်၏ တရားစကားကိုပင် ကိုးကားချင်ပါသည်။ “အတွင်းရန်သည် အပြင်ရန်ထက် ဒုက္ခပေးမြန်သည်”။

ဖူကူယားမားကဆက်လက်၍ နောက်ဆုံးလူ အယူအဆကို တင်ပြပေသေးသည်။ သူ့အယူအဆအရ လူကိုနှစ်မျိုးခွဲသည်။ ပထမလူသည် မိမိကိုယ်ကို တန်ဘိုးထားသည်။ မိမိတန်ဘိုးကို အခြားလူများက လေးစားစေချင်သည့် ဆန္ဒရှိသည်။ အသိအမှတ်ပြုစေချင်သည်။ ဤသို့ အသိအမှတ်ပြုချက် ရရှိရေးအတွက် ရုန်းကန်တိုက်ပွဲဝင်ကြရသည်။ ဤသည်ပင် သမိုင်း၏ မောင်းနှင်ရေးအားဟုဆိုသည်။ မိမိကိုယ်ကို တန်းဘိုးမြင့်ကြောင်း ပြသလိုမှုကြောင့်ပင် လူမှုအဆင့်အတန်းနှင့် နယ်ချဲ့စစ်ပွဲများ ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

နောက်တဆင့်ကို ၁၉-ရာစုမှ စတင်ခဲ့သည်။ ဤရာစုတွင် အတွေးအခေါ်တော်လှန်ရေး တရပ်ပေါ်ပေါက်ခဲ့သည်။ လစ်ဘရယ်ဝါဒ ထွန်းကားလာသည်။ လစ်ဘရယ်နိုင်ငံများ ပေါ်ပေါက်လာသည်။ ဤဖြစ်ထွန်းမှုမှနေ၍ ညီတူညီမျှအသိအမှတ်ပြုမှုသို့ ရွေ့လျားလာသည်။ အသိအမှတ်ပြုမှုအတွက် အစဉ်တစိုက်တိုက်ပွဲဝင်လာသော“ပထမလူ”သည် အသိအမှတ်ပြုမှုကို ညီမျှစွာခံစားလာရမည့် “နောက်ဆုံးလူ” ဖြစ်သွားရမည်။ ဤသို့ဖြင့် သမိုင်းသည် နိဂုံးချုပ်တော့မည်ဟု ဆိုသည်။

ဤသမိုင်းဆိုင်ရာကောက်ချက်ချမှုနှင့် ပတ်သက်၍ စောဒကတက်ရပေလိမ့်မည်။ သမိုင်းဆိုင်ရာမောင်းနှင်အားသည် လူတို့၏ အသိအမှတ်ပြုခံလိုစိတ်ဖြစ်သည်ဟု ဆိုခြင်းမှာ အံ့ဖွယ်ရာ။ အစဉ်အလာအားဖြင့် လူသည် မိမိထက် အင်အားသာလွန်ကြီးမားပြီး သူ့သဘောသူဆောင်နေသော သဘာဝတရားကြီးနှင့် ကြမ်းကြုတ်ရက်စက်သော တိရိစ္ဆာန်တို့ကို တွန်းလှန်ခဲ့ရသည်။ ဤကား သမိုင်းဦးခေတ်၊ ကျွန်ပိုင်ရှင်ခေတ်တွင် ကျေးကျွန်များက ကျွန်ပိုင်ရှင်သခင်များကိုလည်းကောင်း၊ မြေရှင်ပဒေသရာဇ်ခေတ်တွင် သက်ဦးဆံပိုင်ဘုရင်များကိုလည်းကောင်း၊ နယ်ချဲ့ကိုလိုနီခေတ်တွင် အရင်းရှင်နယ်ချဲ့နိုင်ငံကြီးများကိုလည်းကောင်း တွန်းလှန်တိုက်ပွဲဝင်ကြခြင်းမှာ လူတို့၏ အသိအမှတ်ပြုခံလိုစိတ် သက်သက်ကြောင့်မဟုတ်။

အဖိနှိပ်ခံတို့က ဖိနှိပ်သူတို့၏ ယုတ်မာရက်စက်မှုကို မခံမရပ်နိုင်ကြသောကြောင့် ဖြစ်သည်။ အနိုင်ကျင့်ဖိနှိပ်မှုကို မည်သည့် လူသားတစုံတယောက်ကမျှ လက်ခံလိမ့်မည်မဟုတ်ပါ။ လူသားအချင်းချင်း၊ နိုင်ငံအချင်းချင်း မဆိုထားနှင့် သဘာဝတရားကိုပင် လက်မခံကြ။ သဘာဝတရား၏ အနိုင်ကျင့်မှုကိုတွန်းလှန်ရင်း လူနေမှုဘဝအဆင့်အတန်း တိုးတက်လာရသည်မှာ မျက်မြင်။ ဤသည်ပင် သမိုင်းဖြစ်၏။

အသက်ရှင်နေထိုင်လိုစိတ်၊ လိုဘကြီးခြင်း၊ လွတ်လပ်လိုစိတ်၊ တန်ခိုးသြဇာကြီးထွားလိုမှု (တနည်း) ဟေဂယ်နှင့် ဖူကူယားမားတို့ပြောသော အသိအမှတ်ပြုခံလိုစိတ် စသည်တို့သည် တစုံတရာသက်ရောက်ပါဝင်သည်ကို မငြင်း။ အဓိကအားဖြင့်တော့ ဖိနှိပ်အနိုင်ကျင့်မှုကို တွန်းလှန်ရင်း ပို၍ဖိနှိပ်မှုကင်းရာသို့ တဟုန်ထိုးချီတက်ရန် လှုံ့ဆော်နေသော အခြေခံစိတ် (တနည်း) တော်လှန်ရေးစိတ်ဓာတ်သာလျှင် သမိုင်း၏ မောင်းနှင်အား အစစ်အမှန်ဖြစ်သည်။ ဤမှန်ကန်ချက်ကို နယူးယောက်မြို့ရှိ WTC ညီနောင်အဆောက်အဦ ဘုန်းဘုန်းလဲဖျက်ဆီးခံရမှုက ထောက်ခံခဲ့ပြီးပြီ။

လစ်ဘရယ်ဝါဒသည် ကမ္ဘာ့အဖြေမဟုတ်သည်မှာ သေချာသည်။ ထို့အပြင် ဖူကူယားမား၏ Trust “ယုံကြည်မှု”ဟု အမည်ပေးထားသော စာအုပ်ထဲမှ “ယဉ်ကျေးမှုချင်းပဋိပက္ခမဖြစ်ဘဲ အပြန်အလှန်စေ့ဆော်အားပေးမှုကိုသာ ဖြစ်ထွန်းစေလိမ့်မည်” ဟူသော ရှေ့ပြည်အေး ဟောကိန်းသည်လည်း WTC အဆောက်အဦများကဲ့သို့ ပြိုလဲခဲ့ရ ပြန်ချေပြီ။

လစ်ဘရယ်ဝါဒသည် ကမ္ဘာ့နိုင်ငံရေး ဒဿနနယ်ပယ်တွင် တစုံတရာရိုက်ခတ်မှု ပြင်းထန်ခဲ့သော်လည်း အပြည့်အဝ ဝင်ရောက်အစားထိုးနိုင်ခြင်းမရှိချေ။ ကမ္ဘာ့နိုင်ငံရေး ဒဿနနယ်ပယ်သည် လေဟာနယ်အဖြစ် ကျန်ရှိခဲ့ခြင်းသာလျှင် ဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် စတင်ဖြစ်ထွန်းခဲ့သော ဖူကူယားမားအတွေးအခေါ်သည် ၂၀၀၁ ခုနှစ်တွင် ပြိုကွဲခဲ့ရချေသည်။ သမိုင်းက လမ်းမဆုံး၊ ဖူကူယားမားသာ လမ်းဆုံးခဲ့ရသည်။ မတရားမှုရှိနေလျှင် တိုက်ပွဲရှိနေမည်။ ပဋိပက္ခသည် အသစ်ဖြစ်ထွန်းမှုကို အားပေးသည်။ လေဟာနယ်သည် ကာလတခုမျှသာ ကြာပါမည်။ ၎င်းကို အခြားနိုင်ငံရေး သီဝရီတခုခုက အစားထိုးဝင်ရောက်ပါလိမ့်မည်။ အဟောင်းကုန်ဆုံးလျှင် အသစ်စတင်ရမည်မှာ သဘာဝကိစ္စ။ ■

နိုင်ငံကြီးများဘက် တိမ်းစောင်းနေသော ကမ္ဘာ့အခြေအနေအောက်တွင် လစ်ဘရယ်ဝါဒကပြောသော လွတ်လပ်မှု၏ ဂုဏ်သိက္ခာဟူသည်မှာ အဘယ်နည်း။ နိုင်ငံငယ်များအတွက်တော့ အောင့်သီးအောင့်သက်နိုင်လှသော ဟာသတခုမျှသာ။

ခရီးသည်တင်မော်တော်ယာဉ်တစီး ချင်းတွင်းမြစ်တနေရာ၌နစ်မြုပ်

နိုဝင်ဘာလ (၈)ရက်နေ့ ညနေပိုင်းတွင် ခရီးသည်(၁၀၀)ကျော်တင်ဆောင်ပြီး မုံရွာမြို့မှ ဟုမ္မလင်းမြို့သို့ ခုတ်မောင်းနေသည့် ငွေဇင်သိန်းအမည်ရှိ ခရီးသည်တင် မော်တော်တစီးသည် အိန္ဒိယမြန်မာနယ်စပ်အနီး ကလေးဝမြို့နယ်၊ ကဇတ်ကျေးရွာအနီး၌ ရေဝဲစုပ်ခံရပြီး နစ်မြုပ်သွားကြောင်း အိန္ဒိယမြန်မာနယ်စပ်မှ လာသော သတင်းများအရ သိရှိရသည်။

အတည်မပြုရသေးသည့် သတင်းတပုဒ်အရ မော်တော်ပေါ်ပါလာသည့် ခရီးသည်(၁၀၀)ကျော်ထဲမှ ခရီးသည် (၇၀)ကျော်ကိုသာ ကယ်တင်နိုင်ခဲ့ပြီး၊ (၃၀)ကျော်မှာ ပျောက်ဆုံးနေကြောင်း သိရသည်။ ယခုနှစ် မုတ်သုန်ရာသီအတွင်း ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းများ တကြိမ်တခါမျှမဖြစ်ပေါ်ခဲ့ဘဲ မိုးကုန်ပိုင်းရောက်မှ လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်လာခဲ့ပြီး မြန်မာနိုင်ငံအထက်ပိုင်းနှင့် ရှမ်းပြည်နယ်အတွင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း သတင်းရရှိသည်။

ချင်းတွင်းမြစ်အတွင်း ခရီးသည်တင်မော်တော်ယာဉ်တစီး ရေဝဲစုပ်ခံရပြီး နစ်မြုပ်ခဲ့သည့်သတင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံကို ဆယ်စုနှစ် (၃)စုကျော်ကြာအုပ်ချုပ်နေခဲ့သည့် စစ်အာဏာပိုင်များကမူ သတင်းထုတ်ပြန်ကြေငြာမှု ပြုလုပ်ခြင်း မရှိသေးပေ။ ■

သံဖနောင့်ဖောက်မှ တတိယကမ္ဘာ

လူ၈၅၇

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများမှ နိုင်ငံသားတဦး တတိယကမ္ဘာသို့ အကြောင်းတစုံတရာကြောင့်ရောက်လာလျှင် သူနေထိုင်ရာကမ္ဘာဟု ထင်နိုင်စရာအကြောင်းမရှိ၊ ဘာသာရေးကျမ်းစာများထဲ၌ ဖော်ပြလေ့ရှိသော ငရဲဘုံတခုသို့ရောက်ရှိ ခံစားသွားရနိုင်သည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ လူမှုထိပ်သီးအစည်းအဝေး၌ 'ကမ္ဘာ့ဆင်းရဲမဲ့တေမှုပယျောက်ရေး' ပြဿနာရပ်ကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းပြီး ပြဿနာရပ်ကိုဖြေရှင်းနိုင်သော သဘောတူညီချက်များချမှတ်ခဲ့ကြသည်။ ငါးနှစ်အကြာတွင် ချမ်းသာသောနိုင်ငံများက ပိုမိုချမ်းသာ ကြွယ်ဝလာပြီး ဆင်းရဲသောနိုင်ငံများက ပိုမိုဆင်းရဲမဲ့တေလာသောကြောင့် "ဖွံ့ဖြိုးပြီးနိုင်ငံအများစုကတော့ မိန့်ခွန်းတွေသာ တခုပြီးတခု ချေနေကြတယ်၊ ဒါပေမယ့် ဘာတခုမှ ဆင်းရဲမှုပယျောက်အောင်မလုပ်ခဲ့ကြပါဘူး"ဟု တူနီးရှားကိုယ်စားလှယ် ဟက်တန်ဘင်ဆလင်းက ဂျီနီဗာတွင် ကျင်းပခဲ့သော ၂၀၀၀ ပြည့်နှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အထူးအစည်းအဝေး တရပ်တွင် ရင်ဖွင့်ပြောကြားသွားခဲ့သည်။

ယနေ့ကမ္ဘာ့လူဦးရေသည် သန်းပေါင်း (၆၀၀၀)ရှိနေပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံ သန်းပေါင်း(၄၀၀၀)သည် ဝင်ငွေနည်းပါးလှသော တတိယကမ္ဘာတွင် နေထိုင်ကြသည်။ လက်တင်အမေရိက၊ အာဖရိက၊ အာရှတိုက်တို့မှ နိုင်ငံအများစုမှာ တတိယကမ္ဘာအဖွဲ့ဝင်များ ဖြစ်နေကြပြီး ဤ တောင်ကမ္ဘာခြမ်းနိုင်ငံများမှာ ယေဘုယျအားဖြင့် တူညီသောဘဝနောက်ခံများ ရှိနေကြသည်။ တတိယကမ္ဘာသည် ယခင်နယ်ချဲ့ကိုလိုနီခေတ်၌ ကျွန်ပြုဖိနှိပ်မှုဒဏ်ကို ဆိုးမွေအဖြစ်ခံစားခဲ့ရပြီး တိုင်းပြည်အလိုက် လူဦးရေများပြားခြင်း၊ အလုပ်လက်မဲ့များပြားခြင်း၊ အသိပညာ၊ အတတ်ပညာချို့တဲ့ခြင်း၊ပြည်တွင်းထွက်ကုန်နည်းပါးခြင်း၊ လူမျိုးရေးပဋိပက္ခများနှင့် ပြည်တွင်းမငြိမ်သက်မှုများရှိခြင်း စသည်တို့ကြောင့် ဆင်းရဲမဲ့တေမှု ချောက်ကမ်းပါးကြီးထဲမှ ရုန်းမထွက်နိုင်ကြသေးပေ။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများမှ နိုင်ငံသားတဦး တတိယကမ္ဘာသို့ အကြောင်းတစုံတရာကြောင့် ရောက်လာလျှင် သူနေထိုင်ရာကမ္ဘာဟု ထင်နိုင်စရာအကြောင်းမရှိ၊ ဘာသာရေးကျမ်းစာများထဲ၌ ဖော်ပြလေ့ရှိသော ငရဲဘုံတခုသို့ရောက်ရှိနေသည်ဟုခံစားသွားရနိုင်သည်။ အခြားစိတ်ပျက်ဖွယ်ရာ ဂြိုလ်ကမ္ဘာတခုမှ ဂြိုလ်သားများအဖြစ်မှတ်ထင်ယူဆသွားနိုင်သည်။ တတိယကမ္ဘာရှိ စားနပ်ရိက္ခာငတ်မွတ်ခေါင်းပါးမှု၊ သောက်ရေသုံးရေမလုံလောက်မသန့်ရှင်းမှု၊ ရေလွှမ်းမိုးခြင်းနှင့် မိုးခေါင်ခြင်းအစရှိသည့် သဘာဝဘေးအန္တရာယ်ရင်ဆိုင်ရမှု၊ ကပ်ရောဂါများနှင့် အေအိုင်ဒီအက်စ်ရောဂါကဲ့သို့ ရောဂါဆိုးများ ဆိုက်ရောက်မှု၊ ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်းနိမ့်ကျမှု၊ ဘာသာရေးနှင့်ထုလူမျိုးရေး ပဋိပက္ခကြီးထွားမှု စသည့်ပြဿနာများသည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံသားများအတွက် ယုံတမ်းစကားမျိုး ဖြစ်နေပေလိမ့်မည်။

လက်တွေ့တွင် ၁၉ ရာစု ကုန်ဆုံးချိန်၌ ကမ္ဘာ့ဆင်းရဲချမ်းသာကွာခြားမှုအချိုးသည် (၉း၁) ရှိခဲ့ပြီး ၂၀ ရာစုကုန်ဆုံးချိန်တွင် (၆၀း၁) ဖြစ်လာသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်က ၂၀၀၀ ပြည့်နှစ် ကုလသမဂ္ဂအထွေထွေညီလာခံ အထူးအစည်းအဝေးတွင် လူပေါင်း (၁၀၂) ဘီလီယံတို့သည် တနေ့လျှင် (၁) ဒေါ်လာ ထက်နည်းသော ငွေကြေးဖြင့်ရင်း၊ (၁၀၆)ဘီလီယံတို့မှာ(၂)ဒေါ်လာထက်နည်းသော ငွေကြေးဖြင့်ရင်း၊ နေ့စဉ်စားဝတ်နေမှုဘဝကို ဖန်တီးနေကြရသည်ဟု အစီရင်ခံခဲ့သည်။ အလားတူ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (UNCTAD) ၏ ထိပ်သီးအစည်းအဝေး၌ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌက လူဦးရေသန်း(၃၀၀၀)မှာ တနေ့(၂)ဒေါ်လာအောက်သာ လုပ်ခရပြီး၊ သန်း(၁၂၀၀)မှာ (၁)ဒေါ်လာအောက် လုပ်ခရသည်ဟု ထုတ်ဖော်တင်ပြခဲ့သည်။ ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင်လည်း လူဦးရေသန်း(၉၀၀)မှာ အစာရေစာမလုံလောက်မှုကြောင့် အာဟာရချို့တဲ့မှုရှိနေသည်ဟုဖော်ပြထားသည်။ ကုလသမဂ္ဂ ခန့်မှန်းချက်အရ အာဖရိကတိုက်တတိုက်တည်းမှာပင် နေ့စဉ် ကလေးပေါင်း (၁၉,၀၀၀)မှာ အစာရေစာငတ်မွတ်ခေါင်းပါးမှုနှင့် ကျန်းမာရေးချို့တဲ့မှုကြောင့် သေဆုံးနေကြရသည်ဟုဆိုသည်။ အာဖရိကသည် ပြည်တွင်းထုတ်ကုန်တန်ဖိုး(ဂျီဒီပီ)၏ လေးပုံသုံးပုံနှင့်ညီမျှသည့်၊ နှစ်စဉ်ပို့ကုန်၏ လေးဆနှင့်ညီမျှသည့် ကြွေးမြီဒေါ်လာ (၃၇၅)ဘီလီယံကို စက်မှုဖွံ့ဖြိုးပြီး အနောက်နိုင်ငံများသို့ ပေးဆပ်ရန်ရှိနေသည်။ ဤအခြေအနေတွင် မဟာအင်အားကြီး အမေရိကန်နိုင်ငံရှိ အလုပ်သမားတဦး တနှစ်ဝင်ငွေမှာ ဒေါ်လာ(၂)သောင်းမှ (၄)သောင်းအထိ ရှိနေပေသည်။

၁၉۷၄ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တတိယကမ္ဘာမှ "ကမ္ဘာ့စီးပွားရေး ပုံစံသစ်" (New International Economic Order)ကို တင်ပြတောင်းဆိုခဲ့သည်။ "ကမ္ဘာ့စီးပွားရေးပုံစံသစ်"သည် တတိယကမ္ဘာ၏ စီးပွားရေးပြဿနာများကို ဖြေရှင်းပေးနိုင်မည့် ကမ္ဘာ့စီးပွားရေးဖြစ်ထွန်းရေးကို ဦးတည်သည်။ တတိယကမ္ဘာ၏ ထုတ်ကုန်များကို စျေးမနှိမ်ပဲ ဦးစားပေးစေချင်သည်။ တင်ရှိနေသော ကြွေးမြီများကို ပြန်လည်ညှိနှိုင်းသတ်မှတ်ခြင်း၊ ထိုက်သင့်သလို လျှော်ပစ်ခြင်းတို့ ရှိစေချင်သည်။ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ၊ (MNC) နိုင်ငံလွန်ကော်ပိုရေးရှင်းကြီးများ (TNC)အနေဖြင့် လိုက်နာရမည့်ကျင့်ထုံးတို့ကို သတ်မှတ်ထားစေချင်သည်။ နောက်ကျကျန်နေခဲ့သော နိုင်ငံတို့ကို ခေတ်မီနည်းပညာများမျှဝေဖြန့်ဖြူးပေးစေချင်သည်။ ကမ္ဘာ့ငွေကြေးစနစ်ကိစ္စများတွင် တတိယကမ္ဘာအနေဖြင့် ပိုမိုပြောဆိုခွင့်ရလိုသည်ဟု တင်ပြလာကြသည်။ 'စီးပွားရေးအခွင့်အရေးနှင့် နိုင်ငံတို့တာဝန်'၊'ကမ္ဘာ့စီးပွားရေးပုံစံသစ်ဖော်ရေး လက်တွေ့လုပ်ငန်းစဉ်' တို့ကို တတိယကမ္ဘာက တင်ပြဆွေးနွေးခဲ့သော်လည်း စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးတို့က လက်မှတ်ထိုးရန် မဆိုထားနှင့် ဝေဖန်ဆွေးနွေးမှုပင် မရှိခဲ့ကြပေ။

၁၉၉၉ ခုနှစ်စာရင်းအရ ကမ္ဘာ့လူဦးရေ (၂၀%)သာရှိသော စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများသည် တကမ္ဘာလုံး ဂျီဒီပီ၏ (၈၀%)နှင့် ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ (၈၁.၂%)ကိုပိုင်ဆိုင်ထားကြသည်။ နိုင်ငံလွန်ကော်ပိုရေးရှင်းကြီး (TNC)ပေါင်း (၆၀,၀၀၀)ရှိနေပြီး တကမ္ဘာလုံး ဂျီဒီပီ(ပြည်တွင်းထွက်ကုန်)စုစုပေါင်း၏(၄၀%)၊ နိုင်ငံတကာကုန်သွယ်မှုစုစုပေါင်းပမာဏ၏(၆၀%)၊ နိုင်ငံတကာနည်းပညာကုန်သွယ်မှု စုစုပေါင်းပမာဏ၏(၆၀% မှ ၇၀%)၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Inverstment FDI)စုစုပေါင်းပမာဏ၏ (၉၀%)ကို ချုပ်ကိုင်လွှမ်းမိုးထားနိုင်ခဲ့သည်။ မဟာအင်အားကြီး အမေရိကန်နိုင်ငံတခုတည်းကပင် ကမ္ဘာ့ထုတ်ကုန် စုစုပေါင်း၏(၃၀%)ကိုထုတ်လုပ်နေသည်။ တဦးချင်းအရဆိုလျှင် ကမ္ဘာ့သန်းကြွယ်သူဌေးကြီး (၄၄၇)ယောက်၏ ဝင်ငွေစုစုပေါင်းမှာ ကမ္ဘာ့လူဦးရေထက်ဝက်ကျော် (သန်းပေါင်း၃၀၀၀ကျော်) ၏ဝင်ငွေနှင့် ညီမျှနေသည်။

စက်မှုဖွံ့ပြီးနိုင်ငံများရှိ ဤသူဌေးကြီးများ ပိုင်ဆိုင်သော ဧရာမကော်ပိုရေးရှင်းကြီးများသည် ဧရာမဘဏ္ဍာငွေကြေးအရင်းအမြစ် ပိုင်ဆိုင်မှု၊ အဆင့်မြင့်ကုန်ထုတ်လုပ်မှုနှင့် စက်မှုနည်းပညာပိုင်ဆိုင်မှု၊ ကမ္ဘာအနှံ့ဖြန့်ကြက်ထားသော သတင်းမီဒီယာဆက်သွယ်ရေး ကွန်ယက်ပိုင်ဆိုင်မှု၊ ကိုယ်ကျိုးစီးပွားကာကွယ်ပေးထားသော စာချုပ်စာတမ်းများပိုင်ဆိုင်မှု စသည့် အစွမ်းထက်လက်နက်များကို အသုံးပြုကာ တကမ္ဘာလုံးဆိုင်ရာလွတ်လပ်သည့်စျေးကွက်ကြီးကို အကန့်အသတ်အတားအဆီးမရှိ လက်ဝါးကြီးအုပ် လွှမ်းမိုးချယ်လှယ်ထားနိုင်ပေရာ အထူးသဖြင့် တတိယကမ္ဘာနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများကို ဝါးမြိုဖျက်ဆီးပစ်လျက်ရှိနေပေသည်။ မျှတမှုလုံးဝမရှိသော စျေးကွက်ကြောင့် ၁၉၈၀ မှ ၁၉၉၁ ခုနှစ်အတွင်း ဖွံ့ဖြိုးမှုနည်းပါးလှသည့် နိုင်ငံများ၏ ကုန်သွယ်မှုအရှုံးစုစုပေါင်းသည် အမေရိကန်ဒေါ်လာဘီလျံ (၂၉၀) ရှိခဲ့သည်။ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စသည်တို့က ချမှတ်ထားသော မည်မျှသည့်ကုန်သွယ်ရေးစည်းမျဉ်းများ၏ ဖိနှိပ်မှုကြောင့်ဖြစ်ရသည်ဟုဆိုသည်။■

ဆက်လက်ဖော်ပြပါမည်

ကျပ်(၅၀၀)တန်နှင့် (၁၀၀၀)တန်ငွေစက္ကူများ ဖျက်သိမ်းတော့မည်ဟူသည့် ကောလဟာလများထွက်ပေါ်နေ

မြန်မာနိုင်ငံတွင် လက်ရှိလှည့်လည်သုံးစွဲနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်မှ ထုတ်ဝေဖြန့်ချိသော (၅၀၀)တန် ငွေစက္ကူများနှင့် (၁၀၀၀)တန်ငွေစက္ကူများအား မကြာမီ ဖျက်သိမ်းပစ်တော့မည်ဟူသည့် ကောလဟာလများ ထွက်ပေါ်နေသည်။ ထိုကောလဟာလနှင့် ပတ်သက်ပြီး မဟုတ်မှန်ကြောင်း နအဖ စစ်အုပ်စုက နိုင်ငံဘာလ (၁၈)ရက်နေ့က ငြင်းဆိုလိုက်သည်ဟု AFP သတင်းဌာန အဆိုအရ သိရှိရသည်။

ဒုတိယစစ်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်ချုပ်ကျော်ဝင်းက ၎င်းတို့ နအဖအစိုးရ သက်တမ်းရှိနေသရွေ့ (၁၀၀၀)တန်နှင့် (၅၀၀) တန်ငွေစက္ကူများ ပုံမှန်အတိုင်း ဆက်လက်လည်ပတ် အသုံးပြုနိုင်မည်ဟုပြောကြားခဲ့သည်။ "ကျနော်တို့အစိုးရက တာဝန်ယူနေရသရွေ့ တရားဝင်ရိုက်ထုတ်ထားတဲ့ (၁၀၀၀)တန် ငွေစက္ကူတွေရော၊ (၅၀၀)တန် ငွေစက္ကူတွေပါ ဖျက်သိမ်းပစ်ဖို့ လုံးဝရည်ရွယ်ချက်မရှိပါဘူး။ နယ်စပ်ဒေသတွေမှာ ငွေစက္ကူအတုတွေ ထုတ်နေကြတော့ ကုန်သည်တွေက (၁၀၀၀)တန် ငွေစက္ကူတွေကို လက်မခံရဲကြတော့ဘူး။ အဲဒီကစပြီး ကျနော်တို့က (၁၀၀၀)တန် ငွေစက္ကူတွေနဲ့ (၅၀၀)တန်ငွေစက္ကူတွေကို ဖျက်သိမ်းပစ်တော့မယ်ဆိုတဲ့ ကောလဟာလထွက်လာတာပါပဲ"ဟု ဗိုလ်ချုပ်ကျော်ဝင်းက နိုဝင်ဘာလ(၁၇)ရက်နေ့ညနေပိုင်းတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

(၁၀၀၀)တန်နှင့် (၅၀၀)တန် ငွေစက္ကူများကို နအဖစစ်အုပ်စုက ဖျက်သိမ်းပစ်တော့မည်ဟူသည့် ကောလဟာလကြောင့် ရန်ကုန်မြို့ရှိ ဒေသခံပြည်သူများအဖို့ များစွာ စိုးရိမ်ပူပန်နေကြကြောင်း သတင်းများရရှိသည်။ "စတော့မှာရှိနေတာမှန်သမျှ ရောင်းပစ်ဖို့ ကျနော်တို့ စိစဉ်ကြိုးစားရတော့တာပေါ့" ဟု ရန်ကုန်မြို့ရှိ စီးပွားရေးသမားတဦးက ပြောပြခဲ့သည်။ ယခုရက်ပိုင်းအတွင်း နိုင်ငံသားအတော်များများသည် (၁၀၀၀)တန် ငွေစက္ကူများကို အမြန်ဆုံးနည်းဖြင့် လဲလှယ်သုံးစွဲနေကြသည်။ တက္ကစီမောင်းသမားများကလည်း ခရီးသည်များပေးသည့် (၁၀၀၀)တန် ငွေစက္ကူများကို ပြန်အမ်းရန် အခက်အခဲဖြစ်နေကြ

ဗိုလ်ချုပ်ကျော်ဝင်း

သည်။

ငွေစက္ကူများ ဖျက်သိမ်းမည်ဟူသော ကောလဟာလသတင်းကြောင့် မြန်မာ့စီးပွားရေးကို ရိုက်ခတ်နိုင်ပေသည်။ မြို့ကြီးမြို့ငယ် အသီးသီးရှိ မြန်မာပြည်သူပြည်သားများသည်လည်း အခြေခံ လူသုံးကုန်ပစ္စည်းများမှအစ ဓါတ်ဆီအဆုံး စျေးနှုန်းများပိုမိုမြင့်တက်လာမည်ကို စိုးရိမ်နေကြကြောင်း ပြည်တွင်းသတင်းရင်းမြစ်များမှလာသော သတင်းများအရ သိရှိရသည်။ ■

ရှမ်းပြည်နယ်တောင်ပိုင်း ဟိုမိန်းမြို့နယ်အတွင်း နအဖစစ်တပ်နှင့် ဟိုမိန်းပြည်သူ့စစ်အဖွဲ့ပူးပေါင်း၍ ပြည်သူ့စစ်အဖွဲ့ဝင် (၂)ဦးအား ပစ်ခတ်သတ်ဖြတ်

နအဖစစ်တပ် အမှတ် (၂၄၉) ခြေလျင်တပ်ရင်းနှင့် မဟာဂျာခေါင်းဆောင်သော ဟိုမိန်းပြည်သူ့စစ်အဖွဲ့ဝင်များသည် နိုဝင်ဘာလ (၂)ရက်နေ့က အချင်းချင်းသဘောထားကွဲလွဲကာ ဟိုမိန်းဒေသပြည်သူ့စစ်အဖွဲ့ဝင် (၂)ဦးကို ပစ်သတ်ခဲ့ကြောင်း ရှမ်းပြည်တောင်ပိုင်းမှ လာသော သတင်းများအရ သိရှိရသည်။

နအဖစစ်အုပ်စုနှင့် ငြိမ်းချမ်းရေးရယူထားသည့် ဘိန်းဘုရင်ခွန်ဆာ၏ တပ်မှူးဟောင်းတဦးဖြစ်သူ ဟိုမိန်းမြို့မှ လက်ရှိပြည်သူ့စစ်ခေါင်းဆောင် မဟာဂျာ၏ နေအိမ်အနောက်ဖက် တောင်ကုန်းပေါ်တွင် ဒေသခံ ကာကွယ်ရေး ပြည်သူ့စစ်အဖွဲ့ဝင် (၄)ဦးသည် နိုဝင်ဘာလ၊ ညနေ(၆)နာရီခွဲအချိန်ခန့် လုံခြုံရေးကင်းစောင့်နေကြစဉ် အချင်းချင်း သဘောထားကွဲလွဲပြီး စကားများကြရာမှ ပစ်ခတ်မှုဖြစ်ပွားရာ အဖွဲ့ဝင် (၂)ဦးသေဆုံးကာ ကျန် (၂)ဦးသည် လက်နက်(၅)လက်ကိုယူဆောင်၍ ထိုင်းမြန်မာနယ်စပ်သို့ ထွက်ပြေးခဲ့ကြောင်း Network Media Group သတင်းဌာနအဆိုအရ သိရှိရသည်။

ထွက်ပြေးသွားကြသူများမှာ လုံခြုံရေးကင်းတာဝန်ခံ 'ဝ' လူမျိုး လူးလူးနှင့် ပအိုင်းလူမျိုး အိုက်ထပ်တို့ဖြစ်ကြသည်။ ၄င်းတို့နောက်သို့ နအဖစစ်တပ် အမှတ် (၂၄၉)နှင့် မဟာဂျာဦးဆောင်သော ပြည်သူ့စစ်အဖွဲ့ဝင် အချို့တို့ ပူးပေါင်းပြီး လိုက်လံရှာဖွေရာ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ခရိုင် အနောက်မြောက်ဖက် ကီလိုမီတာ (၅၀)ခန့်အကွာ၌ တွေ့ရှိပြီး တိုက်ပွဲငယ်တခုဖြစ်ပွားကာ တဦးသေဆုံးပြီး တဦးကိုအရှင်ဖမ်းမိခဲ့သည်။ အရှင်ဖမ်းမိသူကိုလည်း နေရာတွင်ပင် ပစ်သတ်လိုက်ကြောင်း Network Media Group သတင်းဌာနအဆိုအရ သိရှိရသည်။ ■

ပြောပြပါရစေ

သို့
အယ်ဒီတာ
မိုးကြိုးသတင်းစဉ်

ကျမက ရန်ကုန်ဆင်ခြေဖုံးမြို့နယ်တခုမှာ နေတဲ့ အိမ်ရှင်မတဦးပါရှင့်။ မဲဆောက်မှာ အလုပ်လာလုပ်တဲ့သမီးလေးကို သတိရလွန်းလို့ လာလည်ရင်း အမှတ်မထင် "မိုးကြိုး"ကို ဖတ်လိုက်ရပါတယ်ရှင့်။ ဒါနဲ့ပဲ ပြည်တွင်းမှာ ပြောချင်တာတွေကို မိုးကြိုးကနေပြောဖို့ ဟန်ကျသွားတာတွေ့ရတာနဲ့ ဒီစာကို ရေးလိုက်ပါတယ်။ ဟိုမှာ ပြောလို့မရတာတွေ ဒီမှာ ပြောခွင့်ရတဲ့အတွက် "မိုးကြိုး"ကိုတော့ ကျေးဇူးတင်မိပါတယ်။ စာရေးနေမကျလို့ ထောက်အောင့်နေရင်လည်း ခွင့်လွှတ်ဖို့ ကြိုပြီး တောင်းပန်ပါရစေဦး။

ထားပါတော့ရှင်။ ကျမပြောချင်တာက မီးဖိုချောင်ကိစ္စ၊ ဆန်စျေး၊ ဆီစျေး၊ ဒါက ပဓါနမဟုတ်လား။ ခုကျမတို့ ရန်ကုန်မှာ စားသုံးဆီပြဿနာဟာ ထိပ်ဆုံးမှာ ရောက်နေတဲ့ အရေးအခင်းပါ။ ဒါကိုပြောချင်တာ။ စစ်တပ်က လူတယောက်ကို စားအုံးဆီ ၂၅ ကျပ်သား(အဝက်သား) ၃၅၀ ကျပ်နှုန်းနဲ့ ဖြန့်ပေးနေလို့ အပြင်မှာ ၁၁၅၀ စျေးထက် စာရင်သက်သာတော့ အဲ့ဒီ ဆီလာရောင်းတဲ့ နေရာမှာ လူတွေ လူတွေ တန်းစီလိုက်ကြတာမှ အုန်းအုန်းထနေတာပဲ။ တချို့ကလည်း အိမ်သုံးဖို့၊ တချို့ကလည်း တန်းစီတိုးစားပြန်ရောင်းဖို့။ မိသားစု တစုမှာ လူလေးယောက် တန်းစီရင် တပိသာ ရတော့ အပြင်မှာ ၇၀၀ ကျပ်နဲ့ ပြန်ရောင်းရတဲ့ အမြတ် ၃၅၀ နဲ့ ကိုယ့်မိသားစု စားရေး ဖြေရှင်းနေရတာနဲ့ ဆိုတော့ လူတွေလူတွေမှာ တနေ့တနေ့ ဒါနဲ့ ချည်းသက်သက် အချိန်ကုန်နေရတော့တာပါပဲ။ ဒီတော့ ဆီရရှိရေး တန်းစီရတဲ့အဖြစ်ကို စိတ်ကူးထဲမှာ မြင်ကြည့်ပေါ့။ မြန်မာပြည်သားမှန်ရင် တနေရာမဟုတ် တနေရာ တန်းစီဖူးမှာ မလွဲပါဘူးနော်။

ကျမ ပြောပြချင်တာကတော့ ဆီ အဝက်သား၊ လူသားတသက် ဖြစ်နေတဲ့ မြန်မာပြည်ကြီးပါလို့

အိမ်ရှင်မပီပီ ကျမအပြောချင်ဆုံးကတော့ မီးဖိုချောင်ကိစ္စပေါ့ရှင်။ ပြောတော့သာ မီးဖိုချောင်ပါနော်။ စားဝတ်နေရေးဆိုတဲ့ ကျမတို့ တာဝန်အရေး(၃)ပါးမှာ "စား"ဆိုတာ ပထမနေရာမှာပါတဲ့ အဓိက အဆင့်ပေါ့နော်။ "ဝတ်ဖို့"၊ "နေဖို့"ဆိုတာတွေတော့ ဒီခေတ်ကြီးထဲမှာ ပြောမဆုံးပေါင်ဖြစ်နေမှာမို့ ထည့်မပြောတော့ပါဘူး။ (ထည့်ပြောနေရင်လည်း ကိုယ့်အထုတ်ကိုယ် ဖြေပြရာရောက်မှာစိုးလို့)။ ဒါပေမယ့် အိမ်လခတွေ နှုန်းအရမ်းမြင့်လာတာတော့ အယ်ဒီတာကြီးများလည်း သိမသိ မဆိုတတ်ပါရှင်။ ကျမတို့ ငှားနေတဲ့ သုံးပင်ခန်း(၂)ခန်း၊ အိမ်လေးတခြမ်းစျေးက စပေါ် ၅၀၀၀၀၊ တလ ၅၀၀၀၊ ဒါဆင်ခြေဖုံးပါနော်။ ရန်ကုန်မြို့မှ ကြိုဆိုပါ၏ဆိုတဲ့ ဆိုင်းဘုတ် အပြင်က ဆင်ခြေဖုံးရပ်ကွက်။

ကဲ ..... နောက်ဆုံး ကျမပြောချင်တာကတော့ ဆီရရှိရေး လူတန်းကြီးဟာ ဒီနေ့ ဒီအချိန်မှာ အသက်နဲ့ရင်းပြီး တိုးဝှေ့နေကြရတယ် ဆိုတာပါပဲ။ အသက်နဲ့ရင်းပြီးလို့ ဆိုလိုက်တဲ့အတွက် ပိုတယ်မထင်ပါနဲ့ရှင်။ ပြီးခဲ့တဲ့ အောက်တိုဘာ (မှတ်မှတ်ရရ) ၁၃ ရက်နေ့ ကတာမွေမှာဆီရဖို့နေရာလုကြရင်းသတ်ကြပုတ်ကြတာနဲ့ အမျိုးသမီးကြီးတယောက် သေရှာပါရောလား။ ကောင်းကြပါသေးရဲ့လား ဆရာတို့ရေ .....။

ကျမ ပြောပြချင်တာကတော့ ဆီ အဝက်သား လူသားတသက်ဖြစ်နေတဲ့ မြန်မာပြည်ကြီးပါလို့.....။ ပြောရမယ်ဆိုရင်တော့ ပြောမဆုံးပေါင် တောသုံးတောင်ပါပဲရှင်။ ဒါပေမယ့် .....။ ■

အိမ်ရှင်မတဦး (ခေတ္တမဲဆောက်)

သမီးတို့အတွက် အမှတ်တရ (၂)

ငအောင်နိုင်ဦး

ကျနော်သိပ်ချစ်သည့် သမီးလေးကို
ကျနော်ကိုယ်တိုင် ဘာ့ကြောင့်ရိုက်မိသနည်း။
ကျနော့်မှာ ရိုက်တာထက်ကောင်းသည့် နည်းလမ်းမျိုး မရှိတော့၍လား၊
သို့တည်းမဟုတ် ရိုက်တာကလွဲပြီး တခြား ဘာမှမလုပ်တတ်၍လား။

ကျနော့်မျက်စိထဲတွင် ပန်းချီကားသုံးခုကို ပြေးမြင်သည်။ ထိုပန်းချီကားများက ကျနော့် ဖာသာကျနော် စိတ်ကူးနှင့်သရုပ်ဖော်ထားသည့် ပန်းချီကားများဖြစ်သည်။ တခုက ကလေးတယောက်ကို ဖခင်ဖြစ်သူက ရိုက်နေသည့်ပုံ ဖြစ်သည်။ ယင်းပန်းချီကားတွင် "ချစ်လို့ရိုက်တာပါ"ဟူသော စာတန်းရေးထိုးထားသည်။ နောက်တခုက ထိုကလေးကိုပင် သူစိမ်းတယောက်က ရိုက်နေသည့်ပုံဖြစ်သည်။ ယင်းပန်းချီကားတွင်တော့ "မုန်းလို့ရိုက်တာပါ" ဟူသည့် စာတန်းရေးထိုးထားသည်။ နောက်တခုက ယင်းပန်းချီကားနှစ်ခုစလုံးကို လူငယ်လေးတယောက်က စေ့စေ့ကြည့်၍ လက်ညှိုးထိုးနေသည့်ပုံဖြစ်သည်။ ယင်းပန်းချီကားတွင် "ဒါ ..... မတရားဘူး"ဟူသည့် စာတန်းရေးထိုးထားသည်။ ကျေးဇူးပြု၍ ကျနော့်သမီးလေး ဤပန်းချီကားများကို ကြည့်ခွင့်မကြုံဘဲနှင့် လူလားမြောက်ခွင့် ရပါစေလား။

ကျနော်သိပ်ချစ်သည့် သမီးလေးကို ကျနော်ကိုယ်တိုင် ဘာ့ကြောင့် ရိုက်မိသနည်း။ ကျနော့်မှာ ရိုက်တာထက်ကောင်းသည့် နည်းလမ်းမျိုးမရှိတော့၍လား၊ သို့တည်းမဟုတ် ရိုက်တာကလွဲပြီး တခြား ဘာမှ မလုပ်တတ်၍လား။ သို့တည်းမဟုတ် ရိုက်တာသာလျှင် အကောင်းဆုံးနည်းလမ်းဟု ယူဆထား၍လား။

ထိုခဏ၌ ကျနော်ငယ်ငယ်တုန်းက ကြောက်ကြောက်လန့်လန့်နှင့် အဖေ့ကိုမော့ကြည့်ခဲ့ဖူးသည့်မျက်လုံးမျိုး သမီးထံတွင်များ တွေ့ရလေမည်လားဟု စိုးရိမ်စိတ်ဖြင့် အထိတ်တလန့် ရှာဖွေကြည့်လိုက်မိသည်။ သို့သော် ထိုနေ့က ကျနော်ရော သမီးပါ ကံကောင်းခဲ့ကြပါသည်။ သမီး၏သူငယ်အိမ်လေး ကောင်းကင်တခုလုံး ကြည်လင်ပြာလဲ့နေသည့် ထိုတဒင်္ဂသည် ကျနော့်၏ တာဘဝစာမျှ ရတက်အေးခဲ့ရမည်ထင်ပါသည်။

အကယ်၍ ရုတ်ချည်းထွက်ပေါ်လာသည့် ဒေါသစိတ်ကို ထိန်းချုပ်လိုက်နိုင်မည်ဆိုလျှင် သမီးကို ကျနော် မရိုက်ဖြစ်။ ဒါ သေချာသည်။ နောင် ဤသို့ကြုံရသောအခါများ၌ ကျနော့် စိတ်ကို ထိန်းချုပ်နိုင်သည့် အလေ့အကျင့်မျိုး ရလာခဲ့သည်။ သို့သော် စိတ်ထိန်းနိုင်လျှင် မရိုက်ဖြစ်တော့ဟူသည့် ကျနော့်၏စဉ်းစားမှုသည် မပြည့်စုံမှန်း နောက်ပိုင်းတွင်မှ စိတ်မကောင်းခြင်းကြီးစွာနှင့် သိလာခဲ့ရသည်။ အကြောင်းမှာ အရိုက်မခံရတော့သော်လည်း ဟိန်းဟောက်မာန်မဲမှုများအောက်တွင် သမီးလေးခမျာ မသက်မသာနှင့် ကြီးပြင်းနေရရှာသည်ကို တွေ့မြင်လာရ၍ ဖြစ်ပါသည်။

ဘယ်အချိန်တွေမှာ သမီးကို ဆူပူ အော်ဟစ်မိတတ်သနည်းဟု စဉ်းစားကြည့်တော့ ကျနော် အလုပ်လုပ်နေချိန်များတွင် ဤသို့ပြုမူမိတတ်သည်ကို တွေ့ရှိရသည်။ တဖက်ကကြည့်ပြန်တော့လည်း သမီးလေး ကစားချင်သည့် အချိန်များတွင် သမီးနှင့်အတူတူ မကစားနိုင်၍ အော်ဟစ်မိတတ်သည်ကို တွေ့ရှိရပြန်သည်။

အကယ်၍ ကလေးတယောက်ကစားနေခြင်းကို အလုပ်လုပ်နေခြင်းဟု ခံစားနားလည်နိုင်မည်ဆိုလျှင်၊ သို့တည်းမဟုတ် ကလေးတယောက်နှင့် အတူတူကစားနေခြင်းကို သူ့နှင့် အတူတူ အလုပ်တွဲလုပ်နေခြင်းဟု နားလည်နိုင်မည်ဆိုလျှင် ကျနော့်တွင် မည်သည့် အခက်အခဲများ ရှိနိုင်ပါမည်နည်း။

ကလေးများကစားနေခြင်းသည် သူတို့ ဖာသာ လေ့လာသင်ယူနေကြခြင်းပင်ဖြစ်သည်ဟု ပညာရှင်များကဆိုကြသည်။ သမီးသည် အရောင်လေးများကို စတင်ခွဲခြားသည်။ ထို့နောက် အကောင်ကလေးများကို ခွဲခြားသည်။ ထို့နောက် အရုပ်ကလေးများကို ခွဲခြားသည်။ တခါတရံ သူမှတ်မိသမျှတို့ကို ပြန်လည်ပြောပြနေချိန်များ၌ ကျနော်တို့က မှန်တယ်ဟုပြော၍ လက်ခုပ်တီးကြလျှင် ပြုံးနေသည့် သမီး၏ မျက်နှာဝိုင်းဝိုင်းကလေး ဝင်း၍လက်၍သွားသည်မှာ ရှုမငြီးဖွယ်ပင်။

အသက်(၃)နှစ်ဝန်းကျင်သည် ကလေး၏ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှု ကိစ္စတို့အတွက် အရေးကြီးဆုံး အချိန်အပိုင်းအခြားဖြစ်သည်ဟူ၍ ယူနီဆက်၏အစီရင်ခံစာ တစောင်တွင် ဖော်ပြထားကြောင်း မိတ်ဆွေ တယောက်က ပြောပြဖူးသည်။ ကျနော်တို့အတွက် အရေးအကြီးဆုံးမှာ ဤသမီးလေး သာလျှင်ဖြစ်သည်မှန်သော်လည်း၊ သမီးအတွက် အရေးအကြီးဆုံးမှာ အဘယ်အရာများဖြစ်မည်နည်းဟူသည် အမှတ်တမဲ့နေ၍ ရကောင်းသော ကိစ္စမဟုတ်ဟု ထင်သည်။ ကျနော်တို့က သမီးလေး ကျန်းမာဖွံ့ဖြိုးဖို့၊ လိမ္မာရေးခြားရှိဖို့၊ ထူးချွန်ထက်မြက်ဖို့၊ ယဉ်ကျေးသိမ်မွေ့ဖို့ စသည်တို့ကို အရေးတကြီးကိစ္စများဟု ယူဆကောင်းယူဆကြပေမည်။ သမီးလေးအတွက်တော့ သူ့ကိုချစ်ဖို့၊ သူ့ကိုဂရုစိုက်ဖို့၊ သူ့ကို အသိအမှတ်ပြုဖို့ စသည်တို့သည် အရေးတကြီး ကိစ္စများ ဖြစ်နေမည်လား မပြောတတ်။

သို့သော် တတ်နိုင်သမျှအင်အားဖြင့် ချက်ပြုတ်ကျွေးမွေးရုံမက၊ အချိန်ပေး၍ ဂရုတစိုက်ပြုစုစောင့်ရှောက်ရန် အရေးတကြီး လိုအပ်နေသော အသက်အရွယ်တွင် ဤသမီးလေးကို မည်ကဲ့သို့သော ဆင်ခြေဆင်လက်များ ပေးမိခဲ့ကြပါပြီနည်း။ "အဖေ့မှာ ပိုက်ဆံမရှိသေးလို့"၊ "အဖေအလုပ်မအားသေးလို့"ဟူ၍ ပြီးစလွယ်ပြောဖြစ်ခဲ့သည့် အကြောင်းပြချက်များကိုမူ ကျနော်ကိုယ်တိုင်ပင်လျှင် နာကျင်ရှုံ့မုန်းနေခဲ့မိပါပြီ။

ကျနော်က ကျနော်လုပ်နေသည့် အလုပ်ကိုမှ အလုပ်ဟုထင်၍ သမီးလေးကစားနေခြင်းကို သူ့အလုပ် သူလုပ်နေခြင်းဟု မမြင်မိခြင်းဖြစ်မည်ထင်သည်။ သို့နှင့် ကျနော့်အလုပ်များကို ခဏထား၍ သူနှင့်အတူတူ အလုပ်သွားလုပ်ကြည့်သည်။ ဤနေရာတွင် စိတ်ဝင်စားဖွယ် ကိစ္စတချို့ကို တွေ့ရတော့သည်။

ကျနော်တို့လူကြီးများ အလုပ်လုပ်ကြသည်မှာ အစမှအဆုံး ပြီးစီးရန်တင်မက ရလဒ်ကိုပါထောက်ရှု၍ လုပ်ကိုင်ကြခြင်းမျိုး ဖြစ်မည်ထင်သည်။ သို့သော် သမီးတို့ အလုပ်လုပ်ကြသည်မှာ အစအဆုံးဟူ၍ မရှိရုံမက ရလဒ်ဟူသည်ကိုပါ မျှော်လင့်မထားခြင်းမျိုးဖြစ်သည်။

ဥပမာ – ကျနော်တို့ စာတပုဒ်ဖတ်သည်ဆိုပါစို့။ အစမှအဆုံးအထိ မပြီးပြီးအောင် ဇွဲရှိရှိနှင့် ဒီနေ့မပြီး နောက်နေ့ဟူသော စိတ်မျိုးဖြင့် ဖတ်ကြခြင်းမျိုးဖြစ်သည်။ ဖတ်ပြီးလျှင်လည်း စာရေးသူတင်ပြထားသည့် အကြောင်းအရာနှင့် အမြင်အယူအဆတို့ကို သုံးသပ်ခြင်းပြုလေ့ရှိကြသည်။ ထို့နောက် အတွေးထဲတွင် တစိမ့်စိမ့်ကွန့်မြူး၍ အမျှဉ်တန်းခံစားကြတော့သည်။ ယင်းကို ရလဒ်မျှော်ကိုးသည့် အလုပ်တမျိုးဟု ကျနော်က ဆိုချင်သည်။

သို့သော် သမီးတို့ကလေးများ အလုပ်လုပ်ကြသည်မှာ ထိုသို့မဟုတ်။ မူလကတည်းက ဘာနှင့် စကစားမည်ဟု မစဉ်းစားထားသလို၊ ဘာနှင့် ကစားပြီးလျှင်တော့ တော်ပြီဟူ၍လည်း မစဉ်းစားထားကြ။ ပထမဆုံး ကစားစရာ အိပ်ကိုဖွင့်မည်။ လက်သင့်ရာတခုခုကို ဆွဲထုတ်၍ ထိုအရာနှင့်ကစားမည်။ ထို့နောက် နောက်တခုထပ်ထုတ်၍ တမျိုးကစားမည်။ ခဏကြာလျှင် တအိပ်လုံးသွန်ချ၍ တခုပြီးတခု ကစားမည်။ အသံမြည်သည့် ကစားစရာများဆိုလျှင် အသံမြည်နေစေ၍၊ လှုပ်ယမ်းနေတတ်သည့် ကစားစရာများဆိုပါကလည်း လှုပ်ယမ်းနေစေမည်။ တခုနှင့်တခုချိတ်ဆက်၍ ပုံဖော်ရသည့် ကစားစရာများဆိုလျှင် သူတို့ဖာသာသူတို့ ချိတ်ဆက်ကြမည်။ လူကြီးက ဝင်ဆက်ပေးလျှင်လည်း လက်မခံ။ ချိတ်ဆက်၍ မပြီးမီမှာလည်း အခြားတခုပြောင်း၍ ကစားကြမည်။ ကစားနေရင်းနှင့် မုန့်တောင်းစား၍ သူ့အစားကျနော့်ကို ကစားခိုင်းပြီး သူက ခုံမှထိုင်ကြည့်နေမည်။ ကျနော်က ဒါနှင့်ကစားနေစဉ် သူက ဟိုဟာနှင့် ပြောင်းကစားခိုင်းမည်။ ဘယ်လိုလုပ်၊ ဘယ်လိုကိုင်ဆိုပြီး ဆရာလုပ်မည်။ ပျင်းလာလျှင် ဟိုသွားချင်သည်၊ သည်သွားချင်သည်ဟု ပြောမည်။ တခါတရံ ကစားပြီးပြီဟုထင်သဖြင့် ပြန့်ကျဲနေသည့် ကစားစရာများကို အိပ်ထဲပြန်ထည့်မိသည်။ သို့သော် ထိုအချိန်ကျကာမှ တခါမျှ မကစားရသေးသလို စိတ်ပါလက်ပါနှင့် ကစားပါလေတော့သည်။

ဤသို့ သားအဖနှစ်ယောက် အတူကစားနေဖြစ်ကြသော်လည်း သမီးနှင့် ကျနော့်ကြားတွင် ခပ်ပါးပါးနံရံတခုခြားနေသလို ခံစားမိသည်။ လူကြီးတယောက်အဖို့ ကလေးကစားစရာပစ္စည်းများနှင့် ကလေးတယောက်ကဲ့သို့ စိတ်ပါလက်ပါ မကစားနိုင်သည်မှာ သေချာသည်။ ထိုသို့ ကစားဖော် ကျနော်က စိတ်မပါ့ တပါဖြစ်နေသည့်အခါမျိုးတွင် တကယ် ကစားမည့် သမီးလေးခမျာ စိတ်ပျက်ရှာပေလိမ့်မည်။

သို့နှင့် စိတ်ပါလက်ပါကစားနိုင်ဖို့ ကြိုးစားကြည့်သည်။ မရ။ တယောက်နှင့်တယောက် တက်ညီလက်ညီ ကစားဖော်မဟုတ်ကြမှန်းနှစ်ယောက်စလုံး သိနေကြမည်ထင်သည်။ သမီးက မပြောတတ်၍ သူ့ခံစားချက်ကို ဖော်ပြနိုင်စွမ်းမည်မဟုတ်။ ထို့ကြောင့် လူကြီးဖြစ်သည့် ကျနော်က စဉ်းစားရပေမည်။ ■

ဆက်လက်ဖော်ပြပါမည်

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် နအဖ တိုက်ပွဲသတင်းများ

အောက်တိုဘာလ တိုက်ပွဲသတင်းများ

၁၊ ၁၀၊ ၂၀၀၁။ (၀၇ ။ ၀၀)နာရီ။
မယ်သဝေးချောင်းအနီး KNUမှ DKBA အား ပြောက်ကျားတိုက်ခိုက်ရာ DKBA တဦး ဒဏ်ရာရရ။

၁၊ ၁၀၊ ၂၀၀၁။ (၁၂ ။ ၁၅)နာရီ။
KNDO ရင်း(၅)၊ ခွဲ(၃) ကွီးလေးနှင့် ကျော်ခိုရွာအကြား ပြောက်ကျားတိုက်ခိုက်ရာ DKBA(၆)ယောက်သေ၊ (၅)ဦးဒဏ်ရာရရ။

၂၊ ၁၀၊ ၂၀၀၁။ (၁၂ ။ ၅၀)နာရီ။
KNU နှင့် DKBA တို့ မယ်သဝေးချောင်းအနီး ရင်ဆိုင်တိုင်ခိုက်ရာ DKBA တဦး ဒဏ်ရာရရ။

၅၊ ၁၀၊ ၂၀၀၁။ (၁၅ ။ ၀၀)နာရီ။
KNU နှင့် DKBA မယ်သဝေးချောင်း၌ တိုက်ပွဲဖြစ်ရာ DKBA တဦးဒဏ်ရာရရ။

၈၊ ၁၀၊ ၂၀၀၁။
KNU ရင်း(၁၉)နှင့် DKBA(၉၉၉)တို့ နော်ခွီးရွာအနီး (၁၅) မိနစ်ကြာ ရင်ဆိုင်တိုက်ပွဲဖြစ်ရာ ထိခိုက်ဒဏ်ရာမသိရ။

၉၊ ၁၀၊ ၂၀၀၁။ (၀၇ ။ ၃၀)နာရီ။
KNU နှင့် DKBA တို့ မိကွေးလုကန်အနီး တိုက်ပွဲဖြစ်ရာ DKBA တဦးဒဏ်ရာရရ။

၁၀၊ ၁၀၊ ၂၀၀၁။ (၁၂ ။ ၃၀)နာရီ။
နအဖ ခမရ(၃၁၀) ကိုယ့်မိုင်းကိုယ်နင်း၍ တဦး ခြေတဖက်ပြတ်။

၁၃၊ ၁၀၊ ၂၀၀၁။
KNU နှင့် DKBA မိကွေးလုတောင်ခြေတွင် ပြောက်ကျားတိုက်ခိုက်ရာ DKBA တဦး ဒဏ်ရာရရ။

၁၅၊ ၁၀၊ ၂၀၀၁။ (၁၀ ။ ၁၅)နာရီ။
KNU ရင်း(၁၀၁)မှ DKBA(၉၉၉)ကို ကော့ကရိတ်လမ်းမ၊ အလယ်ဘိုတဲအနီး မိနစ်(၃၀)ကြာ ဝင်ရောက်တိုက်ခိုက်ရာ DKBA (၂)ဦးသေ။

(၂၄ ။ ၀၀)နာရီ။
KNU တပ်မဟာ(၇) မှ DKBA အား မယ်သဝေးချောင်းအနီး ခြုံခိုတိုက်ခိုက်ရာ DKBA (၃)ဦးသေ၊ (၂)ဦးဒဏ်ရာရရ။

၁၆၊ ၁၀၊ ၂၀၀၁။ (၁၈ ။ ၅၅) နာရီ။
KNU နှင့် DKBA ဖါးကလူးရွာအနီး ပြောက်ကျားတိုက်ခိုက်ရာ DKBA (၂)ဦးသေ။

၁၈၊ ၁၀၊ ၂၀၀၁။ (၀၅ ။ ၄၅)နာရီ။
KNU (၁၀၁)မှ နအဖ ခမရ (၄)အား ကော့ကရိတ်လမ်းမ၊ အလယ်ဘိုတဲအနီး ပြောက်ကျားတိုက်ခိုက်ရာ နအဖ(၃)ဦးသေ။ (၂)ဦးဒဏ်ရာ။ MA-3 (၂)လက်၊ MA-4 (၇၉ တွဲထား) တလက်၊ ဘောက်ချပ် (၅)ခု၊ အိကွေးမင့် (၁)စုံ၊ M-79 ကျည်(၁၂)တောင့်၊ ယူနီဖေါင်းတစုံ၊ နာရီတလုံး သိမ်းဆည်းရမိ၊ KNU ဘက်မှ ထိခိုက်မှုမရှိ။

၁၉၊ ၁၀၊ ၂၀၀၁။ (၀၉ ။ ၂၀)နာရီ။
KNU နှင့် DKBA မယ်သဝေးချောင်းအနီး တိုက်ပွဲဖြစ်ရာ DKBA တဦးဒဏ်ရာရရ။

၂၂၊ ၁၀၊ ၂၀၀၁။ (၁၅ ။ ၁၅)နာရီ။
သရေဘိုးကွီးရွာနီး DKBA နှင့် KNU တို့ တိုက်ပွဲဖြစ်ရာ DKBA တဦးဒဏ်ရာရရ။
KNU ရင်း(၁၀၁)နှင့် နအဖတပ်ဖွဲ့တို့ ထိကိုထောင်ဝင်၌ တိုက်ပွဲတပွဲဖြစ်။

၂၃၊ ၁၀၊ ၂၀၀၁
KNU တပ်မဟာ လုံခြုံရေးအဖွဲ့က DKBA ကို မိကွေးလုရွာအနီး ခြုံခိုတိုက်ခိုက်ရာ DKBA (၂)ဦးသေ။ (၂)ဦးဒဏ်ရာရရ။

ထီးကိုထောင်ဝင်တွင် နအဖ ခမရ (၃၅)အား KNU မှ ခြုံခိုတိုက်ခိုက်ရာ နအဖဘက်မှ (၅)ဦးဒဏ်ရာရရ။

၂၄၊ ၁၀၊ ၂၀၀၁။ (၁၂ ။ ၀၀)နာရီ။
KNU တပ်မဟာ (၇)မှ မိကွေးလု စခန်းကို လက်နက်ကြီးနှင့်ပစ်ခတ်ရာ နအဖ ထိခိုက်မှုရှိမရှိ မသိရ။

၂၅၊ ၁၀၊ ၂၀၀၁။
KNU နှင့် DKBA တို့ မိကွေးလုရွာအနီး တိုက်ပွဲဖြစ်ရာ DKBA (၂)ဦးဒဏ်ရာရရ။

၂၆၊ ၁၀၊ ၂၀၀၁။
KNU ရင်း(၂၀၂)မှ DKBA ကို နော်တအနီး ခြုံခိုတိုက်ခိုက်ရာ DKBAနှစ်ဦးဒဏ်ရာရရ။

၂၉၊ ၁၀၊ ၂၀၀၁။ (၁၄ ။ ၀၀) နာရီ။
KNU ရင်း(၁၀၁)မှ နအဖ ခမရ (၃၅) ကို မယ်ပလဲ့ဂွင်တွင် ခြုံခိုတိုက်ခိုက်ရာ နအဖ တဦးဒဏ်ရာရရ။

၃၀၊ ၁၀၊ ၂၀၀၁။ (၁၂ ။ ၀၀)နာရီ။
နအဖ နှင့် DKBA ပူးပေါင်းအဖွဲ့နှင့် KNU မော်ဖါးသူးဂွင်တွင် (၆)မိနစ်ကြာ ရင်ဆိုင်တိုက်ခိုက်ရာ DKBA (၂)ဦးဒဏ်ရာရရ။

၃၁၊ ၁၀၊ ၂၀၀၁။ (၁၁ ။ ၄၀)နာရီ။
သက္ကာယဂွင်တွင် DKBA နှင့် KNU တို့ တိုက်ပွဲဖြစ်ရာ DKBA နှစ်ဦးဒဏ်ရာရရ။ ■

ABSDF ဖွဲ့စည်းခဲ့သည့် (၁၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထိုင်း–မြန်မာ နယ်စပ်တနေရာ၌ ကျင်းပပြီးစီး

ABSDF ဖွဲ့စည်းခဲ့သည့် (၁၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် KNU တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်မှူးချုပ်ထိန်မောင် မိန့်ခွန်းပြောကြားနေစဉ်

ပြီးခဲ့သည့် နိုဝင်ဘာလ(၁)ရက်နေ့က ထိုင်း – မြန်မာနယ်စပ်တနေရာတွင် ABSDF ဖွဲ့စည်းခဲ့သည့် (၁၃) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ထိုအခမ်းအနားသို့ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားနေသော အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ တော်လှန်ရေးရဲဘော်များ၊ ဧည့်သည်တော်များ အသီးသီး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနား၌ ABSDF ဥက္ကဋ္ဌ ရဲဘော်သံခဲက နအဖစစ်အုပ်စုနှင့် ဒီမိုကရေစီခေါင်းဆောင်များနှင့် စားပွဲဝိုင်းထိုင်ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသွားပြီး ကြေညာချက်တစောင်လည်း ထုတ်ပြန်ခဲ့ရာ၊ ထိုကြေညာချက်၌ ABSDF အနေဖြင့် ဘုံရန်သူစစ်အုပ်စုနှင့် အာဏာရှင်စနစ် ကျဆုံးသည်အထိ မဟာမိတ် တိုင်းရင်းသားလူမျိုးပေါင်းစုံ တော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပရှိ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အင်အားစုများနှင့် ပူးပေါင်းတိုက်ပွဲဝင်သွားမည်ဟု သန္ဓိဋ္ဌာန်ပြုပါကြောင်း ဖော်ပြထားသည်။■

နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားမှုကော်မတီ ဖွဲ့စည်း

နအဖအကျဉ်းထောင်များအတွင်း အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာ့ဒီမိုကရေစီအဖွဲ့အစည်း (၁၁)ခုနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး လှုပ်ရှားမှုကော်မတီတခုဖွဲ့စည်းလိုက်ကြောင်း နိုဝင်ဘာ(၁၂)ရက်နေ့စွဲနှင့် ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်ဟု သိရှိရသည်။

ကြေညာချက်တွင် ၁၉၈၈ ခုနှစ်ကတည်းကစ၍ နအဖအာဏာပိုင်များ ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများအနက် (၆၈)ဦး သေဆုံးခဲ့ပြီဟုဖော်ပြထားပြီး၊ လက်ရှိအကျဉ်းသား(၂၀၀၀)ကျော် ရှိနေဆဲဖြစ်ကြောင်း၊ ထိုအကျဉ်းသားများအနေဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအရ ညှဉ်းပန်းနှိပ်စက်မှုများခံနေရသည့်အပြင် အစားအစာနှင့်ဆေးဝါး ချို့တဲ့မှုဒဏ်များကိုပါ ခံစားနေရကြောင်း ဖော်ပြထားသည်။

ထိုသို့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး လှုပ်ရှားမှုကော်မတီဖွဲ့စည်းတည်ထောင်ခြင်းနှင့်ပတ်သက်၍ တာဝန်ခံတဦးဖြစ်သူ ကိုဘိုကြည်က "နအဖအစိုးရဟာ သူတို့ရဲ့ အာဏာတည်မြဲရေးအတွက် ခုလိုမျိုး နိုင်ငံရေးအကျဉ်းသားတွေရဲ့ အသက်တွေ၊ ဘဝတွေကိုစတေးပြီးတော့ သူတို့ရဲ့ အာဏာတည်မြဲရေးအတွက် လုပ်ကိုင်နေတဲ့အပေါ်မှာ ကျနော်တို့ ခြွင်းချက်မရှိ ပြန်လှန်တိုက်ပေးဖို့ တောင်းဆိုချင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။ ■

ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးအရာရှိ ဦးဝင်းထိန် မြင်းခြံထောင်အတွင်း ကျန်းမာရေးအခြေအနေဆိုးရွားနေ

မန္တလေးတိုင်း၊ မြင်းခြံထောင်အတွင်း ၁၉၉၆ ခုနှစ်မှစ၍ ထောင်ဒဏ်(၁၄)နှစ် ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးအရာရှိဖြစ်သူ ဦးဝင်းထိန်သည် ကျန်းမာရေးအခြေအနေ အလွန်ဆိုးရွားနေကြောင်း နိုဝင်ဘာ (၉)ရက် RFA သတင်းအရ သိရှိရသည်။

အသက် (၆၀)အရွယ်ရှိ ဦးဝင်းထိန်သည် ၁၉၇၉ မှ ၁၉၉၅ အထိ နိုင်ငံရေးပုဒ်မဖြင့် အင်းစိန်ထောင်တွင် ပထမအကြိမ် အကျဉ်းကျခဲ့ရပြီး ၁၉၉၆ ခု၊ မေလမှ ယခုထိ မြင်းခြံထောင်အတွင်း ဒုတိယအကြိမ်အကျဉ်းကျခံနေရဆဲဖြစ်သည်။ ဦးဝင်းထိန်သည် မေမြို့စစ်တက္ကသိုလ် ဗိုလ်လောင်းအပတ်စဉ်–၅၊ ၁၉၆၃တွင် "အောင်စစ်သည်ထူးချွန်ဆု"ရခဲ့သူဖြစ်ပြီး၊ တပ်မတော်တွင် (၁၁)နှစ်ကြာ အမှုထမ်းခဲ့ရာမှ ၁၉၇၄ ခုနှစ်တွင် "နိုင်ငံတော်လုပ်ကြံမှု"၌ ပါဝင်ပတ်သက်သည်ဟု စွပ်စွဲခံရ၍ တပ်မှနုတ်ထွက်ခဲ့သူ ဗိုလ်ကြီးဟောင်းတဦးဖြစ်သည်။

ဦးဝင်းထိန်သည် လွန်ခဲ့သော စက်တင်ဘာလအတွင်း မိတ္ထီလာမြို့သို့ ဖခင်၏ နာရေးကိစ္စဖြင့် အစောင့်အရှောက်များနှင့်သွားရောက်ခဲ့ချိန်အထိ ကျန်းမာရေး အလွန်ကောင်းမွန်လျက်ရှိသော်လည်း အောက်တိုဘာ (၂)ရက်နေ့၌ ဦးဝင်းထိန်၏မိသားစုများက ထောင်ဝင်စာသွားတွေ့ချိန်တွင် မယုံနိုင်လောက်အောင် ကျန်းမာရေးဆိုးရွားနေကြောင်း သိရှိရသည်။ ဦးဝင်းထိန်အား မိတ္ထီလာမြို့မှ ပြန်ရောက်ကတည်းက ယခင်အခန်းတွင် နေခွင့်မပြုတော့ဘဲ အလင်းရောင်နှင့် လေကောင်းစွာမရသည့် အခန်းကျဉ်းထဲ၌ သီးသန့်ထားခဲ့ကြောင်း၊ စာဖတ်ခွင့်၊ လမ်းလျှောက်ခွင့်၊ အခြားအကျဉ်းသားများနှင့်စကားပြောခွင့် စသည့် အခွင့်အရေးများမပေးတော့ဘဲ တရားစာအုပ်များကိုပင် သိမ်းယူသွားကြောင်း၊ ယခုအခါ ဦးဝင်းထိန်သည်အသက်ရှူကြပ်ကာ သွေးအားနည်းခြင်း၊ ခြေလက်များထုံကျဉ်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ရောဂါ အဆက်မပြတ်ခံစားနေရခြင်းများ အပြင် လည်ပင်းကျိုးပေါင်းတက်ရောဂါ ပြန်ဖြစ်လာ၍ (Brace) ဝတ်ဆင်ထားရကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ စိတ်ပိုင်းရုပ်ပိုင်း ချွတ်ခြုံကျရန် ဘာကြောင့်ပြုလုပ်သည်ကို မစဉ်းစားတတ်ကြောင်း မိသားစုကိုပြောပြခဲ့သည်ဟု သိရှိရသည်။ ■

မြောက်ဥက္ကလာပမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ် NLD ရုံးဖွင့်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပပြီးစီး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို)မှ တနိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်း မြို့နယ်နှင့် ရွာ မြောက်ဥက္ကလာပ မြို့နယ်ရုံးနှင့် မင်္ဂလာဒုံ မြို့နယ်ရုံးများကို စက်တင်ဘာလအတွင်း

ရပ်/ကျေးရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။

ပုံတွင် မြောက်ဥက္ကလာပ NLD ရုံးဖွင့်ပွဲ နေ့က အမှတ်တရရိုက်ကူးထားသည်ကို တွေ့ရှိရပြီး အဆိုပါ ရုံးဖွင့်ပွဲသို့ NLDအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးစိုးမြင့်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

အလားတူ မင်္ဂလာဒုံမြို့နယ် NLDရုံးကို စက်တင်ဘာ (၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အခမ်းအနားကို နဂါးနီသီချင်းဖြင့် ဖွင့်လှစ်ခဲ့ကြောင်းသိရပြီး အဖွဲ့ချုပ် အဖွဲ့ဝင်များက ဝတ်စုံပြည့်ဝတ်ဆင်၍ စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပနိုင်ခဲ့ကြကြောင်း၊ တက်ရောက်လာသူများအား လက်ပတ်အနီ ပတ်ထားသည့်အဖွဲ့ချုပ်ဝင်များက ကြိုဆိုနေရာ ချထားပေးကြ၍ ရုံးလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် တိုင်ပင်ဆွေးနွေးခဲ့ကြ ကြောင်း ပြည်တွင်းမှလာသည့် သတင်းများ အရ သိရှိရသည်။ ■

နိုင်ငံရေးအကျဉ်းသားများနှင့် မိသားစုများအတွက် ဗဟိုလူမှုအထောက်အကူပြုပံ့ပိုးရေးအဖွဲ့ ဖွဲ့စည်း

ဗဟိုလူမှုအထောက်အကူပြုအဖွဲ့
ဥက္ကဋ္ဌဦးတင်ဦး

ဗဟိုလူမှုအထောက်အကူပြုအဖွဲ့
ဒုဥက္ကဋ္ဌဦးအုန်းမြင့်

နိုင်ငံရေးယုံကြည်ချက်ကြောင့် နအဖ စစ်အုပ်စု၏ မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်း ခံနေကြရသော အဖွဲ့ချုပ်ဝင်များနှင့် အခြားသော နိုင်ငံရေးပါတီများမှ ပါတီဝင် မိသားစုများကို အစဉ်ထိတွေ့လျက် လူမှုရေး အရ ယိုင်းပင်းကူညီမှုများ ဆောင်ရွက်ရန်နှင့် အားပေးစကား ပြောကြားခြင်း၊ ငွေကြေး၊ ဆေးဝါးထောက်ပံ့ခြင်းတို့အပြင် ၎င်းတို့အား ပြန်လည်ထူထောင်မှုများ ပြုလုပ်ရန်ရည်ရွယ်၍ လူမှုအထောက်အကူပြုအဖွဲ့ (ဗဟို)ကို အောက်တိုဘာလ (၃၁)ရက်နေ့က (NLD) အဖွဲ့ချုပ်ရုံးတွင် ဖွဲ့စည်းခဲ့ကြောင်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေး မှူး ဒေါ်အောင်ဆန်းစုကြည်၏ လက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

အဆိုပါအဖွဲ့သည် ဗဟို၊ ပြည်နယ်၊ တိုင်း နှင့် မြို့နယ်လူမှုအထောက်အကူအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းသွားမည်ဖြစ်ပြီး လူမှုရေး တာဝန်ခံအဖြစ် အဖွဲ့ချုပ်အဖွဲ့ဝင်များသာမက အဖွဲ့ချုပ်အပေါ်လိုလားသူများကိုလည်း ပါဝင် ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ် ကြောင်း သိရသည်။

လူမှုအထောက်အကူပြုအဖွဲ့အနေနှင့် အကျဉ်းကျခံ ပုဂ္ဂိုလ်များအတွက် လိုအပ်သော ဥပဒေအထောက်အကူပြုကိစ္စများကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဟုသိရပြီး ယခု ဖွဲ့စည်းလိုက်သည့် ဗဟိုလူမှုအထောက်အကူပြု အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗဟိုလူမှု အထောက်အကူပြုအဖွဲ့၏ ဒုဥက္ကဋ္ဌအဖြစ် ဦးအုန်းမြင့်တို့ကဆောင်ရွက်၍ အဖွဲ့ဝင်(၂၂)ဦး ပါဝင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့မှ ထုတ်ပြန်ခဲ့သော ကြေညာချက် အရ သိရှိရသည်။ ■

ပြန်မာနိုင်ငံတွင်အမြဲတမ်းစောင့်ကြည့်ရေးရုံးခဲ့တခုထားရှိရန် စစ်အုပ်စုအား ILO အုပ်ချုပ်ရေးမှူး အစည်းအဝေးမှတိုက်တွန်း

ပြန်မာပြည်တွင် အခမ္မလုပ်အားပေး ခိုင်းစေနေခြင်းများနှင့် ညှဉ်းပန်းနှိပ်စက်မှုများ ပပျောက်ရန် ဥပဒေကြောင်းအရ လုပ်ဆောင်ခဲ့သော်လည်း အောင်မြင်မှုမရှိသေးသည့် အတွက် အမြဲတမ်းစောင့်ကြည့်ရေး ရုံးခွဲတခု ထားရှိရန်လိုအပ်ကြောင်း ဂျီနီဗာမြို့၌ နိုဝင်ဘာ (၁၅)ရက်နေ့တွင်ကျင်းပသည့် ILO အုပ်ချုပ်ရေးမှူးများ အစည်းအဝေးက နအဖစစ်အုပ်စုကို တိုက်တွန်းပြောကြားလိုက်သည်။

စက်တင်ဘာလနှင့် အောက်တိုဘာလများ အတွင်း မြန်မာပြည်သို့ သွားရောက်လေ့လာခဲ့သည့် ILO အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှ တင်သွင်းခဲ့သော စာမျက်နှာ(၃၅)မျက်နှာပါ အစီရင်ခံစာကို (၂)ရက်ကြာ ဆွေးနွေးကြပြီး နောက် ILO အဖွဲ့ချုပ်က ယခုလို အရေးယူ လိုက်ခြင်းဖြစ်ကြောင်း VOA အသံလွှင့်ဌာနမှ နိုဝင်ဘာလ(၁၆)ရက်နေ့တွင် ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာပြည်တွင် သီတင်း(၃)ပတ်ကြာနေထိုင်ပြီး စစ်အုပ်စု ထိပ်ပိုင်းခေါင်းဆောင်များနှင့်သာမက ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခဲ့ ကြောင်း၊ မြန်မာနိုင်ငံတွင် အခမ္မလုပ်အားပေး ခိုင်းစေမှုများမပြုရဟု ဥပဒေထုတ်ပြန်ထား သော်လည်း စစ်တပ်အရာရှိကြီးများကိုယ်တိုင် လေးစားလိုက်နာခြင်းမရှိကြကြောင်း ထို အစီ ရင်ခံစာ၌ ဖော်ပြပါရှိသည်ဟု ဆိုသည်။

ILO ညွှန်ကြားရေးမှူးချုပ်၏ အထူး အရာရှိဖြစ်သူ Francis Maupin က ပြော ကြားရာတွင် "နအဖစစ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံတွင် ILO ရုံးခွဲတခုထားရှိရေးကို သဘောတူစေလိုကြောင်း၊ လွန်ခဲ့သည့်နှစ်က ထုတ်ပြန်သည့် ဥပဒေအရ အတင်းအကျပ် ခိုင်းစေခံရသည့် ပုဂ္ဂိုလ်များအနေဖြင့် တရားစွဲ ဆိုပိုင်ခွင့်ရှိသော်လည်း ထိုသူများမှာ တရား မစွဲဝံ့ကြကြောင်း၊ ထို့ကြောင့် ILO ရုံးခွဲတခု ထားရှိမှသာလျှင် ၎င်းတို့ တိုင်ကြားနိုင်ဖွယ်ရှိ ကြောင်း၊ တိုင်ကြားပြီးသည့်နောက် ရန်ဝိုးနှင့် ဒုက္ခပေးဖွယ်ရာများအတွက် စိုးရိမ်ဖွယ်မလိုတော့ ကြောင်း" ပြောကြားသွားသည်ဟု သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ILO ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြသန်းက ဤအကြံပြု ချက်ကို မူအားဖြင့်လက်ခံသော်လည်း ILO ရုံးခွဲတခု မြန်မာနိုင်ငံတွင် ဖွင့်ခွင့်ပေးရေးမှာ စစ်ဗိုလ်ချုပ်ကြီးများနှင့် တိုင်ပင်ရဦးမည်ဖြစ် ကြောင်း ပြောကြားသွားခဲ့သည်။

ILO ဘုတ်အဖွဲ့အနေဖြင့် နအဖစစ် အုပ်စုအားလာမည့် မတ်လတွင် ဆုံးဖြတ်ရန် အချိန်ပေးခဲ့ပြီး ကမ်းလှမ်းချက်ကိုလက်မခံပါက ILO အဖွဲ့ဝင်နိုင်ငံတို့က မြန်မာနိုင်ငံအပေါ် ပိုမိုပြင်းထန်သော စီးပွားရေးပိတ်ပင်မှုများ ချမှတ်သွားနိုင်သည်ဟု Mr Maupin က ပြောကြားသွားကြောင်း VOA သတင်းများ အရသိရသည်။ ■

ဗိုလ်ခင်ညွန့်လက်ချက်ကြောင့် မဟာသီယာ အောင့်သက်သက်ဖြစ်ခဲ့ပုံရ

မလေးရှားဝန်ကြီးချုပ် မဟာသီယာ

ပြီးခဲ့သည့် နိုဝင်ဘာလ(၉)ရက်နေ့က နအဖအုပ်စုအတွင်း ဖြုတ်/ထုတ်ပွဲကြီးတပွဲ ဖြစ်ပွားခဲ့ပြန်ရာ ထိုကိစ္စအပေါ် မိမိပယောဂ စိုးစဉ်းမျှ မပါဝင်ကြောင်း မလေးရှားဝန်ကြီး ချုပ် မဟာသီယာမိုဟာမက်က မလေးရှား နိုင်ငံထုတ် STAR သတင်းစာတွင် နိုဝင်ဘာ (၁၈)ရက်နေ့က အတည်ပြုပြောကြားခဲ့ကြောင်း သတင်းများရရှိသည်။

မည်သည့်အကြောင်းပြချက် တစုံတရာမျှ ဖော်ပြထားခြင်းမရှိသည့် နအဖအတွင်းရေး မှူး(၁)၏ အမိန့်ဖြင့် ထိပ်ပိုင်းခေါင်းဆောင် များ တာဝန်မှရပ်စဲခဲ့ခြင်းအပေါ် ပြည်တွင်း ပြည်ပရှိ နိုင်ငံရေးသုတေသီများ၊ ပြည်သူလူထု များက ဝေဖန်သုံးသပ်ကြရာတွင် နအဖစစ်အုပ် စု၏ အတွင်းရေးမှူး(၃) ဒုဗိုလ်ချုပ်ကြီး ဝင်းမြင့်သည် မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံနေကြသည့် မလေးရှား ကုမ္ပဏီ များထံမှ လာဘ်ငွေများ အဆမတန်တောင်း ခံခဲ့ခြင်းအပေါ် မကျေနပ်သည့် မဟာသီယာက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဘရူနိုင်းနိုင်ငံတွင် ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ တိုင်ကြားခဲ့ခြင်း ကြောင့် ဖြစ်နိုင်ကြောင်း ဝေဖန်နေကြသည်။

ထိုကဲ့သို့ ၄င်း၏ ပယောဂမကင်းကြောင်း ဝေဖန်သုံးသပ်မှုများ ထွက်ပေါ်လာခဲ့သည့် အတွက် နအဖစစ်အုပ်စု၏ ရှေ့နေတဦးပမာ ရပ်တည်ခဲ့သူ မဟာသီယာက မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပွားလျှက်ရှိသော အခြေအနေများ တွင် မည်သို့မျှပါဝင်ပတ်သက်မှုမရှိရပါကြောင်း၊ ယခုအခြေအနေများသည် မြန်မာနိုင်ငံ၏ အရေးမျှသာဖြစ်ပါကြောင်း မလေးရှားနိုင်ငံ ထုတ် STARသတင်းစာတွင် အောင့်သက်သက် ဖြင့် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်ဟု သိရပါသည်။ ■

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

ရိုးရှင်း သတင်းစဉ် အမှတ် (၂၅)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဝုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

စာအမှတ်–၀၂၁/ဗဟ/စည်းရုံး/၀၁
ရက်စွဲ။ ၃၁–၁၀–၂၀၀၁။

သို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြည်နယ်/တိုင်းစည်းရုံးရေးအဖွဲ့အားလုံး၊ မြို့နယ်စည်းရုံးရေးအဖွဲ့အားလုံး၊
အဖွဲ့ချုပ်ဌာနအားလုံး၊ အဖွဲ့ချုပ်လုပ်ငန်းအဖွဲ့အားလုံး။

အကြောင်းအရာ။ ။ လူမှုရေးလုပ်ငန်းများ၊ အထောက်အကူပြုတာဝန်ခံများ ရွေးချယ် တာဝန်ပေးအပ်ရေး။

နိဒါန်း

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးညီညွတ်ရေးလှုပ်ရှားမှု အရှိန်မြင့်တင်ရေးနှင့် စည်းရုံးရေး ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်လျက် ဗဟို လူမှုအထောက်အကူပြုအဖွဲ့လုပ်ငန်းများကို ချဲ့ထွင်ရမည်ဖြစ်ပါသည်။ အကျဉ်းကျနေသော အဖွဲ့ဝင်များကို ကူညီပံ့ပိုးသည့်အဆင့်မှ ၄င်းတို့ မိသားစုများ ပြန်လည်ထူထောင်ရေးနှင့် အခြားအဖွဲ့ဝင်များအားလည်း သင့်လျော်သလို ကူညီထောက်ပံ့ရေးပုံစံသို့ပြောင်းရန်အတွက် စတင်၍ လုပ်ငန်းတာဝန်များ ဖော်ထုတ်ရန်လိုပါသည်။

၂။ (က) လူမှုရေးလုပ်ငန်း အထောက်အကူပြုတာဝန်ခံများ ရွေးချယ်ရာတွင် အဆင့်ဆင့်သော စည်းရုံးရေးကော်မတီဥက္ကဋ္ဌများက ဦးစီးလုပ်ဆောင်ရမည်။

ဥပမာ– ပြည်နယ်/တိုင်းနှင့် မြို့နယ်စည်းရုံးရေး ကော်မတီဥက္ကဋ္ဌများသည် လူမှုရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့ခေါင်းဆောင်များ အဖြစ် တာဝန်ယူကြရပါမည်။

(ခ) လူမှုရေးတာဝန်ခံအဖြစ် အဖွဲ့ချုပ်ဝင်များကိုသာမက အဖွဲ့ချုပ်အပေါ် လိုလားသူများကိုပါ ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ကြရမည်။

(ဂ) တာဝန်ခံ အနည်းဆုံး(၅)ဦးပါဝင်လျက် နောင် လူမှုရေးလုပ်ငန်းများ တိုးချဲ့လာသည်နှင့်အမျှ တာဝန်ခံဦးရေကို တိုးချဲ့နိုင်ပါသည်။

(ဃ) ၄င်းတာဝန်ခံထဲမှ အဖွဲ့ခေါင်းဆောင်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတာဝန်များကို သတ်မှတ်ပေးကြရပါမည်။

(င) ဖွဲ့စည်းပြီးသော ပြည်နယ်/တိုင်းနှင့် မြို့နယ်များတွင် ယခင် လူမှုအထောက်အကူပြုအဖွဲ့တွင်ပါဝင်သော ပုဂ္ဂိုလ်အားလုံးကို ပြန်လည်စိစစ်ပြီး ပါဝင်စေရန်နှင့် ဖြည့်စွက်ရန်ရှိပါက ဖြည့်စွက်ပေးကြရပါမည်။

(စ) ဗဟို ပြည်နယ်/တိုင်းနှင့် မြို့နယ်လူမှုအထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းပြီးက သက်ဆိုင်ရာအဆင့်ဆင့်သို့ အစီရင်ခံစာတင်ရန်နှင့် လူမှုအထောက်အကူပြုအဖွဲ့အားလုံးသည် ဗဟို လူမှုအထောက်အကူပြုအောက်တွင်သာရှိရန်။

၃။ ရည်ရွယ်ချက်။

အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရန်ရည်ရွယ်ပါသည်။

(က) မည်သည့်အကြောင်းကြောင့်ဖြစ်စေ ဥပဒေအရ အရေးယူခံနေရသော အဖွဲ့ချုပ်ဝင်များနှင့် အခြားသော နိုင်ငံရေးပါတီများ၏ မိသားစုများကို အစဉ်ထိတွေ့လျက် လူမှုရေးအရ ယိုင်းပင်းကူညီမှုများဆောင်ရွက်ရန်။

(ခ) ထိုမိသားစုများနှင့် ပုံမှန်ထိတွေ့လျက် အားပေးစကားပြောကြားခြင်း၊ ငွေကြေး၊ ဆေးဝါးထောက်ပံ့ခြင်းနှင့် ၄င်းတို့အား ပြန်လည်ထူထောင်မှုများ ပြုလုပ်နိုင်ရန်။

(ဂ) အဖမ်းခံ အကျဉ်းကျ ပုဂ္ဂိုလ်များအတွက် လိုအပ်သော ဥပဒေအထောက်အကူပြု ကိစ္စများ ညှိနှိုင်းဆောင်ရွက်နိုင်ရန်။

(ဃ) အဖွဲ့ချုပ်ဝင်များအနက် အထူးအခက်အခဲနှင့် ကြုံနေရသူများ၊ အခြေအနေများကို စုံစမ်းပြီး သင့်လျော်သလို ယိုင်းပင်းကူညီနိုင်ရန်။

၄။ လုပ်ထုံးလုပ်နည်း။

အောက်ပါအတိုင်း ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

(က) မိမိအဖွဲ့ချုပ်ဝင်တဦး ဥပဒေအရ အရေးယူခံနေရသည်ကို ကြားသိရသည်နှင့်တပြိုင်နက် ၄င်းမိသားစုထံသို့ (၂၄)နာရီအတွင်း သွားရောက်တွေ့ဆုံလျက် အကျိုးအကြောင်းများ မေးမြန်းစုံစမ်းရန်။

(ခ) ကြားသိရသည့်အချက်များကို ဗဟိုနှင့် ပြည်နယ်/တိုင်းများသို့ ဦးစားပေးတင်ပြရန်။

(ဂ) စေတနာရှင်များထံမှ ရံပုံငွေကောက်ခံရန်။

(ဃ) ထိုရံပုံငွေများကို စနစ်တကျ စာရင်းပြုစုထိန်းသိမ်းရန်၊ စာရင်းထိန်းသိမ်းရန် တာဝန်ခံများမှာ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ တာဝန်ခံဖြစ်ရပါမည်။

(င) ရံပုံငွေများကို သင့်လျော်သလိုစီမံ၍ ထိန်းသိမ်းခံမိသားစုများအား ထောက်ပံ့မှုပြုရန်၊ ငွေကြေးချို့တဲ့မှုမရှိသော အကျဉ်းကျမိသားစုများကို အထိမ်းအမှတ်ပစ္စည်းများ စီစဉ်ပေးပို့ရန်နှင့် တတ်နိုင်သလောက် လိုအပ်သော ပြန်လည်ထူထောင်ရေးကိစ္စရပ်များ ကူညီရန်။

(စ) ဥပဒေအရ ဆောင်ရွက်ရန်ရှိပါက သက်ဆိုင်ရာ ဥပဒေအထောက်အကူပြု တာဝန်ခံများနှင့် ဆက်သွယ်ညှိနှိုင်းပေးရန်။

(ဆ) တရားရုံးထုတ်ခြင်း၊ တရားရေးအရ ရင်ဆိုင်ရခြင်းကိစ္စများတွင် မိမိတို့ အဖွဲ့ချုပ်ဝင်များက အစဉ်အမြဲ အင်တိုက်အားတိုက်သွားရောက်ကြရန်၊ သို့သော် စည်းကမ်းတကျ ရှိမှုကို အစဉ်ထိန်းသိမ်းရန်။

(ဇ) ရံပုံငွေအခက်အခဲရှိပါက အကျဉ်းကျ မိသားစုများ၏ အခြားလူမှုရေးကိစ္စများနှင့် ကျန်းမာရေးကိစ္စများတွင် ပိုင်းဝန်းကူညီဆောင်ရွက်ရန်။

(စျ) ရံပုံငွေထောက်ပံ့ရာတွင် အခြားဒီမိုကရေစီပါတီများမှ ပုဂ္ဂိုလ်များကိုပါ တပြေးညီ ကူညီပံ့ပိုးရန်။

(ည) အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ၄င်းတို့ မိသားစုများ၏ သာရေး၊ နာရေး ကိစ္စများတွင် စည်းစည်းရုံးရုံး သိုက်သိုက်ဝန်းဝန်းဖြစ်စေရန်အတွက် အစီအစဉ်ဆောင်ရွက်ပေးရန်။

(ဋ) ဥပဒေအရ အရေးယူခြင်းခံရသူများ၊ ၄င်းတို့၏မိသားစုများနှင့်ပတ်သက်၍ အချင်းချင်း စိတ်ဝမ်းကွဲစေမည့် စကားများ၊ လုပ်ရပ်များ၊ ပြောဆိုလုပ်ကိုင်မှုများကို ရှောင်ရှားရန်။

(ဌ) အဆင့်ဆင့်သော လူမှုအထောက်အကူပြု တာဝန်ခံများ၏ ဆောင်ရွက်ချက်များကို ဗဟိုသို့ (၃)လတကြိမ် အစီရင်ခံစာများ ပေးပို့၍အသိပေးရန်။

ဗဟို လူမှုအထောက်အကူပြုအဖွဲ့

၁။	ဦးတင်ဦး	– ဥက္ကဋ္ဌ
၂။	ဦးအုန်းမြင့်	– ဒုဥက္ကဋ္ဌ
၃။	ဒေါ်စမ်းစမ်း	– အဖွဲ့ဝင်
၄။	ဒေါက်တာသန်းငြိမ်း	– ။
၅။	ဒေါ်လဲ့လဲ့	– ။
၆။	ဦးဝင်းထိန်	– ။
၇။	ဒေါ်ခင်အေး	– ။
၈။	ဦးအောင်သိန်း	– ။
၉။	ဒေါ်ကြည်ကြည်ဝင်း	– ။ (စမ်းချောင်း)
၁၀။	ဒေါ်ကြည်ကြည်ဝင်း	– ။ (ကြည့်မြင်တိုင်)
၁၁။	ဦးကျော့အောင်	– ။
၁၂။	ဦးတင်လှိုင်(အီဗား)	– ။
၁၃။	ဦးတိုးပို	– ။
၁၄။	ဦးခင်မောင်ဝင်း	– ။
၁၅။	ဦးစောလှိုင်	– ။
၁၆။	ဦးနိုင်းနိုင်း	– ။
၁၇။	ဦးကြိုလိုင်း	– ။
၁၈။	ဦးသိန်းဇံ	– ။
၁၉။	ဦးစိုးဝင်း	– ။
၂၀။	ဒေါ်ခင်သန်းလှ	– ။
၂၁။	ဦးလှသိန်း	– အတွင်းရေးမှူး
၂၂။	ဦးသိန်းဦး	– တွဲဘက်အတွင်းရေးမှူး

ဒေါ်အောင်ဆန်းစုကြည်
အထွေထွေအတွင်းရေးမှူး
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အသိပညာဆိုတာ အတွေ့အကြုံနဲ့ သတင်းအချက်အလက်နှစ်ခုပေါင်း ဖြစ်ရပါမယ်။ ဒုတိယကမ္ဘာစစ်တာ ပထမကမ္ဘာစစ်နဲ့ တူတဲ့နေရာမှာ တူသလို၊ ခြားနားတဲ့နေရာမှာ လည်း ခြားနားတယ်။

နိုင်ငံရေးသမားများနဲ့ စစ်ဗိုလ်ချုပ်ကြီး တွေအဖို့ တူညီတာတွေကိုသိဖို့ အတွေ့အကြုံလိုအပ်သလို၊ ကွဲပြားတာတွေကို မြင်နိုင်ဖို့ သတင်းအချက်အလက်တွေ လိုတယ်။

ဗျာနမင်း
အတွေးအမြင်စာစဉ် (၁၄၇) ၂၀၀၁။

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းဧဂျင်စီ

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

ဦးဖိုးကျား သတင်းစဉ် အမှတ် (၂၅)

ဦးဖိုးကျား
အမျိုးသားပညာဝန်

— — —
၂၀၀၁ ခုနှစ်၊
ဒီဇင်ဘာလ (၁၀) ရက်နေ့တွင်
ကျရောက်သည့် (၈၁)ကြိမ်မြောက်
အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အဖြစ်
အမျိုးသားပညာဝန် ဦးဖိုးကျား၏
၁၉၃၅ ခုနှစ်၊ ဇန်နဝါရီလထုတ်
တိုးတက်ရေးမဂ္ဂဇင်းပါ
"အမျိုးသားနေ့" ဆောင်းပါးကို
ကူးယူဖော်ပြအပ်ပါသည်။

အယ်ဒီတာအဖွဲ့

— — — — — — — — — —

လွန်ခဲ့သော တန်ဆောင်မုန်းလဆုတ် (၁၀)ရက်နေ့က (၁၄)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကျင်းပခဲ့ကြလေသည်။

ထိုနေ့ ဖြစ်ပေါ်လာရခြင်းအကြောင်း အကျဉ်းချုပ်ကို ပြပါအုံ့။

၁၂၈၂ ခု၊ တန်ဆောင်မုန်းလ(၁၉၂၀ ခု၊ ဒီဇင်ဘာလ) တွင် ကောလိပ်သိပ္ပံကျောင်းများ ဥပဒေသစ်ကို ပြည်သူ၊ ပြည်သားအလိုနှင့် ဆန့်ကျင်၍ အစိုးရက အတင်းအတည်ပြုလေသည်။ ထိုသို့ပြုခြင်းကို ကန့်ကွက်သည့်အနေနှင့် ကောလိပ်သိပ္ပံကျောင်း နှစ်ကျောင်းက ခေါင်းဆောင်၍ မြန်မာတပြည်လုံးရှိ အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်ကျောင်းများသို့ သပိတ်မှောက်၍ ထွက်ကြလေသည်။ ထို ထွက်သောနေ့ကား ၁၂၈၂ ခု၊ တန်ဆောင်မုန်းလဆုတ် (၁၀) ရက်၊ (၁၉၂၀ ခု၊ ဒီဇင်ဘာလ ၅ ရက်) တနလာနေ့ဖြစ်သည်။

ထိုသပိတ်မှောက်သော နှစ်လောက်မှာပင် နဝမမြောက် မြန်မာပြည်လုံးကျွတ် ကွန်ဖရင့်အစည်းအဝေးကြီးကို မန္တလေးမြို့၌ကျင်းပလေသည်။ ထိုအခါက ဂိုဏ်းဂဏကွဲပြားခြင်းမရှိ အညီညွတ်ဆုံး အချိန်အခါ ဖြစ်သည်။

ထိုအစည်းအဝေး၌ မြန်မာပြည်အတွက် အမျိုးသားအောင်ပွဲနေ့တနေ့ ရွေးကြရာ အကြံအမျိုးမျိုးပေးကြသည်။ အချို့ကသီပေါမင်းနန်းကျသောနေ့ စသည်ဖြင့် အမျိုးမျိုးအကြံပေးကြရာ ထိုကျောင်းသားများ သပိတ်မှောက်ထွက်လာသောနေ့သာလျှင် ထူးမြတ်မင်္ဂလာရှိသည်။ အောင်ပွဲနေ့အတွက် အသင့်လျော်ဆုံးဖြစ်သည်ဟု ဆုံးဖြတ်ကြလေသည်။

ဤနေ့ကိုရွေးမိသည်မှာ အလွန်အကွက်ကျသည်။ အမျိုးသားအောင်ပွဲနေ့ဟူသော အမည်ကို ခံလိုက်သည်။ အကြောင်းတို့ကို အောက်တွင် အကျဉ်းချုပ်၍ ပြလိုက်ပါသည်။

(၁) မြန်မာတို့သည် ငခွေး၊ ငခွား သစ်တုံးများ မဟုတ်ကြ။ ဇာတိမျိုးရိုးနှင့် လူဖြစ်ကြောင်း။ မဟုတ်မတရားလျှင် အလကားမခံဟူသော



၁၉၂၀ ပြည့်နှစ် သပိတ်မှောက်ပြီးနောက် ရန်ကုန်မြို့၊ ဗဟန်းတွင် ပထမဆုံး အမျိုးသားပညာရေး ထွန်းကားစဉ်က ကောင်စီဝင်များနှင့် ဆရာများ

မြန်မာ့ဟန်ကို ပြကြသောအချက်တည်း။ ကျွန်နင်းပြားစိတ်မှ သခင်မင်းသားစိတ်သို့ ပြန်လည်လာမှုတည်း။

(၂) မြန်မာတို့အိပ်မောကျ၍ ရေသာခိုပြီး သူတပါးအကြောင့်ကြကိုခံ၍ ပေါ်တောတော သွပ်တွတ်တွတ်နေနေကြရာမှ ဖြုန်းကနဲသတိရ၍ ထထကြွကြွဖြစ်ကာ ကိုယ့်ကိုယ်ကို အားကိုး၍ စွန့်စားသောအချက်ပင်တည်း။

(၃) ထိုကဲ့သို့စွန့်စား၍ သပိတ်မှောက်လိုက်ခြင်းကြောင့် ပညာရေးကိုအမှုးပြု၍ တိုင်းပြည်တိုးတက်ရေးအတွက် (၂၅)နှစ်၊ အနှစ်(၃၀) စာ တခါတည်း ခုန်ကျော်တိုးတက်သွား၏။

(၄) ထိုသပိတ်မှောက်ခြင်းကိုစွဲ၍ အမျိုးသားကျောင်းများပေါ်လာရာ ယခုအခါ အနှစ်(၅၀) ခန့်ရှိသည်။ ထိုကျောင်းတို့မှာ အမျိုးသားကလေးတို့ကို "လူ"ဖြစ်အောင် သင်ကြားပေးရာ ဗဟုဌာနဖြစ်၏။ အမျိုးသားစစ်သည်တော်ကလေးများ ထွက်ရာအရပ်ဖြစ်သည်။

(၅) ထိုကျောင်းတို့ကိုအုပ်ချုပ်ရန် အမျိုးသားပညာရေးအဖွဲ့ချုပ်တခုဖြစ်တည်လာရာ တိုင်းပြည်ပညာရေးအတွက် ပြုပြင်စီမံနိုင်သော တန်ခိုးအာဏာ အတော်အတန်ရလေပြီ။ နောင်ခေတ်ကောင်းသောအခါ မြန်မာပြည်ပညာရေးအလုံးစုံကို ကိုင်မည့်အဖွဲ့ဖြစ်၏။

(၆) ပညာသည် တိုင်းရေးပြည်ရေး၊ စီးပွားရေး၊ ဘာသာရေး၊ သာသနာရေး၊ အလုံးစုံတို့၏ အခြေခံစင်စစ်ဖြစ်၏။ သို့ကြောင့်လည်း ထိုသပိတ်မှောက်ရေးသည် တိုင်းပြည်၏ တိုးတက်ကြီးပွားရေး အခြေခံဖြစ်၏။

ထိုမျှအကျိုးကျေးဇူးရသည်မှာ အလကားထိုင်နေ၍ ရသည်မဟုတ်။ အနာများများခံ၍ အကျိုးများများရသည်ဟုမှတ်လေ။ အနာခံရပုံကိုယ်တွေ့တို့ကို ပြောပါဦးမည်။

သပိတ်မှောက်ရင်း လူ ကောလိပ်ကျောင်းသား(၅၀၀)ကျော် (၆၀၀)တို့မှာ အမျိုးသားတို့၏ အညွှန့်တက်လူများ ဖြစ်ကြ၏။ ခေတ်ရင်ထုကာငိုယိုကြသည်ကို ယခုတိုင်မြင်ယောင်သေးသည်။ အချို့သပိတ်မှောက်ကျောင်းသားတို့မှာ အရေးပိုင်၊ ဝန်ထောက်စသော အစိုးရအရာရှိတို့၏သားသမီးများဖြစ်ကြရာ အစိုးရက မိမိတို့နိုင်ငံ ၎င်းတို့၏မိဘတို့အပေါ်၌ ဖိနှိပ်လေသဖြင့် ၎င်းအရာရှိတို့က မိမိတို့ သားသမီးတို့ကို သေခန်းရှင်ခန်း ဖြတ်ကြရလေသည်။ ထိုသို့သော အားကိုးရာမဲ့ ကျောင်းသားကျောင်းသူတို့ကို သပိတ်မှောက်ကျောင်းသားများအဖွဲ့က တာဝန်ယူ၍ ကြည့်ရှုစောင့်ရှောက်ထားရ၏။

ကျွန်ုပ်မှတ်မိသေး၏။ ကျွန်ုပ်နှင့်တခန်းတည်းနေရသူ ကောလိပ်ကျောင်းသားတယောက်သည် ထိုနှစ်တွင် စာမေးပွဲကို မြေကြီးလက်ခတ်မလွဲ အောင်မည့်သူဖြစ်၏။ မအောင်ပဲနေပါရိုးလား။ တနှစ်လုံးလုံး နေ့ရောညဉ့်ပါ အလွန်အမင်း စာကျက်၏။ အဘယ်ကြောင့် ဤမျှကြိုးစားပါသနည်း။ အကြောင်းရှိပါသည်။ ထိုနှစ် ဘီအေစာမေးပွဲအောင်လျှင် မြန်မာအရေးပိုင်တဦးက မိမိ၏သမီးနှင့် ပေးစား၍ မြို့အုပ်အရာကို ကျောင်းထွက်ထွက်ချင်း ရနိုင်ရန် စီမံစေ့စပ်ထားသောကြောင့် ဖြစ်ပါ၏။

ဤသို့ ပြုံးတုံးတုံး၊ ဒူးတနန့်နန့်နှင့် ပျော်ရွှင်စွာနေထိုင်လျက်ရှိရာ ထို တုန်လှုပ်ကြောက်လန့်ဖွယ်ရာကောင်းသော သပိတ်မှောက်ကိစ္စကို ကျောင်းသားတို့ ဆုံးဖြတ်လိုက်ကြသောအခါ ထိုခမြာမျာ ချန်းချန်းချ၍ ငိုလေသည်။

ကျွန်ုပ်မှာလည်း ရယ်ချင်သလိုလို၊ သူနှင့် ရောၵ၍ငိုချင်သလိုလို မျှားစွာ စိတ်ချောက်ခြားခြင်း ဖြစ်ရ၏။ အသို့နည်း စာဖတ်သူမိတ်ဆွေ၊ မိတ်ဆွေလည်း ရယ်ချင်သလိုလိုရှိပေလိမ့်မည်။ ဟုတ်ပါသေးရိုးလား၊ သူ့နေရာက ဝင်ကြည့်စမ်း

ဦးအောင်ဒင်

ဦးအေး

သခင်မြ

ဦးဘဦး

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

ဆိုးကြီး သတင်းစဉ် အမှတ် (၂၅)

ဦးလူဖေဝင်း

ဦးဖိုးကွန်း

ဦးညီဝိတ်

ဦးထွန်းဖေ

ခြင်ထောင်အတွင်းခ္ဍ အိပ်လေ့ရှိကြရာ သပိတ်မှောက်လာကြသောအခါ ဗဟန်းရပ်ရှိဘုန်းကြီးကျောင်း ဇရပ်တန်ဆောင်းတို့၌ နေကြရကုန်၏။ အခင်းမှာကြမ်းသက်သက်၊ တချို့နေရာ၌ သစ်သားအခင်းမဟုတ်။ အင်္ဂတေဖြစ်၏။ နှီးကြောဖျာ၊ ဖျာကြမ်းများ၏။ သင်ဖြူးဖျာ အနည်းငယ်သာရှိ၏။ ခေါင်းအုံးမှာ အများအားဖြင့် ဝါးပိုးခေါင်းအုံး၊ သစ်သားခုံ၊ အုတ်ခဲတို့ဖြစ်ကြ၏။ အချို့ဇရပ်တန်ဆောင်းတို့မှာ အကာလုံခြုံစွာမရှိ၊ စောင်လည်းလုံလောက်စွာမရှိ။ အခါကလည်း ဆောင်းတွင်းဖြစ်၏။ ခြင်ကိုက်လည်း မသက်သာချေ။

အစားအသောက်ဖက်ကလည်း ကြည့်ပါဦး။ ကောလိပ်တွင် စားပွဲပေါ်၌အဝတ်ဖြူခင်းဇွန်းခက်ရင်းတို့နှင့် ဝက်သား၊ ကြက်သား စသောဟင်းကောင်းများနှင့် အခန့်သားစားရ၏။ ခိုင်းစရာဘွဲ့ငင်းနှင့်တကွ ဟန်ကြီးပန်ကြီး စားသောက်ကြရ၏။ ဗဟန်းတွင်သော်ကား ငံပြာရည်ချက်၊ ဇလပ်ရွက်တို့၌ ဗူးသီး၊ ခရမ်းသီး ရေလုံပြုတ်ဟင်းချိုတို့ကို အကောင်းဆုံးထား၍ စားကြရ၏။ သို့ရာတွင် ငတ်ကြ၊ ဆာကြသည်လည်းတကြောင်း၊ စွန့်စား၍ အဆင်းရဲခံရမည်ဟု စိတ်ထားရှိလေသဖြင့်တကြောင်း၊ တနည်းအားဖြင့် လူစုလူဝေးနှင့် ပျော်ပွဲစားထွက်ခြင်းတမျိုးဟု စိတ်ထားလေသဖြင့်တကြောင်း၊ အလွန် စား၍သောက်၍ကောင်းကြ၏။ ဒါတင်ကသေးရိုးလား။ ထိုအခါကလောက် တခါမျှမြန်ရည်ရှက်ရည် မစားရဘူးကြချေ။

စားရာသောက်ရာမှာ ပန်းကန်မပြည့်စုံ၍ သစ်ရွက်၊ စက္ကူတို့ကိုပင် ထမင်းထည့်၍ စားခဲ့ကြရ၏။

ပုံတပုံ ကြားရဘူးသည်ကား အင်းဝကောင်းစားစဉ်က ငလျင်ကြီးလှုပ်ရာ စစ်ကိုင်းဘက်က စေတီများစွာတို့ ပြိုပျက်ကျကြ၏။ ထိုအခါ အင်းဝဘက်ရှိ ရုပ်ထုတော်များလည်း မသက်သာချေ။ ထိုအင်းဝဘက်ရှိ ရုပ်ထုတော် နှစ်ဆူ စကားဆိုဟန်ကား ....

ပထမတဆူ။ ။ "ရှင်ပင် စစ်ကိုင်းဘက်က ပွတ်စူးဘုရားတွေပြိုလိုက်ကြတာ ဖြောကနဲ့ဖြောကနဲ့ နေတာဘဲ"

ဒုတိယတဆူ။ ။ "စစ်ကိုင်းဘက်က စေတီတွေတော့ ဟုတ်ပါပြီ။ ရှင်ပင်ကော ဘယ့်နှယ်နေသလဲ"

ပထမ။ ။ "အင်း ကျုပ်လဲ ရင်ထဲမှာ အောင့်သွားတာဘဲ"ဟုမိန့်ဆိုသော မူ၏။

အထက်ပါပုံအတိုင်း ကောလိပ်ကျောင်းသားကြီးတွေသာမဟုတ်၊ ကျောင်းသားငယ်ခမြာတို့မှာလည်း ရင်အောင့်ကြရ၏။ အကျွန်ုပ်အထူးမှတ်မိသည်ကား ကျွန်ုပ်ကြည့်ရသော ကျောင်းသားငယ် (၃၀)လောက်ရှိ၏။ ၎င်းတို့မှာ စောင်လုံလောက်စွာမရှိချေ။ ရှိသောစောင်အရေအတွက်နှင့် ကျောင်းသားအရေအတွက်ကို ဂဏန်းဖြင့်တွက်ကြည့်သော် တညလုံးမှာ တယောက်ကို (၄)နာရီ ခြုံခွင့်ရကြသည်။ သို့အားလျော်စွာ သူငယ်တို့ကို ည(၉)နာရီတွင် အိပ်စေ၍ ပထမတစုကို (၄)နာရီကြာအောင် ခြုံစေရ၏။ (၄)နာရီပြည့်လျှင် စောင်တို့ကို ခွါယူ၍ ဒုတိယတစုကိုခြုံပေးရ၏။ ဤသို့ လှည့်လည်၍ အစောင့်လူကြီးတို့က ခြုံပေးရပါသည်။

အစားအသောက်မှာလည်း ဆင်းရဲကြရရှာ၏။ သို့ပါသော်လည်း သူ့ခေတ်သူ့ကိန်းကြုံလာ၍လားမသိရ။ အလွန်စိတ်ပျော်ရွှင်ကြရ၏။ မိဘတို့ကခေါ်ငင်သည်ကို မလိုက်လို၍ ပန်း၍ပင် နေကြ၏။

ဆိုခဲ့သည့်အတိုင်း အနာခံ၍ အသာစံကြရခြင်းဖြစ်သည်။ ထိုသို့သပိတ်မှောက်၍(၂၀–၂၅) ရက်ခန့်ကြာသော် အစိုးရကလည်း ကျွန်ုပ်တို့ကျေနပ်လောက်အောင် ကောလိပ်သိပ္ပံဥပဒေပြင်ဆင်မပေးသဖြင့် ကျောင်းများသို့ မည်သည့်နည်းနှင့်မျှ ပြန်၍မဝင်ရန် ဆုံးဖြတ်လိုက်ကြပြီး ထိုထွက်လာသော ကျောင်းသားတို့နှင့်စု၍ အမျိုးသားကျောင်း တည်ထောင်ရလေသည်။

ထောင်စဉ် ကျောင်းပေါင်း(၉၃)၊ ကျောင်းသားပေါင်း(၂)သောင်းနီးပါးခန့်ရှိ၏။ နောက်(၃)နှစ်ရှိသောအခါ အစိုးရထံမှ အထောက်အပံ့မယူလိုဟုဆိုကာ၊ မယူသည့်အပြင် အုပ်ချုပ်နေသော အမျိုးသားပညာရေးအဖွဲ့ချုပ် လက်အောက်မှလည်း ထွက်သွားကြရာ ထိုထွက်သွားကြသောနှစ်၌ပင် ယုတ်လျော့ပျက်စီးသွားကြလေသည်။ ဝမ်းနည်းဖွယ်ပင်။

ကျန်သော(၅၀)က အထောက်အပံ့ယူသည်မှာ ယခုတိုင် တည်တံ့လျက်ရှိသေး၏။ ဤသို့ အမျိုးသားကျောင်းများ တည်ထောင်ရာ၌ အလှူငွေများစွာလိုသည်ဖြစ်ရာ ကျွန်ုပ်တို့သည် သူတောင်းစားအကြီးစားအလုပ်ကို အတန်ပင်လုပ်ခဲ့ရ၏။ အချို့သောသူတို့မှာ အမျိုးသားကျောင်းသားတို့ကိုငင်း၊ ဝံသာနုတို့ကိုငင်း၊ အလွန်မျက်မှန်းကျိုးကြ၏။ မှတ်မိသည်ကား –

တခါသော် မြစ်ဝကျွန်းပေါ်အရပ်ရှိ မြို့တမြို့ ၌၊ ၎င်းမြို့ရှိ အမျိုးသားကျောင်းအတွက် အလှူငွေခံရန် ရပ်ခံ၊ ကျောင်းကော်မတီအချို့နှင့်တကွ အတန်ဥစွာပြည့်စုံသော လူကြီးတဦးထံသို့ သွားကြ၏။

ရောက်ကြ၍ အကျိုးအကြောင်း ပြောပြ၍ အလှူငွေခံရာ ထိုလူကြီးသည် မျက်နှာခပ်တင်းတင်းထားကာ သူ၏မိန်းမဖက်သို့လှည့်၍ "ဟဲ့–မယ်ခင် ငွေတရာထည့်လိုက်" ကျွန်ုပ်တို့ ဖက်သို့လှည့်၍၊ "အဲဒါ အခုထည့်တာဟာ စေတနာသဒ္ဓါရှိလို့မဟုတ်ဘူး။ နားညည်းလို့ ထည့်တာ"ဟု မိန့်ဆိုလေသည်။

ထိုအခါ ကျွန်ုပ်တို့နှင့်ပါလာသော ရပ်ခံလူကြီးတဦးက ကျွန်ုပ်တို့ကိုအားနာ၍ စကားဖာသည့်အနေနှင့် "ဦးရယ် ဦးဆီက ဒီတရာလောက်မှန်းထားလို့ဖြင့် ကျွန်တော်တို့ မလာခဲ့ပါဘူး။ အနည်းဆုံး တထောင်တော့မှန်းထားပါတယ်။ ငွေမလွယ်သေးရင်လဲ ကတိထားရင်ပြီးတာပါဘဲ ဦးရဲ့"

"အောင်မယ်၊ မင်းကင့်ါကို ငွေမလွယ်ဘူးများထင်နေသလားကွယ်၊ ဟဲ့–မယ်ခင်၊ ဟိုသံသေတ္တာဖွင့်ပြလိုက်စမ်းကွယ်။ ငွေတွေ့ါဆီမှာ မင်းတို့ကိုတောင် ဖို့လောက်သေးထယ်။ စေတနာကိုမရှိလို့ မထည့်တာကွယ့်"ဟု ခပ်ရှင်းရှင်း ပြောလိုက်လေသည်။

ကျွန်ုပ်တို့မှာ ထိုငွေတရာလည်း မခါးဘူးဟူသောအနေဖြင့် ရှက်ရှက်နှင့် ယူခဲ့ရလေသတည်း။

တခါတွေ့ရပုံမှာလည်း အောက်ပါအတိုင်းဖြစ်၏။ မြို့ငယ်တခုတွင် ထိုသို့အမျိုးသားကျောင်းရံပုံငွေအလှူခံသွားရာ ကျွန်ုပ်တို့ရောက်သွားသော ဓနရှင်တဦးကား အသက်(၆၀) နီးပါးရှိ အဖိုးကြီးဖြစ်၏။ သို့ရာတွင် မယားငယ်ငယ်(၁၈)နှစ်ရွယ်ကို ယူထားလေရာ၎င်း မယားနှင့်တကွ အနီးအနားတဝိုက်က "အကို"ဟုခေါ်ကြ၏။ ထိုအဖိုးကြီး အနုကြိုက်နေကြောင်းကို ကျွန်ုပ်တို့မသိချေ။ ကျွန်ုပ်တို့လည်း လူကဲခတ်များစွာ လိုသွား၏။

"ဘယ့်နှယ့်လဲဘကြီး၊ မာတော်မူပါရဲ့လား" ဟု ဖြစ်လေသတည်း။

ထိုအခါ အနုကြိုက်အဖိုးကြီးသည် များစွာစိတ်ဆိုးသောလက္ခဏာဖြင့် "ငါ့ကို ဘကြီးခေါ်ရအောင် မင်းတို့ ဘယ်ကအကောင်တွေလဲ၊ တယ်လေ သွား–သွား ငါ့တိုက်ကိုမလာကြနဲ့" ဟု မောင်းနှင်၍ချသဖြင့် ကျွန်ုပ်တို့မှာ မရှုမလှ ဆင်းခဲ့ကြရဘူး၏။

ဤသို့အားဖြင့် ကျွန်ုပ်တို့မြန်မာနိုင်ငံအတွက် အမျိုးသားအောင်ပွဲနေ့ တနေ့ရပုံ၊ ထိုသို့ရနိုင်ရန် မည်မျှကြိုးစားခဲ့ကြရပုံတို့ကို သိမှတ်ကြရန် ဖြစ်ပါ၏။

အထက်ကဆိုခဲ့သည့်အတိုင်း ဤအမျိုးသားနေ့မှာ ဂိုဏ်းဂဏများမကွဲမီ အားလုံးကသဘောကိုက်ညီကြသောနေ့ဖြစ်သည့်အပြင်၊ အောင်ပွဲနေ့ခေါ်လောက်အောင် သင့်လျော်ထိုက်တန်အရေးကြီးလေသဖြင့် တနိုင်ငံလုံးကအသိအမှတ်ပြုကာ ရိုသေလေးမြတ်ထိုက်ပါသတည်း။ ■

(မူရင်းသတ်ပုံအတိုင်း ဖော်ပြထားပါသည်)

ဦးဖိုးလတ်

ဦးဘကျော်

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

ဧရာကြီး သတင်းစာ၌ အမှတ် (၂၅)

ယူနီဘာစိတီဘွဲ့ လေးချီးတော်ကြီး

(၁) "ဘို့ရင်းကောက်" အဖြစ်မှာ၊ မေတ္တာအထယ်မသေးသော်လဲ၊ 'မှိုင်း' တယောက်မစ္စတာ-ချစ်ရာမမယ်သေးနိုင်ဘု၊ သစ္စာတကယ်သွေးတွေဟဲ့လို့။ တွေးနဲ့နောင်ဘို့အလို့။ အိုကွယ့်! ခေတ္တရာနယ်တကြေးဆီက၊ မေးရဲ့ မောင်တို့ကို။

(၂) ညြော်ဝေးခရီးကပေမဲ့၊ အရေးကြီးလျှင်ဖြင့်၊ သွေးနီးရာပါစမြဲပေမို့၊ ဆရာလဲ့ကွာ၊ ပထမအရင်-ကနဦးဆီက၊ မြန်မာတခွင်မှာ-သမတရှင်ဘုရင် မလူးခင်ပ။ 'ထ' ဆင်ထူးကို၊ တမြည်မြည်သင်ခဲ့သမို့၊ 'ထီ' မထင်ကျောင်းတော်သားတွေရဲ့၊အမည်အစဉ်မှာ-ခေါင်းအပေါ်များတွင်မှ....မင်းရို့ ဆရာကိုစာရင်းတို့ကာထားလိုက်ကြပေတော့၊ ညြော်! ဘုရား, သိကြားတွေမ,လို့မို့၊ အများဝေနေယျတို့ဘို့ အရှေသမယ, ပဝေ, သရေခေတ်ဆီက၊ရှေ-ဒွေဖြစ်သူ 'ဆရာအောင်'ရဲ့ပြင်၊ မြန်မာဘောင် ပေါ်ကွဲ့တိုင်းတွင်မှ၊ သမိုင်းတစောင်သစ်ခဲ့တဲ့၊ အဇ္ဇဂေါနှာ၊ ဆရာရှင်မထီးတို့လိုပ၊ ဖြစ်ကြသောအခါ၊ တာအဝင်မှာ ပြီးစေဘို့၊ခရီးသယ်ရောက်ရာကြိုခဲ့တယ်၊ အမျိုးအတွက် သဒ္ဓါတရ ကိုယ်ပါနော်ကွယ်! မျိုးမျိုးမျက်မျက်၊ အကျိုးနက်စေဘို့၊ ထိုးရက်ပါကို။

(၃) အနှစ်တထောင်ရှေစွာ၊ နေစရာတမျိုးရယ်လို့၊ မဖြစ်ဖြစ်အောင် သေသေချာချာ ထိုးရပါတော့၊ ရှေးဒွေ အသပြာမိုးတွေနဲ့၊ သွန်းဖြိုးမြဟူစိုရ်။ အစ္စန်းတန်ခိုး ထိုးထိုရယ်နှင့်-ကရုဏာ, မေတ္တာပွါး၊ အိုကွယ်- လွမ်းမိုးတည်ညိုရယ်နှင့် သမုဒယ သစ္စာတရား။

(၄) 'မှိုင်း' ဟဲ့နော်၊ တိုင်းနယ်ပြေပေါ်မဖြင့်၊ ကသိုဏ်းနဲ့ဖြေဖျော်တဲ့၊ တဇေယော် အထိကရတဲ့ပါးပေပေါ့၊ ကဝေအကျော်,အမော်မှာ, တပည့်မတွေကလဲ မျှားချိန်မို့၊ အစိအငှသွားကာ၊ ဆန်ကိုခံကြတော့၊ ယမန်ဟိုပုဂ်၊ သရေခေတ္တရာတို့လို့၊ ရှေတွေ, ဒွေတွေဖြစ်လျှင်ဖြင့်၊ အရှေချစ်ကွယ်၊ သဒ္ဓါပေါက်သူက၊ ပြည်ခေတ်အနယ်နယ်၊ နဂရတလျှောက်မှာလ....အမယ်မင်း၊ နောက်တသိုက်-ဇမ္ဗူဒီ မြန်မာသားတွေမဖြင့်....ညြော်အမြှောက်ကြိုက်ကြိုက်ပြီး၊ အချောက်တိုက်နဲ့-လူမည်၊ ပါလျှင်ဖြင့်, မှားကြလိမ့်မထင့်....အို ဘေဒါရီရဲ့၊ မြှောက်လိုက်မကွဲ့.... မောက်လိုက်မဟဲ့လို့....ဆောက်လိုက်မဲ့ ယူနီဘာစိတီတွေအမျှား။ ။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း



မေ့ဇန်

သမိုင်းခေတ်အဆက်ဆက်
ဒဏ်ရာရနေတဲ့ နိုင်ငံတော်ဟာ
တော်လှန်ရေးရဲ့ သမီးအပျိုမ
လိုအပ်ချက်အရ မွေးလိုက်တယ်
အဲဒါ ... ...
ငါတို့ရဲ့ အမေ ဖြစ်တယ်။

အမေဟာ
ပန်းတပွင့်
ကန္တာရမှာ ပူးပွင့်ခဲ့။

အမေဟာ
ဖြစ်တစင်း
နောက်ပြန်မလှည့်ဘဲ စီးဆင်းခဲ့။

အမေဟာ
ဓါးတလက်
အဖိနှိပ်ခံဘက်က ရပ်ခဲ့သူ။

အမေ့ရဲ့ ဆယ့်သုံးနှစ်
တကယ်ချစ်တတ်တဲ့သူတွေသာ
အကြွင်းမဲ့ပေးဆပ်နေကြချိန် ...
အိမ်အလွမ်း သစ်ရွက်သေများ
သွေးပျက် စွန်ဆွာသွားခဲ့ကြ။

လှပတဲ့ မာယာ
စံနှန်းပျက် အဘိဓမ္မာတို့ရဲ့
ချေဖျက်မှု လောကဓံကိုလည်း
ခုခံ ဖြစ်တည်လာခဲ့ရ။

အမေ့ ဘဝရဲ့
ဖြတ်သန်းမှု နေ့စဉ်မှတ်တမ်းထဲ
ချစ်သူစစ်စစ်တွေရဲ့ အနာဂတ်
တနေ့မှာ ...
သတ်မှတ် မွေးဖွားလာလိမ့်မယ်။
။

(၀၁ ၊ ၁၁ ၊ ၀၁။ မကဒတ ... သို့)

ကမာပုလဲ
ကျောင်းသားတပ်မတော်
အမှတ်(၈)တပ်ရင်း

ဒီမိုကရေစီကြိုးပမ်းမှုကာလမှာကတော့ နှစ်ပိုင်းရှိတာပေါ့။ ဒီမိုကရေစီကိုလိုလားတဲ့ သူတွေရဲ့အပိုင်းနဲ့ ဒီမိုကရေစီကို မလိုလားတဲ့သူတွေ အပိုင်း။ အဲဒီတော့ ဒီမိုကရေစီကိုလိုလားတဲ့သူတွေကတော့ ကိုယ်ယုံကြည်တဲ့စနစ်ကို ဖြစ်ပေါ်အောင်လို့ ကိုယ်ကိုယ်တိုင်လည်း ဒီစနစ်ရဲ့မူတွေအတိုင်းနေရမှာပေါ့။ ကိုယ့်အချင်းချင်း ဒီမိုကရေစီအမြင်တွေနဲ့ ဆက်ဆံရမှာပေါ့။ ဒီမိုကရေစီကို မလိုလားတဲ့သူတွေကတော့ အားလုံးကို ကောင်းကောင်းချိုးဖောက်နေတာပဲ။

အာဏာရှင်စနစ်ဆိုကတည်းက အာဏာရှင်ဆိုတာ ကောင်းမှမကောင်းပဲ။ အာဏာရှင်ဆိုတာက အများရဲ့ဆန္ဒမပါဘဲနဲ့ ကိုယ့်အင်အား၊ အများသဖြင့်တော့ မတရားတဲ့ လက်နက်အင်အားသုံးပြီးတော့ စိုးမိုးနေတာ။ ဒါ အာဏာရှင်စနစ်ပဲ။ အဲဒီတော့ အဲဒီလိုလုပ်နေတဲ့သူတွေကတော့ သူတို့လုပ်ချင်တာ လျှောက်လုပ်မှာပဲ။ အာဏာတည်မြဲရင် ပြီးရောဆိုပြီးတော့ လုပ်ကြမှာပဲ။

ဒီဟာကို ကျမတို့က မကောင်းမှန်းသိတယ်။ မလိုလားအပ်မှန်းလည်းသိတယ်။ ဒါကြောင့်မို့လို့ ကျမတို့က ဒီမိုကရေစီစနစ်ကိုသာလျှင် ထွန်းကားအောင်လုပ်မယ်။ အာဏာရှင်စနစ်ကို ကျမတို့ အတိုက်အခံလုပ်တယ်ဆိုတာဟာ အာဏာရှင်လုပ်နေတဲ့သူတွေကို ပုဂ္ဂိုလ်ရေးအရ ကျမတို့ မကြိုက်လို့မှမဟုတ်ဘဲ။ ဒါ ကျမတို့ ပုဂ္ဂိုလ်ရေးစိတ်ဓာတ်နဲ့ လုပ်နေတာမှမဟုတ်ဘဲ။ ဒီလို သူတို့ရဲ့ လုပ်ပုံလုပ်နည်းတွေကို ကျမတို့မကြိုက်လို့ ... ဟုတ်လား။

ဒီလို အဂတိတရားလိုက်စားတာတွေ၊ နောက်ပြီးတော့ ပြည်သူလူထုအပေါ်မှာ မှန်မှန်ကန်ကန် မဆက်ဆံတာတွေ၊ အချင်းချင်းအပေါ်မှာ မှန်မှန်ကန်ကန် မဆက်ဆံတာတွေ၊ ဒါတွေ မကြိုက်လို့ ကျမတို့ အတိုက်အခံလုပ်နေတာပဲ။ အဲဒါလည်း ကျမတို့ သိပ် ထူးထူးထွေထွေ ပြောဖို့လိုမယ်မထင်ဘူး။ ■

ဒေါ်အောင်ဆန်းစုကြည်
၁၂၊ ၇၊ ၁၉၉၉။